
www.burmeseclassic.com

# မောင်ဝဏ္ဏ
# ချစ်သလား



www.burmeseclassic.com

www.burmeseclassic.com

နှိုင်အောင်ပွားစာပေ၏ ၄ နှစ်မြောက် အထူးအစီအစဉ်

မောင်ဝဏ္ဏ

၏

အချစ်ဝတ္ထု

# ချစ်သလား

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ

မင်းညွှန့်အောင် (သတ္တဗေဒ)

ကူညီသူ

- ကိုဖြိုးမြမ်းချမ်းနှင့်အဖွဲ့
- ကိုမောင်မောင်
- ကိုစိုးမြင့်
- ကိုအောင်မြင့်
- ကျော်မြင့်ကြွယ်

www.burmeseclassic.com

www.burmeseclassic.com

# မောင်ဝဏ္ဏ၏ ချစ်သလား

မျက်နှာဖုံးပန်းချီ - အောင်မြင့်ဦး

စာရံပန်းချီ - ရဲထိ

မျက်နှာဖုံး-စာရံ ခွင့်ပြုချက် (၃၃)

အဖုံးရိုက် - နိုင်ဇော်ဝင်း

စာမူခွင့်ပြုချက် (၅၀၈)

အတွင်းရိုက်။ ဦးမောင်ကလေး
(မြ-၀၁၇၂၁)
သောကြာပုံနှိပ်တိုက်၊
အမှတ်-၁၅၊ ဩဘာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ။ ။မောင်ဝဏ္ဏ
(မြ-၀၁၀၇၂)
အဖြူရောင်စာပေ
၉၇-ဝင်ဒါမီယာလမ်း၊
ဗဟန်း၊ ရန်ကုန်။

ပထမ အကြိမ်

အုပ်ရေ — ၂၀၀၀
၁၉၈၆ — မတ်လ
တန်ဖိုး — ၂၂ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

**ဖြန့်ချိရေး**

နိုင်အောင်ပွား စာပေ
၃၇–သီတာလမ်း၊ကျောက်မြောင်း၊
တာမွေစာတိုက်၊
ရန်ကုန်။
ဖုန်း–၅၁၆၃၅

နိုင်အောင်ပွားစာပေနှင့် ပတ်သက်၍
၃၇–သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေစာတိုက်၊
ဖုန်း–၅၁၆၃၅ နှင့်သာ
တိုက်ရိုက် ဆက်သွယ်ပါရန်
မေတ္တာရပ်ခံရပါသည်။
(ကိုယ်တိုင်၊ လူကြုံ၊ စာ၊ ဖုန်း၊ ကြေးနန်း)
အခြား မည်သည့် နေရာနှင့်မျှ
မဆက်သွယ်မိရန်
အထူး သတိပေး ပန်ကြားအပ်ပါသည်။

**နိုင်အောင်ပွား စာပေ**

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ချစ်သလား ? နှင့် ပတ်သက်၍

မောင်ဝဏ္ဏ၏ အမှတ်တရ

စကားစု

မလုပ်ချင်လို့ ကြည့်နေတာ

အားလုံးကို ကျေးဇူးတင်ရှိပါသည်

www.burmeseclassic.com

www.burmeseclassic.com

ညိုသူ ပျော်၏။

ကရဝိက်တွင် ကြီးကြီးကျယ်ကျယ် လက်ထပ်ရ၍ ဖြစ်သည်။ …ယ်တော့မှ ဤသို့ မင်္ဂလာဆောင်ရမည် မဟုတ်ဟု ထင်ခဲ့သည်။

အိပ်မက်များ မက်ခဲနေသလား၊ မှန်ထဲမှာ မြင်ရတဲ့ သူ့ရုပ်က …ာ်တော်ကြီးကို လှနေသည်။ ဖန်ဆင်းထားတဲ့ နတ်သမီး …ယောက်လို အလှမျိုး။

တက်ရောက်လာတဲ့ ဧည့်သည်တော်တွေကလည်း ညိုသူ့အလှကို ချီးကျူးတယ်။ "ပြစ်မျိုးမှုမထင်"တဲ့။

www.burmeseclassic.com



"ဘယ်ပန်းချီရေးလို့ မမှီ" ကဗျာဆန်ဆန် ချီးကျူးပုံမှအစ "ရေရေလည်လည်လှတယ်ကွာ" အဆုံးထိ မကြားတကြား၊ တီးတိုးသံကို ကြားနေရတယ်။

မိန်းကလေးဆိုတော့မိန်းကလေးလို သဘောကျမိ တာပေါ့။

နောက်ပြီး ရှိသေးသည်။

ညိုသူက မထင်မရှား၊ ဆင်းရဲသား။

နိုင်ငံကျော် အဆိုတော်၊ ရုပ်ရှင်မင်းသား၊ စာရေးဆရာ ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆုံဖို့ဆိုတာ လုံးဝအိပ်မက်မမက်ဘူး။

သူတို့အားလုံးက 'ခုလို သိရတာ ဝမ်းသာပါတယ်'လို့ လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြတော့ အတိုင်းမသိ ပီတိ ဖြစ်ရသည်။

BURMESE CLASSIC

ပရိသတ်အများရဲ့ ဖော်ရွေတဲ့ အပြုံးကို ရယူနိုင်ဖို့ဆိုတာ လွယ်တာ မှတ်လို့၊ ညိုသူအတွက် အပြုံးတွေ လှိုင်လှိုင် ရတဲ့နေ့။

ပျော်ရမည်။

စိုးဦးကတော့ မပျော်ဘူး မဟုတ်၊ ပျော်တော့ ပျော်သည်။

ညိုသူလောက် လှုပ်လှုပ်ရှားရှား မဖြစ်။

ခပ်တည်တည်ပင်။



ခံစားချက်ကို အတိုင်း အတာ တခုနှင့် ခြံခတ်၍ ပျော်သည်။

လိမ္မာရေးခြားရှိ၍ သွက်လက်ဖျတ်လတ်သော ညိုသူအား ငိုင်ဆိုင်ရ၍ ဝမ်းသာမိသည်။

စိုးရိမ်တာတခုတော့ ရှိ၏။

ညိုသူသည် ငယ်ရွယ်သူ အလှအပ မက်မောခြင်း၊ အပြောင်းအလဲ မြန်၏။

ဖယောင်းလိုဆိုလျှင်တော့ ပုံသွင်းယူ၍ ရကောင်းရမည်။

ယခုပင် ကြည့်လေ၊ သာမန်ရိုးရိုး အရုပ်သူလေးကို ပုံသွင်းသားရာ စိုးဦး အနုပညာ အသိုင်းအဝိုင်းက ချီကျူးမဆုံး။

ကင်မရာမင်းများဆိုလျှင် မဂ်လာပွဲ အမှတ်တရထက် ညိုသူ၏ လှုပ်ရှားမှု၊ အလှအပကို ဦးစားပေး ရိုက်နေကြောင်း စိုးဦး သတိထားမိသည်။

ညိုသူသည် ဓာတ်ပုံရိုက်ခံခြင်း အတွေ့အကြုံ မရှိသော်လည်း ရိုးသားစွာ ဝမ်းသာမှု အစဉ်အမြဲ ထင်ဟပ်နေ၍ ကင်မရာမင်း စိတ်ကြိုက်ဖြစ်၏။

စိုးဦး စိတ်ကြိုက်တော့ မဖြစ်သေး။

ချိန်မှာ အရာအားလုံး အလိုလိုက်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ....

ညိုသူ နည်းနည်းတော့ ကသိကအောက် ဖြစ်ရသည်။

တချို့ ဧည့်သည်များကြောင့် ဖြစ်၏။

အိတ်ထဲ မှန့်လည့်သွားတာတို့၊ အတင်းအဖျင်း ပြောတာတို့၊ ကဲ့ရဲ့တာတို့ကြောင့် ဖြစ်သည်။

အပြင်မှာသာဆုံ ညိုသူ ပက်ကနဲ ပြန်ပြောလိုက်မည်။

ဧည့်ခံပွဲ ကျင်းပနေတဲ့ အချိန်မို့ မနည်း သည်းခံနေရ၏။

သည်းမခံနိုင်တာက တီးတိုးစကား။

သေချာ ပြန် စဉ်းစားကြည့်ယင် ကြားရတဲ့ စကားဟာ အစ်ပွဲ့ယ်တခုခုကို ရည်ရွယ်ပြောနေတာ မှန်းလို့ရသည်။

ဧည့်သည်တယောက် ဝင်လာတာနဲ့ ပထမ ညိုသူနှင့် စိုးဦးကို ပြန်ကြည့်၏။

'ဟဲဟဲ....ဝမ်းသာတယ်ဗျာ'

ပြီးတော့ ညိုသူကို အကြည့်စူးနှင့် ဖြတ်ကနဲ ဝင့်ကြည့်၏။

ထိုအကြည့် စိုးဦးဆီမှာ အဆုံးသတ်၏။

'ကိုစိုးဦးကို ခုလို မြင်တွေ့ရတာ ဝမ်းသာတယ်ဗျာ'

ဧည့်သည် အများစု ပြောစကား။



ခုလို မြင်တွေ့ရတာဆိုတော့ ဒီအရင်က ဘယ်လိုမြင်တွေ့နေကြသလဲ။

ဆိုးနေသလား၊ တေနေသလား။

ဒီကိစ္စတွေကို ထားတော့၊ ယောကျ်ားဆိုတာ ယုံသင့်သလောက်တော့ ယုံမပေါ့။ မလွန်ယင် ပြီးရော။

ပွေနေသလား။

ဘာပွေသလဲ။

မိန်းမ ပွေသလား။

ဒါလဲ သိပ်တော့ မဆန်း။

ညိုသူတို့လို မိန်းကလေးတွေအဖို့တော့ 'ရည်းစားတထောင် ဆင်ကောင်တယောက်' ဆိုထားသေးတာပဲ။

အိမ်ထောင်ကျပြီးသား မဟုတ်ဖို့ပဲ အရေးကြီး၏။

အိမ်ထောင်ပြုခြင်းသည် ဘဝ၏အရေးကြီးဆုံးသော အလုပ်အခု။

အရေးကြီးသော အလုပ်ဖြစ်၍ အမှားအယွင်းကင်းအောင် လုပ်ရမည်။

အထူးသဖြင့် မိန်းကလေးတွေအဖို့ ပို၍ သတိထားရမည်။

www.burmeseclassic.com

www.burmeseclassic.com



ညီသူသည် အတွေးဖြန့်ကြက်ထားရာမှ ပြန်လည် စုစည်းလိုက်၏။

ညှော်ခံပွဲတွင် တခုလိုနေ၏။

အချစ်ဆုံးသူငယ်ချင်း 'ယုယု'အား မတွေ့ရခြင်း ဖြစ်သည်။

သည့်မတိုင်မီ တပတ်အလိုက တွေ့ကြသေး၏။

ညီသူ ပြောပြသည့် မင်္ဂလာ အစီအစဉ်များကို နားထောင်၍ ဝမ်းသာနေသေးသည်။

ရုံဖန်ရုံခါ ဝင်၍ပင် အကြံဉာဏ်ပေး၏။

'မင်း လာဖြစ်အောင် လာရမယ်နော်၊ သတို့သမီး အရန်လုပ်ရမယ်'

ဘာမှပြန်မပြောပဲ 'အဟင်းဟင်း'နှင့် ရယ်ကျဲကျဲ လုပ်နေသည်။

'သတို့သမီးအရန်ဆိုတာ ရုပ်ချောရမယ်၊ မိဘအစုံအလင်ရှိရမယ်၊ ဥစ္စာပေါယင် ပိုကောင်းတာပေါ့၊ ဒီအချက် သုံးချက်ထဲမှာ ယုယုနဲ့ တချက်မှမကိုက်ဘူး၊ ဒါပေမယ့် ကိုယ့်သူငယ်ချင်းပဲကွာ၊ အထူးညှော်သည်တော်အနေနဲ့ တက်ရမှာပေါ့'

သေသေချာချာ ပြောထားသည်။

ရင်းနှီးတဲ့ လူတွေပဲ ဖိတ်စာမပေးလည်း ရတာပဲဆိုသည့် သဘော ညီသူ မလုပ်။



ဖိတ်စာတစောင် သီးသန့်ပေးခဲ့၏။

သူများတွေလို နှစ်ဦးတွဲ သုံးဦးတွဲ တွဲဖိတ်ခြင်းမျိုးပင် မဟုတ်။

မှတ်မှတ်ရရ ဖိတ်ခဲ့ခြင်း ဖြစ်၏။

အချိန်ကုန်ပြီ။

မျှော်မနေတော့။

ညီသူ ယုယုအား နားလည်လိုက်သည်။

မလာနိုင်ခြင်းအတွက် စိတ်မဆိုး၊ ဘဝင်မကျခြင်း အနည်းငယ် ဖြစ်မိ၏။

ဒါပေမယ့် ခွင့်လွှတ်လိုပါသည်။

ညှော်ခံပွဲ အချိန်မီ မလာနိုင်တာကိုတော့ ခွင့်လွှတ်ကွာ။

အိပ်ရာခမ်းနားပြင်ဆင်ထားတဲ့ အိမ်မှာ ယုယုရောက်လာ၏။

သူငယ်ချင်းများက စိုးဦးအား ဂျစ်တိုက်နေကြသည်။

မလွဲမသွေ သူတို့ စိုးဦးအား အရက်တိုက်မည်။

အချိန်ဆွဲထားမည်။

သည်အတွက် သူတို့ ပျော်ကြမည်။

ဒါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး မိတ်ဆွေများသည် နေရမည့် အိမ်အတွင်းတွင် ပစ္စည်းများကို ဟိုထား၊ ဒီထား၊ ဟိုရွှေ့၊ ဒီရွှေ့နှင့် ရယ်စရာ တွေ့နေကြသည်။

'ကိုယ်ဘာလုပ်ပေးရဦး မလဲ သူ'

'ဘာမှ လုပ်ပေးစရာ မလိုဘူး သူငယ်ချင်း မင်း မျက်နှာ မြင်ရယင် ကိုယ်ကျေနပ်ပြီ၊ ကိုယ်ကျွေးတဲ့ မုန့်တွေ အကုန်စားရမယ် နော်'

'မျက်နှာတော့ မမြင်ပါရစေနဲ့ကွာ၊ ကိုယ့်မှာ ကလေးတွေ တွဲလောင်းနဲ့ ဖြစ်နေပါဦးမယ်' ရယ်ကြ၏။

ညိုသူကိုယ်တိုင်ပင် လက်ဖက်ရည်နှင့်မုန့်ချပေးသည်။

အမျိုးသား သူငယ်ချင်းများနှင့် တဟဲဟဲ၊ ပွဲကျနေသော စိုးဦးအား ညိုသူခေါ်လာပြီး မိတ်ဆက်ပေး၏။

အတန်အသင့် ပဋိသန္ထာရ စကားပြောဆိုပြီး စိုး ဦး ပြန်သွား၏။

'မယုယု ကျွန်တော့်ကို ခွင့်ပြုဦးနော်၊ သူငယ်ချင်း တွေ ဂျိကျနေလို့၊ ဒီမှာ သူနဲ့စကားပြောနေကြဦး'

ယုယု ခေါင်းညိတ်ပြလိုက်သည်။

ယုယုနှင့် အကျွမ်းမဝင်သော ဝန်းကျင်မို့ ခပ်စိမ်းစိမ်းပင်



အိမ်၏အခမ်းအနား၊ အပြင်အဆင်ကိုကြည့်၍ ကျေနပ်၏။

လက်ဖွဲ့ပစ္စည်းများကိုကြည့်ပြီး ဝမ်းသာသည်။ မြင်မြင်သမျှ ညိုသူ့အတွက် ဝမ်းသာစရာပါပဲ။

'သူငယ်ချင်း၊ ပျင်းနေလား၊ စကားလေး ဘာလေး ပြောပါဦး'

'မပျင်းပါဘူး၊ ထွေထွေထူးထူး ပြောစရာမရှိလို့ငြိမ်နေတာ'

'ဒီလိုတော့ စကားကို ဖြတ်မပစ်နဲ့ကွာ၊ ယုအကြောင်း သူ အသိဆုံးပါ။ ယုဟာ.... ဘယ်အကြောင်းအရာ မဆို အချက်အလက်ပြည့်ပြည့်စုံစုံနဲ့ အကြံဉာဏ်ပေးတတ်တယ်၊ ဝေဖန်တတ်တယ်၊ ကိုယ်တို့ လက်ထပ်ပွဲကိုလည်း မြင်သမျှ တွေ့သမျှလေးတွေကိုပြောကွာ၊ ကိုယ်တို့ ပျော်ကြရတာပေါ့'

ညိုသူ သည် ဝမ်းသာအယ်လဲ ဖြစ် နေ သလောက်၊ ယုယု သယောက် မထုံတက်တေး။

ယုယုသည် စကားမပြောရန် ဆုံးဖြတ်လိုက်၏။

စကားသည် ကားရျှသွားသောအဓိပ္ပာယ်ရှိ၏။ အမှားပါနိုင်သည်။ ဤအတွက် စိတ်မကောင်း မဖြစ်စေလို။

စကားမပြောသော ယုယုအား ညိုသူမကျေနပ်၊ အကြောင်းစီစွ အနည်းငယ်တော့ ရှိရမည်။ ထိုသို့သောအခါတိုင်း ယုယုသည် ယခုကဲ့သို့ တွေးတွေးဆဆ နေတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ညိုသူ စီကာစဉ်ကာ စဉ်းစားမိသည်။ မင်္ဂလာဆောင်မည် ပြောစဉ်က ညှိုးနေသော ယုယု မျက်နှာ၊ လက်ထပ်ပွဲမလာနိုင်သော ယုယု အခြေအနေ။

နောက်ကျပြီးမှ ရောက်လာသော ယုယု။

ယုယုတွင် အခက်အခဲ တခုခု ရှိနေမည်။

'ယုယု နေကောင်းလား'

မဆီမဆိုင် မေးလိုက်သော မေးခွန်းကို ယုယု လန့်သွား၏။

'ဘာဖြစ်လို့လဲ ကောင်းပါတယ်'

'ယုကြည့်ရတာ တမျိုးဖြစ်နေတယ်'

'ကိုယ် ဘာမှမဖြစ်ပါဘူး သူငယ်ချင်းရာ၊ နေလဲကောင်းပါတယ်၊ သူ့အတွက် စိတ်မကောင်းဖြစ်နေတာတခုပဲ'

ပြောယင်း မိမိစကား အသုံးမှားသွားမှန်း သိလိုက်သည်။

'သူ့အတွက် စိတ်မကောင်းဖြစ်နေတယ် ဟုတ်လား၊ ဘာအတွက် စိတ်မကောင်းရတာလဲ ဟင်'

ထင်သည့်အတိုင်းပင်။ ယုယု အပြေးအလွှားစဉ်းစားရသည်။

အချိန်မီ ကာကွယ်ရမည်။ နို့မို့ဆိုမလွယ်။

'ဒီလိုလေ သူရယ်၊ လက်ထပ်မင်္ဂလာပွဲမှာ အချိန်မီ ကိုယ် ရောက်မလာနိုင်လို့ သူ့အတွက် စိတ်မကောင်းဖြစ်တယ်လို့ ပြောတာ'



ယုယု၏ စကားပြောသံ နှင့် ဟန်၊ စကားလုံး အဓိပ္ပာယ်နှင့် မျက်လုံးအကြည့်၊ အားလုံးကို ညိုသူ စူးစိုက်ကြည့်နေမိ၏။

မရိုးသားမှုတခု တွေ့လိုက်ရသည်။

မလုံမလဲဖုံးကွယ်ပြီး ပိရိဟန်နှင့် ပြန်ကြည့်သော 'ပြန်ကြည့်'။

ထိုအကြည့်မျိုးသည် တခုခုကို ဖုံး ကွယ် ရန် ကြိုးစားခြင်း ဖြစ်သည်ဟု ညိုသူ သဘောပေါက်သည်။

ညိုသူ စိတ်ဝင်စားရတော့မည်။ ယုယု အမှတ်တမဲ့ ပြောလိုက်သော စကားသည် ဧည့်သည်များပြောသည့် 'ကိုစိုးဦးကို၊ ခုလို တွေ့ရတာ ဝမ်းသာတယ်ဗျာ' ဆိုသည့်စကားနှင့် ပတ်သက်လိမ့် [illegible] ထင်၏။

'သူငယ်ချင်း ယု၊ သူ့ အတွက် ဝမ်းမသာဘူးလား'

'ဟာ ဘယ်လိုမေးလိုက်တာလဲ၊ အတိုင်းမသိ ဝမ်းသာတာပါ တကယ်'

ယုယုသည် ရှင်ရှင်မြူးမြူး ပြောလိုက်သည်။ သို့ရာတွင်

'ဒီစကားကို ယု ဟန်လုပ်ပြောနေမှန်း သိတယ်ကွာ၊ သူ့အပေါ်ကို ဘယ်တုန်းကမှ ဟန်မဆောင်ခဲ့တဲ့ ယု၊ ဝမ်းနည်းတယ်ကွာ'

ညိုသူ တကယ်ပင် ထိခိုက်သွားဟန်ရှိသည်။ ယုယု သက်ပြင်းတချက် မှုတ်ထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မှုဆိုတာ မှားတယ်ဆိုပြီး ပြန်ပြင်လို့ မရတဲ့ကိစ္စ။ မိမိစကားတခွန်းကြောင့် သူတို့လင်မယားအကြား ပဋိပက္ခ ဖြစ်နိုင်သည်။

ခုမဖြစ်လျှင်လည်း ညိုသူ သိသည့်နေ့ ဖြစ်နိုင်၏။ ထိုအခါမှ ပိုဆိုးနိုင်သည်။ အခုရှုပ်မှနောင်ရှင်း။

စောစောသိထားလျှင် ခွင့်လွှတ်တန်လျှင် ခွင့်လွှတ်၍ရသည်။ အိမ်ထောင်ရေး အဆင်ပြေနိုင်သည်။

ဤသဘောပိုက်၍ ယုယု ပြောမည်ဟု။

'ပြောရခက်တယ် သူရယ်၊ ကိုယ်ပြောတဲ့စကားက မင်းတို့အတွက် အဆင်မပြေဖြစ်မှာ အမှန်ပဲ။ ဒီတော့ ယု တ ရား ခံ ဖြစ်မယ်။ မပြောသင့်ဘူးလို့ ထင်တယ်၊ ဒါပေမယ့် တ နေ့ နေ့ သိလာတော့ သူ စိတ်ခုတ်ကို ယု သိတယ်လေ၊ ကွဲကြပြဲကြမယ်။ မဖြစ်သင့်တာ မဖြစ်စေချင်ဘူး။ ယု တို့က မိန်းကလေး မဟုတ်လား'

'ယု ဘာပြောချင်တာလဲ၊ သူ ကတိပေးတယ်ကွာ၊ စိတ်လိုက်မာန်ပါ မလုပ်ဖူးလို့'

ပြောမယ့်ဟာ မြန်မြန်ပြော။

'ဒီလိုလေကွာ'

ပြောမည်ဟု အားခဲသော်လည်း ပြော မ ထွက် ဖြစ်နေပြန်သည်။



မျက်စိမှိတ်၍ ပြောလိုက်သည်။

'ကိုစိုးဦးမှာ မယားကြီး ရှိတယ်။ သီတာမောင် တဲ့'

'ဘာ'

'မင်္ဂလာဆောင်ပြီး အမျိုးသမီးဆိုတာ ပေါက်သွားတဲ့ဖက်ဆိုတာ မမေ့နဲ့၊ ပေါက်နေတဲ့ဖက်ဟာ ဘယ်တော့မှ အကောင်းဖြစ်လာမှာ မဟုတ်တော့ဘူး၊ နောက်ထပ် မပေါက်ဖို့ရယ်၊ စုတ်သွားဖို့ရယ်၊ ထိန်းသိမ်းသွားရမယ် မိသူ'

ညိုသူ မမြင်၊ မကြား၊ ခေတ္တမျှ လောကကြီးနှင့် အဆက်အသွယ် ပြတ်သွားသည်လို့ ခံစားရ၏။

ဒေါသကြောင့် မျက်ရည်များ ပေါက် ပေါက် ကျလာ၏။ ဝီးလေးခို ဝေ့ဝဲနေသော မျက်ရည်ငွေ့တို့သည် မျက်ဝန်းအစုံ ဖုံးထား၏။

အမြင်သည် ဝေဝါးနေ၏။

ပိရိသေသပ်သော နှုတ်ခမ်းများသည် ပြတ်သားသောစကားထွက်လေ့ရှိ၏။

ထိုနှုတ်ခမ်းကို ထင်ရှားစွာ ပြန်မြင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးဦး၏ နှုတ်ခမ်း ဖြစ်၏။

ညိုသူအား ချစ်သည့်အချစ်ကိုစွတွင် အဘယ်ကြောင့် မမြတ် မသား ဖြစ်ခဲ့ရသနည်း။

ညိုသူ စဉ်းစားမရ....။

* * *

ထန်းရည်မူး ကျွဲခိုးပေါ်၏။

အရက်မူးလျှင် ရည်းစားဦးအကြောင်း ပြောလေ့ရှိသည်။

ဤအတွက် စိုးဦး သူငယ်ချင်းများအား စိတ်မချနိုင်အောင်

ည်။

ဂေါလာညမို့ ထုံးစံအတိုင်း မတိုက်လိုက မဖြစ်။

သောက်ပြီးတော့လဲ မူးကြဦးမည်။

ငယ်စရာတော့ ကောင်း၏။

မူးလျှင် သူငယ်ချင်းများသည် တကယ့် ဣန္ဒြေရှင်များ၊

တတ်တဲ့ ကြောင်၊ သိက္ခာနှင့် သမာဓိနှင့်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြောက တင်းတင်း၊ နှဖူးကြောကထောင်ထောင်။

မှူးပြီ။

မိမိကိုယ် မိမိ ဘာကောင်းမှန်း မသိ။

ကလေးဆန်ဆန် အလုပ်များကို လုပ်၏။

က တာလည်း ပါသည်။

ဆို တာလည်း ပါ၏။

ခုန် တာလည်း ပါ၏။

ပတ်ဝန်းကျင်ကို ကလော်တုတ်ခြင်း၊ အချင်းချင်း ရန်ဖြစ်ခြင်း စသည့် အလုပ်များကိုတော့ မလုပ်မိစေရန် မဆွကတည်းက ထိန်းကြသည်။

ကျော်သန်း ပါလျှင် ဝိုင်းဆူ၏။

ဒီကောင်သည် အစသန်သူ၊ အဂျီအစယ်သန်သူ ဖြစ်သည်။

အကြောင်း မသိလျှင် အနည်းဆုံး အချင်းချင်း ကတောက်ကဆ ဖြစ်ရတတ်သည်။

သဘောတော့ ကောင်း၏။

သူ့ပါးစပ်ကို လူတိုင်းကြောက်သည်။



'စိုးဦး မင်းဟာ သိပ်ကံကောင်းတဲ့ လူပဲ၊ တို့သူငယ်ချင်းတွေထဲမှာ မိန်းမနဲ့ ပတ်သက်ယင် မင်း အစွံဆုံး၊ ပီယဆေးများ ရှိသလား ရှိယင်လဲ ငါ့ကို နည်းနည်းမျှစမ်းပါ'

'မင်းက ဘာအသုံးကျမှာမို့လဲ'

တယောက်က ထောင်ပေးပြန်သည်။

အိမ်ကဟာမကြီး ခေါက်ပြီး၊ နောက်တယောက်နဲ့ ကြူချင်သို့ပေါ့ကွ။ စိုးဦးလိုလေ။

ကျော်သန်း၏ စကားကို တားဆီးလိုက်ချိန်ပင် မရ။

ကပျာကသီ နောက်လှည့်ကြည့်သည်။

ကျော်သန်း၏ စကားကို ညိုသူများ ကြားသွားလေမလား။ ညိုသူသည် ငယ်ရွယ်သူ ဖြစ်၍ ခွင့်လွှတ်နိုင်မည့် စကားမျိုး မဟုတ်။

စိုးဦးသည် နှုတ်ခမ်းကို ကန့်လန့်ဖြတ် လက်ညှိုး ထောင်၍ စကားကိုဆင်ခြင်ပြောရန် သတိပေးလိုက်သည်။

'ကျော်သန်း ရေချိန်ကိုက်ယင်တော်တော့ကွာ၊ အလွန်အကျွံဖြစ်ယင် မင်းက စကားကို ဆင်ခြင်ပြောတာမဟုတ်ဘူး'

'ကျော်သန်းကွ၊ ပုလင်းသာလဲမယ်၊ လူဘယ်တော့မှ မလဲဘူး၊ စကားလဲ တလုံး အမှား မပါစေရဘူး စိတ်ချ၊ ထုံးစံအတိုင်း ကိုယ့်ရှိရည်းစားဦးလေးအကြောင်းတော့ ပြောပါဦးစေ

www.burmeseclassic.com



ကျော်သန်း စကားတွေ ဆက်လျှင် ပိုရှုပ်လာလိမ့်မည်။ ထို့ကြောင့်

'ရှူး....မပြောနဲ့၊ တံခါးပိတ်သံကြားတယ်၊ ဟော....အိပ်ခန်း မီးလဲ ပိတ်သွားပြီ၊ တို့လစ်ကြစို့၊ ဟိုမှာ မညိုသူ ဒေါကန်နေပြီ ထင်တယ်'

သူငယ်ချင်းတဦးက နိဂုံးချုပ်ပေးလိုယ်မှ ပွဲသိမ်းလေတော့သည်။

'ဂွဒ်နိုက်....ဟူးရေး'

'ဝမ်းကစ်....ဝမ်းစမိုး'

မူးမူးနှင့် စုံအောင် နှုတ်ဆက်နေကြသည်။

မိန်းကလေးသူငယ်ချင်းများသည် စောစောကပင် အလိုက်တသိ ပြန်သွားကြပြီ ဖြစ်၏။

စောစောက ဆူညံလှုပ်ရှားနေသော အိမ်ကလေးသည် ငြိမ်သက်သွား၏။

နေရာမကျတကျချထားသော ကုလားထိုင်တို့သည် မျက်စိထဲ ရှုပ်နေ၏။

နံရံပေါ်တွင် ဘယ်ပန်းချီကားချိတ်ရမည်၊ ရှိုးကေ့စ်တွင် ဘယ်ပစ္စည်း တင်ရမည် စသည် တို့ကို စိုးဦး တခုမှ မစဉ်းစားရသေး။



နောက်နေ့ကျမှ ညိုသူ လုပ်လိမ့်မည်။ အိမ်မှုကိစ္စကို မိန်းမ[illegible]ပ်သည်က ပို၍ ကြည့်ကောင်း၏။

[illegible]ယ်လီဖုန်းသံ ကြားရ၏။

[illegible]ဦး အနည်းငယ်ရှို့သွားသည်။ နားထောင်၏။ ပြုံးသည်။ [illegible] ဘေးချထားလိုက်သည်။

[illegible]ကရက်တလိပ်ခဲ၏။ ခြေထောက်ဆွဲ၍ အိပ်ခန်း ဆီ လာ[illegible]။

'ဒေါက်....ဒေါက်'

[illegible]ခါးခေါက်၏။

[illegible]သူရေ....သူ....သူ။

[illegible]ခွန်းနှင့်တခွန်းကြား စက္ကန့်ဝက်မျှသာခြားရ၍ ခေါ်၏။

[illegible]သူ မွေ့ရာပေါ် မှောက်ငိုနေရာမှ ထလိုက်၏။ အံကို [illegible]ကာ မွေ့ရာအား လက်သီးဖြင့်ယောကျ်ာထိုး ထိုးသည်။

[illegible]ဖွင့်၏။

[illegible]ားလုံးလင်းသွားသည်။

[illegible]ခါးဖွင့်ပေးပြီး စိုးဦးအား စူးစူးရဲရဲ ကြည့်ပစ်လိုက်သည်။ [illegible]သစ်မတကောင် ကဲ့သို့ ဖြစ်လိမ့်မည် [illegible] ရှူးမှပင် [illegible]နေသလားဟု ထင်ရ၏။

'[illegible]ဦးကို စိတ်ဆိုးနေလား သူ'

www.burmeseclassic.com

www.burmeseclassic.com



စိုးဦးက နှစ်သိမ့်ဖွယ် ပြုံးပြ၏။

အရက်သောက်သည့်ကို မိန်းမတို့ကမကြိုက်။ ခုလို မင်္ဂလာ… ညမျိုးတွင် အချိန်ကုန်ခံ၊ အလုပ်များခြင်းကိုလည်း ကြိုက်… မတူ။

ဇနီးလောင်းအဖို့ စိတ် ဆိုး၊ စိတ်ကောက်သင့်တယ်ဟု … သည်။

အပြစ်ကျူးလွန်ထားသော ခင်ပွန်းလောင်းက ချော့… ချော့ရမည်။

'သူငယ်ချင်းတွေက မပြန်ကြသေးတော့ အားနာလို့ထိုင်… ရတယ်ကွာ၊ ထိုင်မနေပြန်ယင် ရိုင်းရာကျမှာပေါ့'

ညိုသူနှင့် မျက်နှာချင်းဆိုင် ရပ်၏။ ကုပ်ပိုးပြည့်ပြည့်လေး… မို့နေသောပခုံးပေါ်သို့ လက်နှစ်ချောင်း တင်လိုက်သည်။

ညိုသူ ပုတ်ချလိုက်၏။

မျက်ရည်ထွေထွေကျနေသည့် ကြား မှ စိုး ဦး အား … တောင်မခတ် စိုက်ကြည့်နေသည်။

မီးရောင်အောက်တွင် ညိုသူ ၏ မျက်လုံးသည် ဝင်း… တောက်နေ၏။

ဇွဲကြီးကြီးနှင့် ချော့ရမည့် မိန်းကလေးဟု စိုးဦး သဘော… ပိုက်လိုက်သည်။

'သူ… းကလဲကွာ၊ ကလေးကျနေတာပဲ၊ ခုပဲ အိမ်ရှင်မ…



…ပြီစွာ၊ စိတ်ကောက်တာတို့၊ စိတ်ဆိုးတာတို့မလုပ်တော့နဲ့၊ …ယင် စိတ်ဆိုးမြေမှုပေါ့'

ညိုသူသည် ဒေါသတို့ကို ထိန်းထားရ၍ မှုန်းကျပ်နေသည်။ …တင်းသော ရင်သည် နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။

…းဦး ညိုသူ၏ ကိုယ်လုံးကျစ်ကျစ်လေးအား သိုင်းဖက်လိုက်…

ညိုသူ ရုန်း၍ ထွက်သည်။

အနီးရှိ ခုတင်ပေါ် ထိုင် ချ ၏။ အံကြိတ်၍ မွေ့ရာအား …သီးဖြင့် ထိုးပြန်သည်။

ဆတ်ကနဲလှည့်၍ စိုးဦးနှင့် ရင်ဆိုင်လိုက်၏။

'ရှင်....လူလိမ်'

…းဦး ခြေလှမ်း တုန့်သွားသည်။

ညိုသူအား နားမလည်နိုင်စွာ ကြည့်မိ၏။

ညိုသူ၏ အဖြစ်ကို ကြည့်ပြီး အနည်းငယ် ရှုံ့လာသည်။

'ရှင်ဟာ လူလိမ်၊ ကျွန်မကို ညာပြီး လက်ထပ်တယ်။ ရှင့်မှာ …မောင် ဆိုတဲ့ မယားကြီး ရှိတယ် မဟုတ်လား'

…းဦးအဖို့ သီတာမောင် ဆိုသည့် နာမည်ကြားလိုက်ရသည်နှင့် …နဲ့တုန်သွားသည်။

…ကိုယ်ရှိ အကြောအချဉ် အားလုံး မီးမြှိုက်ထားသည် …သည်။

…း၊ ချုံး ကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သွေးပူစေသော၊ စိတ်ထက်စေသော၊ အရက်၊ ဘယ်ရောက်သွားမှန်း မသိ။

'ကျွန်မ မေးတာ ဖြေစမ်းပါ ဟုတ်တယ် မဟုတ်လား'

စိုးဦးသည် စိတ်ကို အတတ်နိုင်ဆုံး ထိန်း၍

'ဟုတ်ပါတယ် သူ'

ညိုသူ ဝမ်းလျှားမှောက်ကာ ငိုပစ်လိုက်သည်။

ညိုသူ ရှိုက်သံနှင့် အတူ တလွှာသာသာမြင့်သော မွေ့ ... သည်လည်း သိမ့်သိမ့်တုန်နေ၏။

မည်သို့မျှ ချော့၍ ရတော့မည် မဟုတ်ကြောင်း၊ စိုး ... သဘောပေါက်လိုက်သည်။

'မငိုပါနဲ့သူလေးရယ်၊ သီတာမောင်နဲ့ကိုယ်နဲ့က ပေါင်းသ... နေကြတာမှ မဟုတ်ပဲ'

'ဒါပေမင့် ရှင်တို့ဟာ လင်မယား မဟုတ်လား'

'လင်မယား မဟုတ်တော့ဘူး'

'ကွာရှင်းစာချုပ်ပြလေ'

စိုးဦး အကြပ် ရိုက်သွားသည်။

သီတာမောင်၏ ပိရိသေသပ်မှုကို ချီးကျူးရမလို ဖြစ်သ... သည်။



'ဟိုတုန်းကတည်းက အိမ်ထောင်ကျ ဖူးတယ် ဆိုတာလဲ မပြောဘူး၊ သီတာမောင်နဲ့ ကွာရှင်းထားတဲ့ စာချုပ်လဲ မပြနိုင်ဘူး၊ မိသူဘဝကို ဘယ်အညွှိုးနဲ့ ဖျက်ဆီးချင်တာလဲ ကိုစိုးဦး'

'ညိုသူဘဝကို ဖျက်ဆီးတယ်လို့ မပြောပါနဲ့ကွယ်....ကိုယ်ဟာ ... ကောင်းဖခင်ရှိသွားပါ၊ ကိုယ့်အတွက်နဲ့ ဒီမိန်းကလေး ပျက်စီး ... ပါစေတော့ဆိုတဲ့ ဆန္ဒ လုံးဝ မရှိပါဘူး၊ ညိုသူ့ကို ချစ်လို့ပါ၊ ... ပြီးတော့ ခုဖြစ်တဲ့ ကိစ္စကိုလည်း တနေ့နေ့ အေးအေးဆေးဆေး ... ပြောပြမယ်လို့ အစီအစဉ်ရှိတယ်'

'သီတာမောင်နဲ့ မရှင်းလင်းသေးတာရော'

'တယောက်နဲ့ တယောက် ပြတ်နေကြတယ်'

'ဒါဖြင့် ကွာရှင်းစာချုပ်ပြလေ၊ မပြနိုင်ဘူး မဟုတ်လား၊ ကိုစိုးဦးဟာ တိကျပြတ်သားတဲ့ လူကြီးလူကောင်း တယောက် ပါ၊ ဒီကိစ္စမှာ မပြတ်သားတာကတော့ ညိုသူ အဖို့ မယားငယ် အဖြစ်နဲ့ တဘဝလုံး မျက်နှာငယ်စေချင်လို့ မဟုတ်လား'

'ညိုသူ ပြောသမျှ ကိုဦး ခံပါ့မယ်၊ ပြီးတော့မှ အဖြစ်အပျက် ကို ညိုသူ လက်ခံနိုင်တဲ့အထိ ရှင်းပြပါမယ်'

ညိုသူ နာကျင်စွာ ရှိုက်၏။

ခန်းခြောက်လုဖြစ်နေသော မျက်ဝန်းမှ မျက်ရည်များ လိမ့်ဆင်းလာပြန်သည်။

'ကိုဦး ပြုသမျှ နုရမဲ့ ညိုသူ ဘဝရောက်နေပါပြီရှင်'

ပြောယင်း ငိုပြန်သည်။

စိုးဦး နင့်ကနဲ ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဝနှင့် တိုင်းတာလျှင် သိတတ်ကတည်းက တပါးသူအား သနားခဲ့၏။

မိမိက ချမ်းသာ၍ ဆင်းရဲသားအား မနှိမ်ခဲ့။

မိမိက ကြီး၍ ငယ်သူအား မနှိပ်စက်။

မိမိက နိုင်၍ ရှုံးသူအား မဖိခဲ့။ မိမိကိုယ် မိမိကြင်နာတတ်သူ အဖြစ် အသိအမှတ်ပြုခဲ့သည်။

'ကိုဦး ပြုသမျှ နုရမယ့် ညိုသူ ဘဝပါရှင်'

တိုးလျှိုး တောင်းပန်ခံရသောအခါ၊ ရေရောခံရသော ကိုယ်ကျင့်တရားအတွက် နှမြောမိသည်။

အကျင့်သိက္ခာ၏ ကဲ့ရဲ့ခြင်းကိုလည်း ခံရပြီဟု နောင်တရစွာ ခံစားလိုက်ရသည်။

'ဒီလိုတော့ မပြောပါနဲ့ ညိုသူရယ်၊ ကိုဦးမှာ အပြစ် ရှိပါတယ်။ ညိုသူ ကြိုက်သလို စီစဉ်ပါ ချစ်ခဲ့တဲ့သူတယောက်အနေနဲ့ ခွင့်လွှတ်ပါ။ အချစ်နဲ့ ချစ်နေပါမယ်'

ဒီအပြောမျိုး၊ ညိုသူ နှစ်ခြိုက်ခဲ့ရသည်။

သနားတတ်သည့် စိုးဦး၏ အကြင်နာတွင် ညိုသူ သာယာခဲ့ရ၏။

နှစ်ခြိုက်ခြင်း၊ သာယာခြင်းသည် ဆန္ဒလွန်၏။ အခိုင်းအစေမှန်း သိပြီ။

ညိုသူ လုပ်သင့်၊ လုပ်ထိုက်တာ တခုရှိ၏။

အိပ်ရာခေါင်းမှ ထသည်၊ ခုတင်ဘေးရှိ စားပွဲပုပေါ်မှ စာရွက်ကိုယူ၏။ စိုးဦးအား ပေးလိုက်သည်။



'ကျွန်တော် မောင်စိုးဦးနှင့် ကျွန်မ မညိုသူတို့ ယနေ့မှ စ၍ ...ဦး သဘောတူ ကွာရှင်း ပြတ်စဲပြီးစီးပါကြောင်း'

စိုးဦး

ညိုသူ

မနက်ဖြန် သတင်းစာထဲမှာ ထည့်ပေးပါ။

ဒီည ကျွန်မ ပြောဖို့ ခွင့်ပေးမယ်ဆိုယင်တော့ အတိုင်းထက် ...လွန် ကျေးဇူးတင်ပါ့မယ်။

စိုးဦး တွေဝေသွားသည်။

ဘယ်လို ဆုံးဖြတ်ရမည် မသိ။

'တကယ် ဆုံးဖြတ်ပြီးပြီလား ညိုသူ'

'စဉ်းစားပါဦး'

ညိုသူ ကျောခိုင်းလိုက်သည်။

...ပြတင်းပေါက်ကို ဖောက်၍ မြင်နိုင်စွမ်းမရှိသေး၊ အမှောင်...ကို ငေးကြည့်နေ၏။

ဆုံးဖြတ်ချက်၊ မှားသည် မှန်သည်ထက်၊ လုပ်သင့် လုပ်ထိုက် ... လုပ်လိုက်ရ၍ မိမိကိုယ် မိမိ ကျေနပ်နေသလား မသိ။

'ကိုဦးအတွက် စဉ်းစားပေးပါဦး ညိုသူရယ်'

...ပြီးတော့ ဒီနေ့ မင်္ဂလာဆောင်၊ မနက်ဖြန် ကွာရှင်းပြတ်စဲ...ကလည်း လူကြားလို့မှ မကောင်းဘူး ညိုသူအနေနဲ့လည်း ...လေးဘက်က ပြန်ကြည့်၊ ကဲ့ရဲ့ခံရမယ်၊ ကိုယ့် ဘက် ...ယင်လည်း အသိုင်းအဝိုင်းကြားမှာ သိက္ခာကျ၊ မျက်နှာ

www.burmeseclassic.com



ငယ်ရမယ်၊ ဆုံးဖြတ်ချက် မပြင်တော့ဘူး ဆိုယင်လည်း ကိုယ့် ကို အချိန်နည်းနည်းပေးပြီး စောင့်ပါ။

ညိုသူ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရပါ့မယ်။

'ကျွန်မဘက်က စဉ်းစားစရာ မလိုပါဘူး၊ ကျွန်မ စဉ်းစား ပြီးပါပြီ'

မိန်းကလေး ဆိုတာ နာရမယ့် ဘက်က ပါ၊ ယောကျာ်း တယောက်ကို လက်ထပ်ပြီးယင် အပျိုရယ်လို့ ဘယ်သူမှ မသတ် မှတ်နိုင်တော့ပါဘူး။

ဒါကလဲ ရှင်းပါတယ်။

ရှင်နဲ့ ကျွန်မ ခု လက်ထပ်ပြီးပြီ။

ကျွန်မကတော့ ကျွန်မရဲ့ အပျိုဘဝကို ထိန်းမှာပဲ၊ မတတ် သာတော့ယင် ကိုယ့်ကိုယ်ကို သတ်သေလိုက်မယ်။

'ကျွန်မ အပျိုဘဝနဲ့ နေနိုင်အောင် ကြိုးစားမယ်။ ဒီနေ့ ကျွန်မကို တခြားမှာ သွားအိပ်ဖို့ ခွင့်ပြုပါ။ ကျွန်မ မိဘအိမ် ပြန်ပို့ပါ။တခုတော့ ရှိပါတယ်။ ရှင်ပြန်မပို့ဘူးဆိုပြီး အတင် အဓမ္မ သိမ်းပိုက်ချင်ယင်လဲ သိမ်းပိုက်လိုက်ပါ၊ နက်ဖြန် မနက် ကျွန်မ အလောင်းကို ရှင်သင်္ဂြိုဟ်ရမှာပေါ့'

'ကိုယ်အဲသလို ယောကျာ်းမျိုး မဟုတ်ပါဘူး ညိုသူ၊ ညို ဒီအခန်းထဲမှာပဲ နေပါ၊ ကိုယ်အပြင်ဘက်သွားနေပါ့မယ်၊ ခု မှာ ကိုယ်ရှင်းပြလို့လဲ ညိုသူ နားလည်မှာ မဟုတ်ပါဘူး ဒီတော့....'



နည်းလမ်းတခုကို စိုးဦး စဉ်းစားရလိုက်သည်။

'ညိုသူ့အတွက် ကွာရှင်းစာချုပ် ချုပ်ပေးထားပါ့မယ်၊ ဒီအတွင်း သုံးလလောက်တော့ ကြွေမပျက် နေလိုက်ပါ၊ ကိုယ် ညိုသူ့အနားကို မလာပါဘူး၊ ကိုယ့်အခန်းနဲ့ကိုယ် နေရုံပါပဲ၊ ချက်ချက်ကြီး ကွာရှင်းကြောင်း သတင်းစာထဲထည့်တာ၊ ဒါမှ မဟုတ် ကွာရှင်းလက်မှတ် ထိုးကြတာထက်စာယင် အဲသလောက် ကြာကြာကလေးနေလိုက်တာ သင့်တော်ပါလိမ့်မယ်၊ သည် အတွင်းမှာ စိတ်အေး လက်အေးဖြစ်တဲ့အခါ ကိုယ့်ပြဿနာကို ရှင်းပါ့မယ်၊ အဲသလိုဆို သဘောတူနိုင်မလား ညိုသူ'

ညိုသူ စဉ်းစားသည်။

ဤ(၃)လအတွင်းတွင် တအိမ်တည်း လင်မယားဟန်ဆောင် အတူနေကြမည်။

ကျန်သော အချိန်တွင် ကိုယ့်ဇနီး၊ ကိုယ့်နေရာနှင့်ကိုယ် သီးသန့်နေရမည်။

တယောက် ကိုယ်ရေးကိုယ်တာထဲ တယောက်ဝင်ရောက် စွက်ဖက်ပိုင်ခွင့်မရှိ။

နှစ်ဦးသဘောတူ စာချုပ်ရေးပြီး ယနေ့တရားဝင် လက်ထပ် ခဲ့သော စာချုပ်များကို ဆုတ်ပစ်လိုက်ကြသည်။

စိုးဦးသည် ဧည့်ခန်းတွင် အစီအစဉ် မကျသေးသော ခုံပေါ် တွင် စိတ်ပျက်စွာ ထိုင်၏။

ညိုသူက ခေါင်းအုံး၊ စောင်နှင့် ခြင်ထောင်တို့ကို ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာလျှင် ညိုသူလည်း အိပ်ခန်းမီးအား ပိတ်လိုက်သည်။

စိုးဦး စိတ်ဓာတ်ကျစွာ ကျန်ခဲ့၏။

စောစောက လက်ကျန်အရက်ပုလင်း စားပွဲပေါ်တင်လိုက်သည်။

ဒီနေ့ည မူးနေတာ အကောင်းဆုံး ဖြစ်မည်ဟု သိလိုက်၏။

ချာချာလည် မူးသွားသည်။

ဦးနှောက်ထဲမှာ ညိုသူ၏ ချစ်စဖွယ်မျက်နှာပေါင်း မြောက်များစွာကို တွေ့နေရသည်။

ဤသည်က သူ့အတွက် စိတ်ချမ်းသာစရာ ဖြစ်နေ၏။

ညိုသူအခန်းတံခါးကို အသာဟ၍ စိုးဦးအား ချောင်းကြည့်မိသည်။

စိုးဦးအတွက် စိတ်မကောင်းတော့ ဖြစ်မိသေးသည်။

မူးအိပ်ပျော်သွားသော စိုးဦး၏ မျက်နှာကို အပြစ်ကင်းစွာ တွေ့ရ၏။

ဒီနေ့ည သူမအဖို့ အိပ်ပျော်မည် မထင်။

စိုးဦးအကြောင်း စဉ်းစားနေပေဦးမည်။

တလိပ်လိပ် မြေးတက်လာသော ရေလှိုင်းအား ထိုင်ကြည့်နေ၏။

တက်လိုက်၊ ဆင်းလိုက်နှင့် ကလေးငယ်တယောက်ကစားနေသည်သို့ ရှိ၏။



ရေကျသွားလျှင် ဖြန့်ဖြူးစွာ ကျန်ခဲ့သည့် သဲသောင်ပြင်။

ညိုသူ သဘောကျသည့် သဲသောင်ပြင် ဖြစ်သည်။

တမနက်ခင်းလုံး သဲသောင်ပြင်ပေါ်မှာ ရှိနေ၏။

သောင်ပြင်ပေါ်တွင် ညိုသူ စာရေး၏။

ကဗျာရေးခြင်း ဖြစ်သည်။

ကဗျာထဲတွင် လိပ်တက်လာသော ရေလှိုင်းပါ၏။

သဲသောင်ပြင်၊ ခရု၊ အုန်းလက်၊ မိုးကောင်းကင်၊ အားလုံး ညိုသူ၏ ကဗျာပစ္စည်း ဖြစ်သည်။

ကဗျာနာမည်က 'သာယာတဲ့ လက်ခုပ်ကုန်း'။

ကျွမ်းကျင်စွာ ရေးတတ်သူ မဟုတ်၍ အကြောင်းအရာ မပေါ်လွင်၊ တင်စားချက် မပီပြင်သောကြောင့် ရေလှိုင်းသည် ရေးပြီးသား စာလုံးများအား ဖျက်ပေးနေသည်သို့ ရှိ၏။

ဤသည်ကို ညိုသူ ကြည်နူးနေသည်။

ဖြတ်ကနဲ အသံကြား၍ ညိုသူ လှည့်ကြည့်၏။

နောက်ထပ် ဖြတ်ကနဲ မီးတချက် လင်းသွားပြန်သည်။

ညိုသူ စိတ်ဆိုးရမည် သိ၏။

ခွင့်မပန်ပဲ ဓာတ်ပုံရိုက်သော ကိုလူလည်အား ရန်တွေ့ရသည်။

'ဒါ ဘာလုပ်တာလဲ'

ဒေါသထွက်နေသော ညိုသူအား သဘောကျသွားဟန် တူသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် တပုံ ရိုက်ပြန်၏။

'ပြောနေတာ မကြားဘူးလား'

'ဟဲ....ဟဲ'

'ဘာ ရယ်တာလဲ'

'ကျွန်တော့် နာမည် စိုးဦးလို့ ခေါ်ပါတယ်'

'ရှင့် နာမည် မေးနေတာ မဟုတ်ဘူး'

'လူပုံကိုက သနားကမားနဲ့ အကျင့်က....'

'အကျင့် မယုတ်ပါဘူးဗျာ၊ ညီမ အလှကို မှတ်တမ်း တင်ပေးတာပါ'

'ရှင့်ကို ဘယ်သူက ခွင့်ပေးလို့လဲ'

'ခွင့်တောင်းနေယင် အမိရဲ့ အလှတွေ ပျက်သွားမှာ စိုးလို့၊ အမှတ်တမဲ့ ရိုက်လိုက်တာ စိတ်မရှိပါနဲ့၊ မကျေနပ်ယင် သက်ဆိုင်ရာ တိုင်'

'တရားလဲ စွဲမယ်၊ လူကြီးတွေနဲ့လဲ တိုင်မယ်၊ စည်းမဲ့ ကမ်းမဲ့ ရမ်းကားနေတဲ့ လူကိုထောင်ထဲ ထည့်ထားမှ နောင်ကျဉ်မှာ'

'ဟုတ်တယ်၊ သက်ဆိုင်ရာကို တိုင်ရမှာပေါ့၊ တရားခံနာမည်လေးလဲ မှတ်ထားဦးနော်၊ စိုးဦးလို့ ခေါ်တယ်'

'အဘ....ဦးလှိုင်းရေပြာပြာ၊ အမိက ဒေါ်သောင်ပြင် ဖွေးဖွေး'

ညိုသူ သိလိုက်၏။



စောစောက သဲသောင်ပြင်ပေါ်တွင် မိမိရေးသော ကဗျာ ခိုးဖတ်ထားဟန် တူသည်။

ဒေါသအနည်းငယ် ပြေသယောင် ရှိသွား၏။

မိမိရေးသော ကဗျာအား အလွတ်ရသောကြောင့် ဖြစ်သည်။

'နောက်မနေနဲ့၊ ဒီက အတည်ပြောနေတာ'

'ကျွန်တော် ဘာနောက်မိလို့လဲဗျာ'

'အဖေ နာမည် ဦးလှိုင်း ရေပြာပြာ၊ အမေ နာမည် ဒေါ်သောင်ပြင်ဖွေးဖွေးဆိုတာ နောက်တာ မဟုတ်ဘူးလား'

'နောက်တာ မဟုတ်ဘူး၊ အဲဒါ နာမည်ရင်းပဲ'

'နာမည်ကလဲ ပေါက်ပေါက်ရှာရှာ ကြံကြံဖန်ဖန်'

'ကဗျာမဆန်ဘူးလား၊ ကဗျာဆန်တယ်နော်'

ညိုသူ၏ ရေးထားသော ကဗျာကို ဖတ်ပြီးကြောင်း သိစေ တမင်ရိုခြင်း ဖြစ်သည်။

'ဆန်ဆန်၊ မဆန်ဆန်၊ ကျွန်မ အလုပ်မဟုတ်ဘူး၊ ကျွန်မ ပ်က ရှင့်ကို ဖမ်းဖို့ပဲ'

ညိုသူတွင် ဒေါသစိတ်များ လုံး၀ မရှိတော့သည်ကို စိုးဦး ယောက် သိလိုက်ပြီ။

ပြောလက်စ စကားအကြောင်းအရာ မဆုံးသောကြောင့် ပြောနေဟန် ရှိသည်။

ထိုပြော၊ ဒီပြောနှင့် အချိန်ဆွဲထားလျှင် ဆက်၍ ရန်တွေ့ဦး မိန်းကလေးမှန်း စိုးဦး အတတ်သိလိုက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ....ဒါဖြင့်ယင် တရားလိုက တိုင်ချက် ဘယ်လို ဖွင့်မလဲ'

'ခါတ်ပုံခိုးရိုက်မှု'

'အလှခါတ်ပုံရိုက်ပေးမှုပါ'

'ဘယ်လိုပဲဖြစ်ဖြစ်'

'လှတဲ့လူမို့ အလှခါတ်ပုံရိုက်ပေးမှုဆိုတာ ပိုပြီး သင့်လျော်မယ် ထင်တယ်လေ'

ညိုသူ မျက်နှာပြုံးချင်ချင်ဖြစ်သွားသည်။

စိုးဦး အသိတရားသိလိုက်၏။

ညိုသူ ဘာဆက်ပြောရမှန်းမသိ၊ ပြောချန်စကားလုံး ပျောက်သွားသည်။ ပြန်စဉ်းစားလေခက်လေဖြစ်သည်။

စိတ်ထဲ ကသိကအောက် ဖြစ်ရ၏။

'လှတဲ့သူဆိုတော့ ခါတ်ပုံထဲမှာလဲ သိပ်လှမှာပဲ၊ စိတ်ချ အဲဒီပုံတွေ ကျွန်တော် ပိုင်ရှင်ကို လာပေးပါ့မယ်။ တရားလို နာမည်သာ ပြောထားခဲ့ပါ'

စေ့စေ့ကြည့်ပြီးမှ မျက်စောင်းထိုးလိုက်၏။

စကားရော၊ ဖောရောနှင့် မိမိအား နာမည်မေးသည်။ မေး တာမှတ်လို့၊ ဒီလောက်တော့ ညိုသူ လျင်ပြီးသား။

'တရားလိုနာမည်ပြောလေ'

'မရှိဘူး'

''ဘာရယ်.... မရှိဘူး ဟုတ်လား၊ ဟား.... ဟား.... နာမည် ကလဲ ပေါက်ပေါက်ရှာရှာ၊ ကြုံကြုံဖန်ဖန်'



ညိုသူ စကားနှင့် ညိုသူ့ပြန်နှက်ခြင်း ဖြစ်သည်။

မိမိဘက်က အခြေမလှဖြစ်သွားသည်ကို ရိပ်မိသွား၏။

'မရှိဘူးဆိုတာ အိမ်နာမည်လား၊ ကျောင်းနာမည်လား၊ ပုံတင်ထဲမှာလဲ မရှိဘူးလို့ပဲ မှည့်ထားသလား'

'ဘယ်မှာဘယ်လိုမှည့်မှည့်....ရှင့်အပူမပါဘူး'

လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။ စိုးဦးက ရှေ့မှ ပိတ် ၏။

'မဟုတ်ပါဘူး၊ ကျွန်တော်က နာမည် ကဗျာဆန်လို့ မေး ပါ'

'ဆန်ဆန်....မဆန်ဆန်....ရှင့်အပူမပါဘူး၊လူပုံက အူကြောင် ကြောင် ခေါက်ဆောက်ဆောက်နဲ့၊ တကယ့် ကလေကချေပဲ၊ ...ညိုသူ အကြောင်းသိမယ်'

'စကားပြောယင်း ကိုယ့်နာမည်ကလေး ထည့် သွင်း ပြော တာ ချစ်စရာပဲ'

'ရှင့်ကို'

ဟုတ်သားပဲ၊ သူ့နာမည် ညိုသူလို့ မပြောပေမယ့် စကားထဲ သူ့ကိုယ်သူ ညိုသူပါ ထည့်ပြောမိပြီပဲ။

စိုးဦးက ပြုံးစစနှင့် ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညိုသူသည် ရန်စွယ်နှင့် ဝေါဝေါပုံစံမျိုး ရန်မထော်တော့၊ စိတ်ထဲမှ တခုခု ကြံစည်ပြီးမှ အပိုင်တွယ်မည်ဟု စဉ်းစားလိုက်သည်။

မည်သို့ရှိစေ၊ ကလေးဆန်ဆန် ပြုမူ ပြောဆို ရိုးသားမှုကို စိုးဦး သဘောကျသွား၏။

'နောက်နေ့ ဒီနေရာမှာပဲ တွေ့ကြသေးတာပေါ့'

'တွေ့မယ်၊ ရှင့်ကို လက်ထိပ်နဲ့စောင့်နေမယ်'

စိုးဦး သဘောကျစွာ ရယ်လိုက်သည်။

ညိုသူ နောက်လှည့်မကြည့်၊ သဲသောင်ပြင်ပေါ်တွင် ခြေရာ တင်ကျန်ရစ်အောင် ခြေဆောင့်၍ ထွက်သွားခဲ့သည်။

မျက်စိ၊ မျက်နှာပျက်နှင့် အိမ်ထဲဝင်လာသော ညိုသူအား ဒေါ်တင်ကြီးက ဆီး၍ မေးသည်။

'ဟဲ့မိသူ၊ သမီး ဘယ်သူနဲ့ရန်ဖြစ်လာသလဲ'

ညိုသူ ရန်ဖြစ်ကြောင်းကုန်စင်ပြောပြမည်ကြံပြီးခါမှ မပြော ပဲ ကိုထွန်းမြင့်ကို မေး၏။

ထွန်းမြင့်သည် ညိုသူ၏ အစ်ကိုတဝမ်းကွဲတော်သည်၊ အဖေ ဘက်က။

တံငါ အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုသော်လည်း



နေ့ရာသီတွင် တဲတန်းထိုးကာ အပန်းဖြေလာကြသူများအတွက် အခန်းငှားခြင်း၊ အနီးအနားပတ်ဝန်းကျင်သို့ပို့ဆောင်ပေးခြင်း များ ပြုလုပ်ပေး၏။

ရှင်းရှင်းဆိုရလျှင် လူလည် လူမိုက် ဖြစ်သည်။

'ဒေါ်ဒေါ်မေးတာ ဖြေပါဦး မိသူရယ်၊ ဘယ်သူနဲ့ ဘာဖြစ်ခဲ့တယ်ဆိုတာ'

ဒေါ်တင်ကြီး စိုးရိမ်တကြီး မေး၏။

သားအကြောင်းလည်း သိထားသည်မို့ ဖုံးတန်ဖုံး၊ ဖိတန်ဖိ ထားချင်ဟန်တူ၏။

'ဒီကိစ္စကို ကိုကိုထွန်းမြင့် ရှင်းမှဖြစ်မှာပါ၊ ကိုကိုထွန်းမြင့် ဘယ်သွားတယ်ဆိုတာ ပြောပါ ဒေါ်ဒေါ်တင်'

မေးသည်ကို မဖြေသေး။ ဒေါ်တင်ကြီး အားမလိုအားမရ ဖြစ်ဟန်တူသည်။

ညိုသူကိုယ်တိုင်ပင် အိမ်ထဲသို့ တခန်းဝင်တခန်းထွက် အပြေးအလွှား ရှာ၏၊ နှုတ်မှလည်း အသံပြုသည်။

'ကိုကိုထွန်းမြင့်၊ ကိုကိုထွန်းမြင့်'

အိမ်နောက်ဖေး၊ အုန်းခြံအတွင်း၊ နေရာအစုံရောက်သည်။

ညိုသူနှင့် ထပ်ချက်မကွာ ကပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်ကြီးက....

'ဒေါ်ဒေါ့်ကို ပြောပါဦး သမီးရယ်၊ ဒေါ်ဒေါ် ရှင်းနိုင်ယင် ရှင်းရအောင်လို့၊ သမီးအစ်ကို အကြောင်းလဲ သမီးသိသားနဲ့၊ စိတ်က လက်တဆစ်ရှိတာ၊ ထစ်ကနဲဆို သတ်မယ်ပုတ်မယ် တကဲကဲလုပ်တဲ့ လူ၊ ဒေါ်ဒေါ့်မှာလဲ ဒီသားကိုပဲ အားကိုးနေရတာ၊ သူတခုခု ဖြစ်သွားယင် ဒေါ်ဒေါ် ဒုက္ခရောက်မှာ'

ဒေါ်တင်ကြီး ရှင်းပြတော့လည်း ဟုတ်၏။

ဘဘဖြူ ရှိနေလျှင် အကြောင်း မဟုတ်။

ဘဘဖြူသည် ရွာနှင့် အနီးအနား ပတ်ဝန်းကျင်တွင် ဩဇာရှိသည်။

သားဖြစ်သူ ဘွန်းမြင့် ဆိုးခဲ့၊ ပေခဲ့သမျှ ဒိုင်ခံရှင်းပေးသွား၏။

ဘဘဖြူ မျက်နှာကြောင့် ထွန်းမြင့် ရုံးမရောက်၊ ဂါတ်မရောက်ခြင်း ဖြစ်သည်။

ဘဘဖြူ မရှိတော့ ထွန်းမြင့်ကို ထိန်းမည့်သူ မရှိ။

ညိုသူတို့ မိသားစုကလည်း အနီးမှာ မဟုတ်။

အရေးအကြောင်း ရှိမှသာ လာနိုင်ခြင်း ဖြစ်သည်။

ဒေါ်တင်ကြီးအဖို့ ထွန်းမြင့် မရှိလျှင် ဒုက္ခရောက်နိုင်သည်။



'ပြောပါ သမီးရယ်၊သမီးကို ဘယ်သူ စော်ကားလိုက်သလဲ'

'စော်ကားတာတော့ မဟုတ်ပါဘူး ဒေါ်ဒေါ်တင်'

'ရည်းစားစကားပြောတာ၊ စာပေးတာလောက် ဖြစ်မှာပေါ့၊ ဒီလောက်များဖြင့် သမီးရယ်၊ အသားပဲ့သွားတာ မှတ်လို့၊ သမီးက ချောလို့၊ လှလို့ ပြောကြတာပဲ ဂုဏ်ယူမဲ့အောင် လုပ်ယင် ပြီးရောပေါ့၊ ခွင့်လွှတ်လိုက်ပါ သမီးရယ်'

ညိုသူ ခေါင်းကို တဗျင်းဗျင်း ကုတ်၏။

'အဲဒါလဲ မဟုတ်ဘူး'

'ဒါဖြင့်....'

'သမီးပြောမယ်၊ ဒေါ်ဒေါ်တင် နားထောင်'

ဒေါ်တင်ကြီး ပါးစပ်ပိတ် ကွတ်ပျစ်ပေါ် ထိုင်လိုက်သည်။

ညိုသူက ဒေါ်တင်ကြီး ဘေးမှာ ဝင်ထိုင်၏။

ဒေါ်တင်ကြီး လုပ်ထားပြီး ဖြစ်သော ခရုပုတီးများကို လက်ဖြင့် ကစားလိုက်သည်။

လည်တိုင်မှာ ဆွဲ၏။

အဖြစ်အပျက်ကို ပြောပြသည်။

ဒေါ်တင်ကြီးသည် ထိုးလက်စ အုန်းလက်ဦးထုပ် ဘေးချထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး ဒါမျိုး သမီးရယ်၊ သမီးလှလို့ ချောလို့ ဓာတ်ပုံရိုက်တာပဲ၊ တချို့များဆို ဓာတ်ပုံထဲ ပေါ်ချင်လွန်းလို့ သူများ ရိုက်တဲ့နောက် ဖြတ်သွားပြီး မယောင်မလည်နဲ့ ရပ်ကြည့် သလိုလို ဘာလိုလိုနဲ့ ဝင်ပါကြတဲ့ လူတွေ တပုံကြီး'

'သမီးမှ ဓာတ်ပုံမရိုက်ချင်တာ၊ ပြီးတော့ ခွင့်တောင်းပြီး ရိုက်ယင်လဲ ဟုတ်ရဲ့'

'သူက ပြောရှာသား၊ ခွင့်တောင်းနေယင် သမီးက အိုက်တင် လုပ်တတ်ဦးမှုကိုး၊ တချို့အပြင်မှာ ဘယ်လောက်လှလှ ဓာတ်ပုံ ထဲကြယင် မလှဘူး၊ အချို့ကြတော့ အပြင်မှာ မလှပေမယ့် နေတတ် ထိုင်တတ်၊ အိုင်တင်လုပ်တတ်တော့ လှတယ်'

ညီသူတို့ တူဝရီး စကားကောင်းနေစဉ် ထွန်းမြင့် သုတ်သုတ် ရောက်လာ၏။

'ဧည့်သည် ရလာတယ် အမေရေ့'

ထွန်းမြင့်သည် တည်းခိုမည့်သူအတွက် လိုအပ်သောပစ္စည်း များ တပွေ့တပိုက်ကြီးဖြင့် ထွက်သွားလိုက်၊ ပြန်ဝင်လိုက်နှင့် အလုပ်ရှုပ်နေသည်။

'ထမင်းရော ဘာဟင်းစားမလဲဆိုတာ မေးခဲ့ပါဦး သား ရယ်'

'ဟုတ်ကဲ့....အမေ'



ဧည့်ဆောင်သည် အုန်းခြံ၏ ရှေ့တွင် ဆောက်ထား၍ သိပ်မဝေး၊ တခေါ်လောက်သာ ဝေး၏။

သိပ်မကြာမီ ထွန်းမြင့် ပြန်ရောက်လာသည်။

'ရတာနဲ့ စားမယ်၊ ထမင်းချိုင့်ပို့ပေးပါ ပြောတယ်'

'ဘယ်နှစ်ယောက်လဲ သား'

'တယောက်တည်း အမေ၊ ဪ....ဒါနဲ့ ကျန်တဲ့ ဧည့်သည် တွေ အတွက်ကတော့ ထုံးစံအတိုင်းပေါ့၊နောက်နေ့တွေအတွက် ဟင်းစား သွားရှာဦးမယ် အမေရေ၊ ထမင်းကျက်ယင်သာ ပို့ လိုက်ပါ'

* * *

www.burmeseclassic.com

www.burmeseclassic.com

‘ထမင်း လာပို့တာပါ’

‘ဩော်....ဘယ်သူများလဲလို့’

‘မရှိဘူးကိုး’

စိုးဦး ညိုသူအား မှတ်မိသွားသည်။

ညိုသူ၏ အသွင်ကို ကြည့်၏။

တီရှပ်အင်္ကျီပေါ်တွင် ခရုပုတီးများ အပြည့်နေရာ ယူထား သည်။

ခေါင်းမှာလည်း အုန်းလက် ဦးထုပ် ဆောင်းထား၏။



အစထွက်ပြီး ရှုပ်နေသော ဦးထုပ်နှင့် ပုံစံအမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ ခရုပုတီးများ နှစ်ခုကြားမှ ညိုသူ၏ မျက်နှာသည် ရှင်းရှင်းလေး လှနေသည်။

စိုးဦး လက်ဖျစ်တချက် တီးလိုက်သည်။

ထမင်းချိုင့် မယူပဲ အခန်းထဲ ပြန်ဝင်သွား၏။

‘နောက်ထပ် ဓာတ်ပုံ ရိုက်ဦးမလို့လား၊ ဒီမှာ တွေ့လား၊ ထမင်းချိုင့် ပြန်ယူသွားမယ်’

စိုးဦးက ဓာတ်ပုံ ခိုးရိုက်သည့် ကိစ္စကို ထွန်းမြင့်ကို ပြောပြရယင် ကောင်းမလား။

ဒေါသကြီးပါဘိနဲ့။

ပြီးတော့ အစ်ကို ထွန်းမြင့်က ဒုံးဆို ဒိုင်းလိုက်ချင်သည်။

စိတ်မြန်သည်။

တော်ကြာ သူခေါ်လာတဲ့ ဧည့်သည် သူပြန်နှင်ချနေယင် အခက်။

ပြီးတော့ ကိုထွန်းမြင့် သူတို့ မိသားစုမှာက နွေရာသီမှာ ပီးညှိဆောင် ငှားသည့် ဝင်ငွေကလေးက ထောက်ပံ့နေသည် ပေါက်လား။

နေပါ့စေလေ....မပြောတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပြီး ခေတ်ပုံရိုက်ခံရတာကလည်း ဘာမှ မကြီးကျယ်ပဲ။
သူများတွေဖြင့် ခေတ်ပုံ အရိုက်ခံချင်လွန်းလို့။
မျက်နှာဖုံးပုံ ပါချင်လွန်းလို့။

ညိုသူက ခေတ်ပုံအရိုက်မခံချင်တာတွေတော့ မဟုတ်ပါ ပါဘူး။

ဒါပေမယ့် သူ့ကို ခိုးရိုက်တာသာ မကျေနပ်တာ။

ဒီလူနှင့် တွေ့လျှင် ခေတ်ပုံပြဿနာ ရှင်းရမည်ကို ညိုသူ သိပြီး ဖြစ်၏။

မတွေ့လျှင် ရသည်။

ဒေါ်တင်ကြီးက ဧည့်သည်များ ထမင်းကျွေးပြီးလျှင် သူ ပို့မည်ဟု ပြော၏။

ထွန်းမြင့် ပြန်လာလျှင် ပို့ခိုင်း၍ ရသည်။

ညိုသူ လုပ်စရာ မလို။

သို့ရာတွင် ထမင်းပို့ တာဝန်ကို မိမိ ဘာဖြစ်လို့ ယူမိသည်ကို မစဉ်းစားတတ်။

တခြားသူဆိုလျှင် ထားတော့၊ ကမ်းခြေမှာ မိမိနှင့် ပြဿနာ တက်ခဲ့သည့်လူ၊ ထွန်းမြင့် 'ဧည့်သည်ရတယ်' ပြောကတည်းက ခြံဝကို လှမ်းကြည့်တော့ ဒီလူမှန်း သိသည်။

'ဟာ....ပြန်တော့ ယူမသွားပါနဲ့ဗျာ၊ ကျွန်တော် ထမင်း စောင့်နေပါဦးမယ်၊ မ ရှိဘူး၊ မကြိုက်ယင် ခေတ်ပုံမရိုက်တော့ ပါဘူး'



'ဘယ်မှာလဲ မ/ရှိဘူး၊ မနောက်နဲ့နော်၊ အဲဒီလို နောက်ယင် ထမင်းချိုင့် ပြန်ယူသွားမှာ'

'ခက်ပြီ၊ ထမင်းချိုင့်နဲ့ အကျပ်ကိုင် ခြိမ်းခြောက်တဲ့လူတော့ တွေ့နေပြီ၊ ဆာနေတဲ့ လူဆိုတော့ မရှိဘူးကို လက်နက်ချ ပါတယ်ဗျာ'

'နောက်ပြန်ပြီလား'

'သောင်ပြင်မှာ ခင်ဗျား ပြောသွားတဲ့ ခင်ဗျားရဲ့ နာမည် ဟုတ်လား၊ မဟုတ်ယင်လဲ မခေါ်ပါဘူး၊ နာမည်ပြောပေါ့'

ညိုသူ ဖြတ်ကနဲ စဉ်းစားပြီး အကျပ်ရိုက်သွားသည်။

ပြီးမှ တဖန် နောက်ချင်စိတ် ပေါ်လာသဖြင့် နံရံတွင် ထပ်ထားသော ရုပ်ရှင်မင်းသမီးများပုံကို လက်ညှိုးထိုးပြ၏။

'မေဝင်းမောင်'

ခေါင်းယမ်းပြလိုက်သည်။

'ခင်သီတာထွန်း'

'ခိုင်ခင်ဦး'

'မို့မို့မြင့်အောင်'

'တင်နီလာဝင်း'

'ဆွေဇင်ထိုက်'

'ယဉ်ယဉ်အေး'

ဟင်....ခင်ဗျား ဘာလဲ မနောက်ပါနဲ့၊ မင်းသမီးပုံတွေက ကုန်နေပြီ ညိုသူ လက်ညှိုးထိုးပြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်အေးပုံက နောက်ဆုံးပုံပဲ။

ညိုသူသည် စိတ်ပျက်ဟန်ဖြင့် နှုတ်ခမ်းတချက် တွန့်လိုက်၏။

ပြီးမှ လက်ညှိုးထိုးပြပြန်သည်။

စိုးဦး ခပ်ကြောင်ကြောင်ပင် ဖြစ်နေပြီ။

'ပုံက ကုန်ပြီ၊ ဟိုဘက်မှာ မရှိဘူး'

'အဲဒီဘက်က မရှိဘူး ဆိုတာပေါ့၊ ကဲ....'

ညိုသူသည် ပခုံးနှစ်ဘက် တွန့်ဆင်းသွားသည်။

ကျေနပ်သွား၏။

နည်းနည်း ပျော်သွားသည်။

သူသိပြီးသားနဲ့။

ညိုသူ့ နာမည်ကို မေးပြီး

'ညိုသူ့ အကြောင်း သိသွားမယ်'

လို့ ပြောခဲ့တယ် မဟုတ်လား၊ အဲဒါ သူကလဲ နာမည်ကို စကားပြောယင်းထည့်ပြောတယ်၊ သိလားလို့ မေးခဲ့သားနဲ့။

ညိုသူ့ နာမည်ကို သူ သိပြီးသားနဲ့၊ အဲဒါကို ခု ထက်ထိ မရှိဘူးလို့ ခေါ်နေသေးတယ်။

ကြည့်ရတာကွာ သဘွေးပုံစံပဲ။

ဒါပေမယ့် ခုခေတ်မှာ ချမ်းသာတဲ့လူတွေက ပုံစံအမျိုးမျိုး မဟုတ်လား။

မှန်ကန်တဲ့နည်းနဲ့ချမ်းသာတာလား၊ မမှန်မကန်လား၊ ပိုက် ဆံရှိတိုင်း ချမ်းသာတယ်လို့မှ ပြောလို့ မရတာ။



ဘာပဲဖြစ်ဖြစ်လေ ကြည့်ရတာတော့ လူရည်သန့်ပါပဲ။

ညိုသူသည် စိုးဦးနှင့် ပတ်သက်၍ စဉ်းစားခန်း ထုတ်ယင်း လာခဲ့သည်။

ဟိုအဝေး ခပ်လှမ်းလှမ်းမှာ ကိုထွန်းမြင့်ကို တွေ့ရသည်။

တွေမှန်း မသိ။

တောင်းတလုံးနှင့် ထမ်းလာသည်။

ဘာကယ်တော့ ကိုထွန်းမြင့်ဟာ လူရိုးလူဖြောင့်ပဲ။

တနည်းအားဖြင့် ပြောယင်တော့ လူရိုးလူမိုက်ပဲ။

သူက ရိုးရိုးသားသား ဆက်ဆံ ပြောဆိုနေထိုင်သည်။

ဘယ်သူ့ကိုမှာလဲ မကောက်ကျစ်၊ အဲ....

သူ့အပေါ်လည်း ဘယ်သူမှ လာပြီး မကောက်ကျစ်နဲ့။

ထစ်ကနဲ ဆိုရိုက်ပြီးသား ဖြစ်နေတတ်သည်။

ဒါကြောင့် သူ့ကို အရပ်က ဖြုံသည်။

မလိုမုန်းထားသူများ လာတော့ လူမိုက်၊ လူဇော်၊ လူတော၊ မိုက်ကားလို့ ပြောကြသည်။

သူ့အကြောင်းပြချက်နဲ့ သူကတော့ သိပ်မဆိုးပါဘူး။

ခေတ်ပုံရိုက်မယ်လို့ ပြောလိုက်ယင် ခွင့်မပေးမှာစိုးလို့ ဒါမှ တ်လဲ ခေတ်ပုံအရိုက်ခံရတော့ ဘယ်လိုနဲ့၊ နဂို လှနေတဲ့ အထားလေး ပျက်သွားမှာ စိုးလို့ စသဖြင့်ပေါ့။

ဘာပဲဖြစ်ဖြစ် ညိုသူ ကြည်နူးစိတ်ကလေး ဖြစ်မိတာတော့ ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ ဒေါ်ကြီးစိန်က မေးသည်။

'ညွှန့်သည်က တယောက်တည်းလား'

'ဟုတ်တယ် ဒေါ်ဒေါ်'

မဟုတ်ဘူးလေ၊ ဟိုဘက်ခန်းကော ညွှန့်သည် မရှိသေးဘူး၊ လားလို့ မေးတာ'

'အင်း....သတိမထားမိဘူး'

'မနက်က မောင်အုန်းစိန်ပြောတော့ ညွှန့်သည် လင်မယား နှစ်ယောက်ပါမယ်ဆို'

'ကျွန်မ အဲဒီ ကိစ္စမသိဘူး၊ အစ်ကိုအုန်းစိန်လဲ ဟိုမှာ လာနေပါပြီ'

တောင်းတတောင်းကို ထမ်းပြီး လာနေတာ ကိုအုန်းစိန်ကို လှမ်းပြလိုက်သည်။

ညိုသူ့ အနေနဲ့က ပင်လယ်ကမ်းခြေကို အပန်းဖြေဖို့ လာခြင်း မဟုတ်ပါ။

ညိုသူ့ ဘဝ အခြေအနေက အမိမဲ့မို့ ခိုကိုးရာ ဖခင်သာ ရှိသည်။

ဖခင်ကလည်း နောက်အိမ်ထောင်နှင့်။

ပြီးတော့ ညိုသူ့ကို သိပ်ဂရုစိုက်ထားနိုင်ခဲ့သည် မဟုတ်။ ညိုသူ့ ဖခင် အပြစ်ရယ်လို့တော့ ပြောလို့ မရနိုင်ပါ။

ဖခင် ကိုယ်နှိုက်ကလည်း လက်လုပ်လက်စား။



အစိုးရ အမှုထမ်း အဖြစ်မှ လုပ်သက်ပြည့် ပင်စင်ယူပြီး နောက်ကြုံရာ ကျပမ်းအလုပ်တွေ လိုက်လုပ်နေရသူ။

တခါတလေ လက်သမားဆရာ၊ တခါတလေ ပန်းရန်ဆရာ၊ တခါတလေကျတော့ မော်တော်ကား ဝပ်ရှော့မှာ ကူညီသူ။

တခါတလေတော့ ဈေးသည်။

မိထွေးက ဆိုးလို့တဲ့လား၊ အဲသလောက်ကြီးလဲ ပြောလို့ မရ။

မိထွေးဆိုတော့ အမေအရင်းလို ချစ်ခင်ကြင်နာမှု အပြည့် ပေးနိုင်တာကို အပြစ်လို့ ဆိုလို့ မရ။

ပြီးတော့ ညိုသူ့မှာ မောင်လေးတယောက် ရှိသည်။

သူလည်း ကျောင်းတက်လက်စ။

ရှစ်တန်းကို ဘဖုန်းဖုန်းကျနေသူ။

နောက် ညိုသူ့ ဖေဖေ နောက်အိမ်ထောင်နှင့် တွေ့သည်။

မောင်လေး ညီမလေး ဗုစုခရူတွေက ရှိသေးသည်၊ သည်တော့ ညိုသူ့ကို သူ့ဖေဖေက ဘယ်လိုလုပ်ပြီး သိပ်ဂရုစိုက်နိုင်မည်လဲ၊

ညိုသူ့ ဆယ်တန်း(ခ)နဲ့အောင်ပြီးတော့ ကျောင်းက ထွက်ခဲ့ရသည်။

ညိုသူ့အတွက် လုပ်စရာ အလုပ်ရှာရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မိတွေးက ဈေးရောင်းတော့ ဈေးကူ ရောင်းမလား၊ ပထမပိုင်းတော့ ဈေးရောင်းကူပါသေးသည်။

ဒါပေမယ့် အဆင်မပြေ၊ ဈေးရောင်းတယ်ဆိုတာကလည်း သူ့ပစ္စည်းနှင့်သူ၊ သူ့မိတ်နှင့်သူ၊ သူ့ကျင်လည်မှုနှင့်သူ။

ညိုသူ့လို မတောက် တခေါက်ကလေးနဲ့ ဈေးဆိုင်ကူရောင်းပေးတော့ ဈေးဆိုင်မှာ ကသောင်းကနင်းတွေ ဖြစ် ကုန် တာပေါ့။

သူတို့ ဈေးဆိုင်ကလည်း ဆိုင်ကြီး ကနားကြီး အတည်တကျမှ မဟုတ်ပဲ။

ဈေးကြီး အပြင်ဘက်တန်းမှာ ဗန်း ချ ပြီး ရောင်း သည်၊ ဗန်းဈေးသည်။

ကိုင်သည့် ကုန်က ရာသီကုန်။

ရာသီကုန်ဆိုတာကလည်း ရာသီအလိုက်၊ ဈေးအတက်အကျကို သေသေချာချာချိန်ပြီးမှ ရောင်းလို့ဝယ်လို့ရသည့် ပစ္စည်း။

အတက် ဈေးနှင့် ကုန်များများ ဝယ်မိလျှင် မဖြစ်။

ပြီးတော့ ဈေးက အမြဲ ကစားနေသည်။

မနက် ဈေးတမျိုး၊ ညနေကျ ဈေးတမျိုး ပြောင်းတတ်သည်။

သည်လို အရောင်းအဝယ်ကို ညိုသူ ဘယ်လိုလုပ်ကျင်လည်နိုင်မှာတဲ့တုန်း။

သည်တော့ ပထွေး လုပ်သူနှင့် အဆင်မပြေတော့။



စက်ချုပ်သင်ဖို့လည်း စဉ်းစားသေးသည်။

ကဲ....ချုပ်တတ်ပါပြီတဲ့၊ စက်တလုံးဝယ်ဖို့ဆိုတာ လွယ်မှတ် လူများဆီမှာ အငှား ချုပ်ရတာဖို့က ခါးတောင့်အောင်၊ တွေ လက်တွေ ကွေးလို့ ဆန့်လို့ မရလောက်အောင် လုပ် ါမှ တနေ့ တဆယ် ဆယ့်ငါးကျပ်ထက် ပိုမရနိုင်။

ညိုသူ စက်ချုပ် ဝါသနာလည်း မပါ။

ဝါသနာပါတာ မပါတာ ခဏထား၊ မလုပ်မဖြစ် လုပ်ကို ပ်ရတော့မည်ဆိုလျှင် လုပ်ရမှာပါပဲ။

အရိုးများသလား၊ ဈေးခါးသလား တွေးနေနိုင်ခွင့် ညိုသူ့ မရှိ။

ခက်သည်က စက်ချုပ်တတ်ပြီးသည့်တိုင်၊ အလုပ်ရှာမလွယ်ကူ းပင်။

မိတ်ကပ်ဆံပင်၊ အလှပြင်၊ ကိစ္စတော့ကော၊ အလှပြင် သင် း‌တွေ ရှိပါရဲ့၊ တတ်ဖို့ လိုအပ်မယ်ဆိုလျှင်လည်း သင်တန်း းကို မရမကစုပြီး တက်ချင်ပါရဲ့၊ ဒါပေမယ့် ဆိုင်ဖွင့်ဖို့ကိုက နိုင်။

သည်တော့ သူများဆီမှာလဲ လခစားလုပ်ရမည်။

အဲသည်မှာ တတ်အောင်အထိ စားဝတ်နေရေး ပြီးတော့ သင်စရိတ်၊ အဲဒါတွေကို ညိုသူ တို့ ဘယ်လိုလုပ်ပြီး ရင်းနှီး ဖွရပါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲသလို စိတ်ပျက်ပျက်နဲ့ဖြစ်နေတုန်းမှာ ကံကလေးကောင်းလာလို့နဲ့တူပါရဲ့။

အဒေါ်တယောက်က သူ့အသိတယောက်ရဲ့လုပ်ငန်းတခု အလုပ်သွင်းပေးတယ်။

လုပ်ငန်းက ပုဂ္ဂလိကလုပ်ငန်းပါပဲ၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်း၊ ပလတ်စတစ်အိတ်တွေလုပ်သည်။ အရောင်းဘက်မှာ ပထမ စကူလုပ်ပေးရသည်။ စာရင်းဇယားလေး ရေးရသည်၊ ဘယ်သူ့ကို ဘယ်လောက်ရောင်းလိုက်၍ ဘယ်လောက်ရသည်၊ ဘယ်သူ့ကို ဘယ်လောက်ပေးလိုက်ရ၍ ဘယ်လောက်ကုန်မှာ သည်၊ စသည်ဖြင့် ငွေစာရင်းလေးတွေမှတ်ပေးရသည်။ ငွေကိုင် တော့ မဟုတ်၊ ဒါပေမယ့်....

တခါတရံတော့ သူ့ကို ငွေတွေ အပေးအယူ လုပ်ခိုင်းသည်။

စိတ်ချယုံကြည်စွာ ငွေအပ်သည်။

ပလတ်စတစ်အိတ်တွေ ထုပ်ပိုးဖို့ လိုအပ်လျှင်လည်း ဝိုင်းပြီး ထုပ်ပိုးပေးရသည်။ စက်ရုံနှင့်အရောင်းဆိုင်၊ ကုန်ပစ္စည်း အတင် အပို့ အချအကူ တို့ကိုလည်း စာရင်းမှတ်လိုက်ရသေးသည်။

စာရေးလိုလို၊ ငွေကိုင်လိုလို၊ စာရင်းကိုင်လိုလိုနှင့် ဘာရာထူး မှ မည်မည်ရရ မရှိပဲ အလုပ်လုပ်ခဲ့ရသည်။

ပိုင်ရှင်က တရုတ်ကပြားအဘွားကြီး။ သူ့သားတွေက စက်ရုံ မှာ တယောက်၊ အရောင်းဆိုင်မှာ တယောက်။



သူတို့ သဘောကောင်းကြပါသည်။

ညိုသူသည် တတ်သလောက်၊ မှတ်သလောက် စနစ်တကျ လေး လုပ်ပေးခဲ့သည်။

သည်တော့ အဲဒီ မိသားစုက ညိုသူ့ကို ခင်သည်။

ချစ်သည်၊ လခ နှစ်ရာအပြင် တခါတလေ အင်္ကျီစကလေး ထမီကလေး ဝယ်ပေးတတ်သည်။

အဲဒီ အလုပ်ကလေးမှာ ဟန်ကျမယ်ရှိသေး။

ကုန်ကြမ်းပြဿနာက ပေါ်လာသည်။

အလုပ်က ပြတ်တလှည့်၊ လပ်တလှည့် ဖြစ်ပါသည်။

စက်ရုံမှာ မီးမလာလို့ အလုပ်ပျက်သည့်အချိန်က များ လာ သည်။

ဒါပေမယ့် ဖောက်သည်မပျက်အောင်တော့ လုပ်ငန်းရှင်က ကြံဖန်ပါသည်။ သူ့ဆီမှာ ပစ္စည်းမရှိလျှင် တခြားတနေရာက ဝယ်ပြီး ဈေးရင်းနှင့် ပြန်ရောင်းသည်။

သည်လို သူတို့လုပ်ငန်း အကြပ်အတည်းနှင့် ရင်ဆိုင်လာရ တော့ ညိုသူ့လို အလုပ်သမားတကောက်ကို အပိုလူ အဖြစ်နှင့် မထားနိုင်တော့။

ရှင်းရှင်းကလေးပါပဲ၊ သူတို့ စီးပွားရေးလုပ်ငန်းရှင် ဆိုတာ မျိုးက စီးပွားရေးနှင့် ပတ်သက်လာလျှင် ပြတ်သားတတ်သည်။

ညိုသူ့ကို နှစ်နာကြေးသဘောမျိုး ငွေရှစ်ရာပေးသည်။

www.burmeseclassic.com



'အလုပ်က ပါးသွားပြီကွယ်'

ဟု အဘွားကြီးက ပြောသည်။

အလုပ်ထုတ်လိုက်သည်ပဲ ဆိုပါတော့။

ဒီအချိန်မှာ ဒေါ်ကြီးစိန် ရန်ကုန်ကို အလည်လာခိုက်နှင့် ကြုံသည်။

ပေလီမှာ သူတို့ ဧည့်ဆောင်ကလေးလုပ်ပြီးငှားသတဲ့၊ အား လို့ အလည်လိုက်ချင်လိုက်ခဲ့ပါလားတဲ့။ ဟိုမှာ ဧည့်သည်ေ အတွက် ထမင်းဟင်းချက်ပေးရတာလောက်တော့ ရှိမပေါ့တဲ့။

သည်လိုနှင့် ညိုသူ ပေလီကို ပါလာခဲ့သည်။

လေယာဉ်ပျံနှင့် မဟုတ်ပါဘူး။

တောင်ကုတ်လမ်းကနေ ခရီးသည်တင် မော်တော်ကား လာခဲ့ကြတာပါ။

ညိုသူ အဲဒီခရီးစဉ်မှာ ပျော်ပါသည်။

ပြည်အထိကတော့ ရထားနဲ့လာခဲ့ကြတယ်။

ပြည်ကနေ ပန်းတောင်း မကူးခင်၊ ရွှေဆံတော် ဘုရား ဖူးခွင့်ရလိုက်သေးသည်။ ပန်းတောင်းကနေ တောင်ကုတ်လမ်း တလျှောက်ကတော့ မရောက်ဖူးသေးသူအတွက် အထူးအဆန်း တွေချည်းပါပဲ။

ညောင်ကျိုးစခန်းဆို သိပ်သာယာသည်။



တောင်ကျော်တောင်ကြား လမ်းကလေးက အကွေ့အချိုး နှင့် ညောင်ကျိုးစခန်းတ ကားတွေ ရပ်နားကြသည့် နေရာ၊ တလေးတွေ တန်းစီပြီး ထိုးထားသည်။

သည်နေရာမှာ တောကောင်တွေရဲ့ အသားတွေလည်း ရောင်း သည်။

တဲတန်းကလေးတွေမှာ ထမင်းဆိုင်အများစု၊ အဲဒီ တဲတန်း လေးတွေရဲ့ နောက်နားမှာ ယာခင်း တချို့ရှိရဲ့။

လမ်းချိုးအကွေ့ကလေးကို တက်လိုက်လျှင် အနောက်ရိုးမ တောင်တန်းတွေကို အဆင့်ဆင့်ထပ်လျက် တွေ့ရနိုင်သည်။

ပြီးတော့ အဲဒီ ညောင်ကျိုးမှာ ပန်းခင်းလည်း ရှိသည်။ တောင်ကုန်းကလေးတကုန်းရဲ့ ဆင်ခြေလျှော တလျှောက်မှာ ထားသည့် ပန်းခင်း၊ လှ....လှပါဘိနဲ့။

ပန်းခင်းကြီးရယ်၊ တောင်တန်းပြာပြာကြီးတွေရယ်၊ ညိုသူ့ ပြီးတော့ အဲဒါတွေဟာ အိပ်မက်ထဲ ရောက်နေရသလိုပါပဲ။

သည်နောက်တော့ ရိုးမကိုဖြတ်ရသည်မှာခရီးပမ်းသလောက် ည်နှုးစရာများနှင့် တွေ့ရသည်။

တောတွေ တောင်တွေ လျှိုတွေ မြောင်တွေ စိမ့်တွေ မ်းတွေ။

ပြီးတော့....

ကားလမ်းတလျှောက်ကြီး သည်အတိုင်း မောင်းလို့ ရတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ချောင်းငယ်မြစ်ငယ်ကလေးတွေကို ကူတို့နှင့်ဖြတ်ရ သေးသည်။

'ဇက်ကရပ်' လို့ ခေါ်တဲ့ ဟာမျိုး အသေးစားတွေပေါ့။

အမှန်ကတော့ ဖောင်အကြီးကြီးဖွဲ့ပြီး အဲဒီ ဖောင်ပေါ် မော်တော်ကားတင်၊ လူတွေတင်၊ ဖောင်ကိုထိုးပြီး တဘက်ကမ်း က တခြားတဘက်ကမ်းကိုကူး။

အဲဒီအချိန်ကလေးတွေကလည်း ပျော်စရာပါ။

စိတ်ညစ်စရာဆိုလို့ကတော့ အမူးသမားတွေ ပါလာတဲ့ကိစ္စ ပါပဲ။

ဒါပေမယ့် အမူးသမားတွေ ပထမ ကြောက်စရာကောင်း သလိုလိုနဲ့ သူတို့ မူးလာပြီဆိုလျှင် ရယ်စရာတွေ ဖြစ် ဖြစ် သွား တတ်တယ်။

ကသူက၊ ခုန်သူခုန်၊ သီချင်းဆိုသူဆိုနှင့် ပြီးတော့ ထပ်ဖျ တလဲလဲ တောင်းပန်တတ်သူများလည်း ရှိသေးသည်။ ဂျီကျတဲ့သူ ဆိုလျှင်တော့ သူတို့ချင်းထိန်းကြသည်။

ညိုသူ တို့ကတော့ အဲဒီလူတွေနှင့် ခပ်ဝေးဝေးနေခဲ့သည် ကူတို့ဆိပ်တခုကို ကူး တော့ ကားဘေးမှာ တချို့ ရပ်လိုက်ကြ သည်။

ညိုသူ့ကို ကိုရွှေအမူးသမားများက ကွက်ကြည့်၊ ကွက်ကြည့်



ယ်ရာက မူးလာတော့ ရဲရဲကြည့်ကြသည်။ သူတို့ချင်း သူတို့ချင်း န်ထိန်းကြတာကလည်း ရယ်စရာကောင်းသည်။

'ဟေ့ကောင်....မင်း ကောင်မလေးကို ကြည့်တဲ့အကြည့်က အား သိပ်များနေတယ်ကွ၊ နည်းနည်းလျှော့ပါ'

အကြည့်စူးရဲသူတယောက်ကို သူ့ သူငယ်ချင်း တယောက်က နားကပ်ပြီး တိုးတိုး သတိပေးတဲ့ စကားပါပဲ။

ဒါပေမယ့် သူ ပြောလိုက်တာက တိုးတိုးလေး မဟုတ်ဘူး၊ အားလုံး ဘေးလူတွေကြားရလောက်အောင် ကျယ်နေသည်။

သည်တော့

'ဟုတ်လား၊ ငါများ မှားပြီထင်တယ်၊ ဆောရီး၊ ဆောရီး'

ပြန်ပြောတဲ့လူကလည်း တိုးတိုးရယ်၊ လိုက်ပြောတာလဲ ဖြစ် ပါ။

သို့သော်၊ အကျယ်ကြီး။

အားလုံး ပြုံးစိစိ ဖြစ်ကုန်ကြသည်။

ပြီးတော့ သူတို့နှစ်ယောက်၊ ကူတို့နောက်ပိုင်းကို ထိန်း ရှိ ာက်သွားကြသည်။ ထိန်းသည် ဆိုသော်လည်း ယိုင် ထိုး ထိုးနှင့် ဘေးကလူနှစ်ယောက် မြင်မကောင်းသဖြင့် ဝင်ထိန်း ပေးလိုက်ရသည်။

သည်အနောက်ရိုးမ ဘက် ခြမ်း မှာ က အရက် သောက် သောက်ကြမ်း များသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာဖြစ်ဖြစ်ပါလေ၊ ယောကျ်ားတွေဟာ သောက်… လူ မျှားတာပါပဲ။

ရွှေလှေဆိပ်ကို ကူးတော့ သဲသောင်လွင်လွင်ကလေးတွေ … ရတယ်၊ ကျောက်စရစ်ခဲကလေးတွေကိုလည်း ရေကြည်အော… မှာ တွေ့ရသည်။

ညိုသူ အဲဒီမှာတည်းက ရေဆင်းချိုးချင်လှပြီ။

သည်လိုပဲ ငိုက်ယင်းပြုယင်းနှင့် ကင်းမှော်ဆိပ် ရောက်… သည်။

ကင်းမှော် ကုတ္တိုဆိပ်ကလည်း တမျိုးလှတာပါပဲ။

သံတွဲနဲ့ နီးနေပြီမို့၊ မြို့ရိပ်မြို့ရောင် ကလေးတွေ သန်း… ပါပြီ။

ကင်းမှော်ကို ကူးပြီး သံတွဲကို အကြာကြီးနေမှ ရောက်မယ်… ထင်တာ၊ တကယ်သွားလိုက်တော့ အနီးလေး။

ခဏလေးနဲ့ သံတွဲ ရောက်ခဲ့တာပါပဲ။

သံတွဲနဲ့ငပလီ ကတော့ လိုင်းကားတွေရှိရဲ့။

ဒေါ်ကြီးစိန်တို့အိမ်လည်း ရောက်ရော။

ဘာ မှ သိပ် ပြောမနေတော့ဘူး၊ ပစ္စည်းတွေ ချပြီးတာ… ပင်လယ်ကမ်းကို ပြေးဆင်းခဲ့တာပါပဲ။

အို…ပင်လယ်ကြီးပါလား၊ တဘက်ကမ်းကို ဘယ်လိုမှ လှမ်… မမြင်နိုင်တဲ့ ပင်လယ်ပြာကြီးပါကလား။



လှိုင်းတွေ ပြေးပြေးတက်လာလိုက်၊ ပြန်ဆင်း သွားလိုက်နဲ့ သဲသောင်ပြင်ကြီးကလည်း ညက်လို့၊ ပြန့်လို့။

ကမ်းစပ်မှာ ခဏရပ်လိုက်သေးသည်။

ပြီးတော့မှ ဖြည်းဖြည်းချင်း ရေပြာလှိုင်းတွေဆီ လျှောက်သည်။

ပင်လယ်လှိုင်းလုံးက သူ့ခြေရင်းကို လာ၍ထိသည်။

လှိုင်းဖြူဖြူကလေးတွေက ပြေးလာပြီး အ နား ရောက် မှ ပြန်ဆုတ်သွားတတ်သည်။

ရေကျနေချိန်မှန်း သူ မသိသေး။

သူက ရှေ့တလှမ်းတိုးလိုက်။

တက်လာတဲ့လှိုင်းဖြူစိမ့်စိမ့်ကလေးက ဆုတ်သွားလိုက်။

သူ ပင်လယ်ရေနှင့်ထိချင်လှပြီ။ သို့သော် သိပ် ရဲရဲတင်းတင်း ကြီးလည်း ပြေးမဆင်းရဲသေး။

တလှမ်းချင်း တိုး၍တိုး၍ သွားသည်။

ပင်လယ်လှိုင်းလုံးကလေးတွေက သူ့ခြေထောက်ကို လာထိသည်။ အေးသည် အနေတော်ကလေး။

ဒေါ်ကြီးစိန်က သူ့ဆီလိုက်လာပြီး ခေါ်သည်။

ခဏနားလိုက်ဦး သမီးရဲ့၊ တော်ကြာမှချိုး၊ ပြီးယင် ရေမျိုး ထပ်ချိုးရမယ်။

အဲဒီညနေမှာ သူ အပျော်ကြီး ပျော်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအုန်းစိန်က ပုစွန်တုပ်တွေ မီးဖုတ်ပြီး ကျွေးသည်၊ ငါး ခြောက်ကို ဆီနိုင်နိုင်နှင့် သုတ်စားရသည်မှာလည်း အားရပါးရ ရှိလှသည်။

ထိုနေ့ည လသာသာမှာ ပင်လယ်ကမ်းကို တခဏလောက် လျှောက်လိုက်သေးသည်။ ကိုအုန်းစိန်ကြီးက သူ့နှမကို လိုက် စောင့်ရှောက်သည်။

ပထမတော့ သတိမထားမိ၊ နောက်မှ ကိုအုန်းစိန်ကြီး ခါးကြားမှာ ဓားတလက်ထိုးထားသည်ကို တွေ့လိုက်ရမှ ညိုသူ လန့်သွားသည်။

ကိုအုန်းစိန်က စိတ်ဆတ်သူ မဟုတ်လား။

တော်ကြာ ပြဿနာဖြစ်ပါလျှင် အခက်။

ဒါနဲ့ပဲ သိပ်ဝေးဝေးလံလံ လမ်းမလျှောက်တော့ပဲ အိမ်ပြန် ခဲ့၏။

နံနက် မိုးမလင်းတလင်းမှာ ညိုသူ အိပ်ရာက ထမြဲ နောက် တနေ့ နံနက် နေထွက်တမြူလောက်မှာ သူဘယောက် တည်း ကမ်းခြောက် ထွက်ခဲ့သည်။

ပထမ သဲဖွဖွများကို နင်းရသည်၊ အုန်းလက် ကြွေ တွေ က ဟိုတစသည်တစ ပြန့်ကြဲလျက်။

ပုန်းညက်ပင်ကြီးများကတော့ အရိပ်အာဝါသကောင်းစွာ ပေးနေသည်၊ ကိုင်းညွတ်ကိုင်း ကွေး ကြီး များ အောက် ဖြတ် လျှောက်ရတာကိုက ကြည်နူးဖွယ်ကောင်း၏။



ပြီးတော့ သဲသောင်စပ်။

တက်ရေရောက်သော နေရာမှစ၍ သဲသောင်စပ်သည် ညီညာ ပြန့်ပြူးလာ၏။

အဲဒီ သဲပြင်ပေါ်မှာက မစို့တစို့ကလေး လမ်းလျှောက်လို့ သိပ်ကောင်းသည်။

တနေရာမှာ သူထိုင်သည်။

ပြီးတော့ သဲသောင်ပေါ်မှာ တုတ်ကလေးနှင့် ဟိုခြစ် သည်ခြစ် ခြစ်နေမိသည်။

ပင်လယ်ပြာကြီးကို ကြည့်လိုက်၊ လှိုင်းလုံးတွေ ကြည့် လိုက်။

သူ ကြည်နူးနေသည်။

သဲပြင်ပေါ်မှာ ကဗျာကလေးတပုဒ် ရေးကြည့်ရကောင်း လား။

သူ စဉ်းစားသည်။

ဒါပေမယ့် ကဗျာ သေသေချာချာ မစပ်တတ်။

ဘာဖြစ်လဲတော့၊ သဲပေါ်ရေးတာပဲ၊ တော်ကြာ ရေတက် လာယင် အဲဒီကဗျာကလေးတွေ ပျက်သွားမှာပေါ့။

ဒါမှ မဟုတ် ကိုယ့်ဖာသာကိုယ် ဖျက်ပစ်လဲရတာပဲ။

'ရေလှိုင်းပြာပြာ'

ဆက်ပြီး ဘာရေးရမှန်း မသိ။

www.burmeseclassic.com

www.burmeseclassic.com



သူ စဉ်းစားနေသည်။

အဲဒီအချိန်မှာပေါ့။ သူ့ဖာသာသူ စဉ်းစားပြီး ဒူးပေါ်လက်ကလေး တဘက်တင်၊ လက်ဖမိုးလေးပေါ် မေးကလေးတင် ပင်လယ်ကို ကြည့်။

'ခြောက်'ကနဲ အသံကြားလို့ လှည့်ကြည့်လိုက်တော့ မလှမ်းမကမ်းမှာ လူတယောက် ကင်မရာတလုံးနှင့်....

သူ့ကို ဓာတ်ပုံရိုက်နေသည်။

သူလှည့်ကြည့်လိုက်တော့ ဆပ်ရိုက်လိုက်သေးသည်။

ဒါကြောင့် ညိုသူ ဒေါပွပွနှင့် ရန်တွေ့ပစ်လိုက်သည်။

အဲဒီလူက ခုတော့ သူ့အစ်ကိုရဲ့ ဧည့်တဲမှာ ဧည့်သည်အဖြစ် ရောက်လာနေပြီ။

သူက ဝတ္တရားအရ ထမင်းချိုင့် ပို့ပေးနေရသည်။

သူ ဘယ်ကလဲ၊ ဘာလာလုပ်တာလဲ ဆိုတာတွေက ညိုသူနှင့် မဆိုင်။

ကိုအုန်းစိန်ကြီးကတော့ ပြောသည်။

ဧည့်စာရင်းတိုင်ဖို့အတွက် မှတ်ပုံတင်တွေ၊ အလုပ်အကိုင်တွေ၊ နေရပ်တွေ သွားတောင်းတော့....

သူက ကပ်ပြားတပြား ထုတ်ပေးလိုက်သတဲ့။

ဦးစိုးဦး၊ စိုးအောင်ဂျင်စီတဲ့။

လုပ်ငန်းလိပ်စာ၊ ဖုန်းနံပါတ်၊ အိမ်လိပ်စာ၊ ဖုန်းနံပါတ် အစရှိသဖြင့် ပါဝင်သည်။



အောင်ဂျင်စီဆိုသည့် ကိစ္စကို ညိုသူ နားမလည်ပါ။

ဘာတွေ လုပ်သည်ဆိုတာတော့ မသိ၊ သို့သော် အလုပ်အကိုင်ကတော့ သေးသေးမွှားမွှား ဟုတ်ဟန် မတူ။

ဘာပဲဖြစ်ဖြစ်၊ စိုးဦးကို ညိုသူ အာရုံစိုက်မိသည်တော့ အမှန်ပါပဲ။

ညနေစောင်းကျတော့ စိုးဦးနှင့် ကိုအုန်းစိန်တို့ တစုံတရာ ပြောနေသည်ကို လှမ်းမြင်ရ၏။

ပြီးတော့ စိုးဦးက ငွေထုတ်ပေးသည်။

ကိုအုန်းစိန်က လက်ခံပြီး ပြုံးပြုံးရွှင်ရွှင် ထွက်သွားသည်။

အရိပ်အကဲကို ကြည့်၍ ညနေစောင်းမှာ စိုးဦး အရက်သောက်လိမ့်မည်ဟု ခန့်မှန်းမိရသည်။

ထင်သည့်အတိုင်းပါပဲ။

ကိုအုန်းစိန် ပြန်လာတော့ စိုးဦး ဧည့်ဆောင်ရှေ့ ဝရံတာဘေးမှာ ထိုင်ပြီး အရက်သောက်သည်။

ကိုအုန်းစိန်ကို ခေါ်သည်။

ကိုအုန်းစိန်က အရက်မသောက်မဟုတ်၊ သောက်သည်။ ဒါပေမယ့် သူ့ဧည့်သည်နှင့် တွဲလျက် ဘယ်တော့မှ မသောက်။ သောက်တိုက်ပြီး အနိုင်ကျင့်မည်ကို ကိုအုန်းစိန် စိုးရိမ်သည်။

အမြည်းဘာညာ လိုချင်သမျှကို စီစဉ်ပေးသည်။

ပြီးတော့ သူ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက သူ့အပေါင်းအသင်းနှင့် သူ သွားသောက်သည်။

ဒီကြားထဲ လိုတာရှိလျှင် ဒေါ်ကြီးစိန်တို့ဆီ လှမ်းမှာပါဟု မှာခဲ့တတ်သည်။

ယခုလည်း....

စိုးဦးက 'သောက်တတ်တယ် မဟုတ်လား'ဟု မေးသည်။ ကိုအုန်းစိန်က မညာပါ။

'သောက်ပါတယ်'

'လာဗျာ၊ အဘူတူသောက်တာပေါ့'

ကိုအုန်းစိန် ခေါင်းခါသည်။

'ဆရာပဲ သောက်ပါ၊ ကျွန်တော် မသောက်ချင်ပါဘူး'

'လာပါဗျ'

'နေပါစေ၊ ကျွန်တော် သွားစရာကိစ္စလေး ရှိလို့ပါ၊ ဆ[..] လိုအပ်တာသာ ပြောပါ'

ညနေစာ ထမင်းကို ကိုအုန်းစိန် သူကိုယ်တိုင်ပို့သည်။

သူ့နှမ ညိုသူကို ညနေဘက် ထမင်းပို့ခွင့် မပေး။

'ဘာမှ အထူးအထွေ မလိုပါဘူးဗျာ၊ ကျွန်တော်[..] ပါသင့်သလောက် ပါပါတယ်၊ အဲ ငါးခြောက်သုတ် စပ်[..] ကလေးရယင်တော့ ကောင်းမှာပဲ'

ဒါမျိုးကို ကိုအုန်းစိန် သိပြီးသား၊ အရက်သောက်သူများ အကြိုက် သူ သိသည်။



သူလည်း သောက်သည် မဟုတ်လား။

အိမ်ကို ပြန်သည်။

'အမေ....ငါးခြောက်သုတ် ဖြုပ်သီးစပ်စပ် လုပ်ပေးစမ်းပါ'

ညိုသူသည် ညနေစောင်း ပင်လယ်ကမ်းခြေကို လျှောက်ချင်သော်လည်း ကိုအုန်းစိန်ကြီးကို ကြောက်၍ အပြင်မထွက်ရဲ။

သည်ကြားထဲ ကိုအုန်းစိန်က....

'ကောင်မလေး ညနေဘက် အပြင်ဘက် တယောက်တည်း သွားရဘူး၊ နင့်ဒေါ်ကြီးစိန်အားမှ ဟိုဘက်ခြံသွားလည်ချင် လည်၊ သိပ်ပြီး မကြာစေနဲ့၊ တော်ကြာ ဧည့်သည် လိုအပ်တာ ရှိယင် လုပ်ပေးလို့ရအောင်၊ မြန်မြန်ပြန်'ဟု ပြောထားသည်။

ငါးခြောက်သုတ်ကို သွားပို့ပေးပြီးနောက် ကိုအုန်းစိန်သည် သူ့မိတ်ဆွေများ ရှိရာသို့ ထွက်ခဲ့သည်။

သူလည်း တပိုင်းလောက်တော့ မော့လိုက်ချင်သေး၏။

စိုးဦးသည် နေအဝင်ကို ငေးကြည့်ယင်း အရက်ကို ဇိမ်ခံသောက်နေသည်။

ငါးခြောက်သုတ် စပ်စပ်ကလေးကလည်း စားလို့ကောင်းပါဘိခြင်း။

စိုးဦးသည် ပင်လယ်လေကို တအားရှူလိုက်၊ ငါးခြောက်သုတ်ကလေး စားလိုက်၊ အရက်ကလေး မြုံ့လိုက်နှင့် ဇိမ်ကျနေ၏။

www.burmeseclassic.com



နေလုံးကြီးသည် ပင်လယ်ထဲသို့ တဖြည်းဖြည်း နိမ့်ဝင်နေသည်။

ပထမအဝါရင့်ရောင်၊ ပင်လယ်က ပြာသထက်ပြာလာသည်။

နေက အဝါရင့်သည်ထက် ရင့်လာသည်။

နောက် နေရောင်က လိမ္မော်ရောင်ဘက် ကူးသွားသည်။

ပင်လယ်က နက်ပြာရောင် ပေါက်လာသည်။

ပင်လယ်နှင့် နေဝန်းကြီးထိသည့် နေရာနားမှာ ဇရမ်းရောင်တွေ လက်နေသည်။

စိုးဦးသည် ပင်လယ်ကြီးထဲ နေဝင်သွားသည်ကို ကြည့်ယင်း ညိုသူ့ကို မြင်ယောင်နေသည်။

သဲသောင်စပ်မှာ ဒူးကလေးတဘက်ထောင်၊ တဘက်လှဲ၍ သဲပြင်ပေါ် စာလုံးကလေးတွေ ရေးနေသည့် ကောင်မလေး တယောက်။

အစကတော့ သူ့လိုပဲ အပန်းဖြေလာသည့် မိသားစုထဲက မိန်းကလေးတယောက်ဟု ထင်သည်။

သူက ဓာတ်ပုံရိုက် ဝါသနာပါသည်။

သည်လို လှလှပပ နွဲ့နွဲ့လျလျကလေး ထိုင်နေသော မိန်းကလေးနှင့် နောက်ခံ ပင်လယ်ရှုခင်း၊ အုန်းပင်တန်းနှင့် သဲသောင်ပြင်၊ လှိုင်းဂယက်ဖွေးဖွေးတို့သည် တွေ့ခဲတိခြင်း ဖြစ်သော ရှုကွင်းတကွက်ဟု သူသဘောပေါက်သည်။



ဘာဖြစ်ဖြစ် ဒီပုံကလေး တပုံတော့ ရအောင် ရိုက်မည်ဟု ဆုံးဖြတ်ပြီး ခြေသံလုံလုံနှင့် အနားကပ် သွားသည်။ စိတ်တိုက်အနေအထားကို ယူပြီး ဓာတ်ပုံရိုက်လိုက်သည်၊ ကောင်မလေးက သူ့ဘက် လှည့်ကြည့်တော့ သမင် မျက်လုံးကလေးနှင့် သူ တပုံထပ်ရိုက်လိုက်သည်။

ရန်တွေ့ပါလေရော။

ရန်တွေ့တာကိုက ချစ်စရာ။

ဖြစ်ချင်တော့ သူတည်းဖို့ နေရာက စထရင်းမှာ မရနိုင်တော့သဖြင့် တည်းအိမ်ဘန်ဂလိုလိုက်ရှာရတော့သည်။

ဘန်ဂလိုဆိုတာက မိသားစုနှင့်တည်းမှ ကောင်းသည့်နေရာ။

စထရင်းကတော့ တယောက်တည်း၊ နှစ်ယောက်တည်း၊ တည်းလို့ ကောင်းသည်။

တည်းခိုဆောင်ကလေးတွေ သပ်သပ်စီ ဆောက်ထားသည်။

နှစ်ယောက်ခန်း နှစ်ခန်းကို ဘန်ဂလိုတလုံး အဖြစ် ဖွဲ့ထားသည်။

စိုးဦး စိတ်ကူးကတော့ နှစ်ယောက်ခန်း တခန်း ယူမည်၊ တယောက်တည်း တည်းမည်၊ သို့သော် စထရင်း ဟိုတယ်မှာ အခန်း မရနိုင်တော့။

ကြိုပြီးတော့ စီစဉ်ထား ပါရဲ့၊ ဒါပေမယ့် သူက နှစ်ရက်နောက်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ စထရင်းမှာ တည်းခွင့်မရတော့။

ယောင်ပေပေနှင့် စထရင်းက မြန်အထွက်မှာ ကိုအုန်းစိန်ကို တွေ့ရသည်။

သူ့ တည်းခိုဆောင်ကလေးကို ကြည့်ပါဟု ဆိုသည်။

လိုက်ကြည့်တော့ သူ ကြိုက်သည်။

အခန်းက နှစ်ယောက်ခန်း၊ အိမ်ရှေ့မှာ ဝါးစားပွဲအသေး ကလေးတလုံး၊ ပြီးတော့ ပက်လက်ကုလားထိုင်ကလေးနှစ်လုံး။ ဝရံတာလို နေရာကလေးနှင့်။

တည်းခိုခလည်း သိပ်မများ၊ အစားအသောက်ကတော့ စိုးဦး သိပ်ချေးမများတတ်တော့ ချက်ကျွေးတာပဲစားနိုင်သည်။

ဒါနှင့် သည်အခန်းကလေးမှာ တည်းဖြစ်သည်။

ထမင်းစားချိန် ရောက်တော့ တဲပေါ်ကို မိန်းကလေး တယောက် တက်လာသည်။

မြင်မြင်ချင်း မှတ်မိလိုက်ပါသည်။

သူ့ဓာတ်ပုံရိုက်ခဲ့သည့် မိန်းကလေး။

စိုးဦး ပျော်သွားခဲ့သည်။

စိုးဦးသည် နည်းနည်းကလေး ထွေလာပြီ ဖြစ်သည်။

နေလုံးကြီးကလဲ ပင်လယ်ထဲ မြုပ်နေပြီ၊ စက္ကန့်ပိုင်း၊ မိနစ် ပိုင်းကလေးအတွင်း နေဝင်သွားတော့မည်။



ပင်လယ်နက်ပြာပြာကြီးထဲကို နေလုံးနီရဲရဲကြီး မြုပ်သွား သည်ကို အရသာခံကြည့်နေလိုက်၏။

ငါးခြောက်သုပ်က ကုန်ပြီ။

ထပ်စားချင်သေးသည်။

နောက်ဖေးအိမ်ကလေးဘက်ကို လှမ်းကြည့်သည်။ မီးအိမ် ကလေးမှိတ်တုတ်တုတ်ကိုသာ တွေ့ရ၏။

'ဗျို...ကိုအုန်းစိန်ကြီး'

အသံမကျယ်တကျယ်နှင့် လှမ်းအော်သည်။

ထူးသံ မကြားရ။

စိုးဦး အကြံပေါက်သွားသည်။

ငါးခြောက်သုပ် ပန်းကန်ကလေး ယူ၍ နောက်ဖေးရှိ အုန်းစိန်တို့ အိမ်ဘက် လှမ်းခဲ့သည်။

မီးရောင်လဲ့လဲ့မှာ ညိုသူ ခရုပုတီးကလေးများ သီနေသည်။

ချောင်းဟန့်သံပေးလိုက်သည်။

ညိုသူ ဖြတ်ကနဲ လန့်သွား၏။

သူ့ကို ကြောက်လန့်သော မျက်လုံးကလေးများဖြင့် ကြည့် သည်။

ဘယ့်နှယ် မကြောက် ရှိပါ့မလဲ။

အရက်သောက်ထားတဲ့ လူတယောက်၊ မှောင်ထဲမှာ ရုတ်တရက် သူ့ရှေ့ရောက်လာတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



'မညိုသူ'

အသံကတော့ ပုံမှန်ပါပဲ။

'ဟုတ်....ဟုတ်ကဲ့....'

'တဆိတ်ဗျာ၊ ငါးခြောက်သုပ်ကလေး တပွဲလောက် ရ
မလား'

ကျွန်တော် ခုန ကိုအုန်းစိန်ကြီးကို လှမ်းခေါ်ပါသေးတယ်
မရလို့။

'ဟုတ်ကဲ့၊ ဟို....အစ်ကိုအုန်းစိန် အပြင် ခဏ သွားပါတယ်
ဟို ငါးခြောက် ရပါတယ်။

ဒေါ်ကြီးစိန် အတွင်းခန်းမှ ထွက်လာသည်။

'ဘာအလိုရှိပါသလဲ ရှင်'

ဒါကတော့ ဒေါ်ကြီးစိန်တို့အဖို့ လက်သုံးစကားဖြစ်နေ

'ငါးခြောက်သုပ်ကလေး ကောင်းလွန်းလို့ပါဗျာ'

'နောက်ထပ်များ ရမလားလို့'

'ဟုတ်ကဲ့ရှင့်၊ ရပါတယ်၊ ကျွန်မ လာပို့ပေးပါ့မယ် လာ
ပါနဲ့ ဒေါ်ဒေါ် ကျွန်တော် စောင့်ယူသွားပါမယ်'

'အနှောင့်အယှက်များ ဖြစ်သွားသလား'

'မဖြစ်ပါဘူး ရှင့်၊ ရပါတယ်၊ ထိုင်ပါဦး'

သင်ဖြူးဖျာကလေးကို ရွှေ့ထုတ်ပေးသည်။

ညိုသူသည် ထောင့်ကပ်ထိုင်နေ၏။



ဒေါ်ကြီးစိန်၊ စိုးဦးလက်ထဲမှ ပန်းကန်ကို ယူပြီး နောက်
ဖေးဘက် ဝင်သွားသည်။

သူ့စိတ်ထဲမှာ စိုးရိမ်မှုကလေးတခုတော့ ဖြစ်မိရဲ့။

ညိုသူက လှတယ်၊ မဟုတ်လား၊ ဧည့်သည်က ညိုသူ့ကို
မျက်စိကျပြီး၊ ချဉ်းကပ်နေမှုဖြင့် ပြီးတော့ အရက်လဲ သောက်
ထားတော့။

စိုးဦးသည် အပြင်မှာ ခြေတွဲလောင်းချ၍ ထိုင်လိုက်သည်။

ညိုသူက ရေကလေးတွေကို သီယင်း ကုပ်ကုပ်ကလေး
ထောင့်ကပ်ထိုင်နေသည်။

စိုးဦးသည် ညိုသူ့ကို တချက် လှမ်းကြည့်၏။

'မညိုသူက ဒီကပဲလား'

စိုးဦး စကားနည်းနည်းသွက်နေသည်။

'မဟုတ်ဘူး ရှင့်၊ ကျွန်မ ရန်ကုန်က'

'အို....ဟုတ်လား၊ အပန်းဖြေ လာတာလား၊ တယောက်
တည်းလား'

'ကျွန်မ ပေလီကို အပန်းဖြေ လာနိုင်တဲ့ အတန်းအစားထဲ
မဟုတ်ပါဘူး ရှင့်။ အဒေါ်တို့ကို ကူညီ ယင်း အလည်
ဝင်ခဲ့တာပါ'

'ဪ....ဪ....ကျွန် တော် လဲ ရန်ကုန်ကပါပဲ၊ ကျွန်တော့်
နာမည်တော့ မှတ်မိပါတယ်နော် စိုးဦးတဲ့၊ နှလုံးဖြန်ကျယင်

www.burmeseclassic.com



ထိုကွမ်းခြံမှာ ထိုင်စောင့်နေပါ့မယ်။ မညိုသူ လက်ထိတ်ခတ်
လာခဲ့ပေါ့'

ညိုသူ ရန်တွေ့ခဲ့သည့် စကားကို ပြန်အမှတ်ရ၏။
ပြုံးချင်သည်၊ မပြုံးရဲ။
'လာမယ် မဟုတ်လား'
ညိုသူ ဘာမှ ပြန်မပြော၊ ဆိတ်ဆိတ်သာ နေလိုက်၏။

ဒေါ်ကြီးစိန်သည် ငါးခြောက်များကို အမြန်ဆုံးနှင့် သ
လိုက်၏။

ကြက်သွန်ကလေး ပါးပါး လှီးပြီး ဆီရွှဲရွှဲဆမ်းလိုက်သည်
ရှောက်ရည်ညှစ်ဖို့ သတိမရလိုက်။
သူ စိုးရိမ်နေသည်။
အိမ်ရှေ့မှာ ညိုသူနှင့် စိုးဦး နှစ်ယောက်ဘည်း မဟုတ်လာ
မြန်မြန်ထွက်လာခဲ့သည်။
အိမ်ရှေ့က စကားပြောသံတော့ တိုးတိုးကြားရ၏။

ရည်းစားစကားများ ပြောနေလေရော့သလား။

ဒေါ်ကြီးစိန် ထွက်လာသဖြင့် ညိုသူ အနေရချောင်သွား
သည်။

ငါးခြောက်သုပ်ပန်းကန်ကို စိုးဦး လက်ထဲ ထည့်ပေး
သည်။

စိုးဦးလည်း မနေသာတော့။



'ကျေးဇူးပဲ ဒေါ်ကြီး၊ သွားမယ်နော်၊ သွားဦးမယ်နော်'
ညိုသူ့ကိုလည်း လှည့်၍ နှုတ်ဆက်လိုက်သည်။
ညိုသူ ခေါင်းညိတ်ရုံ ညိတ်ပြလိုက်သည်။
ဒီတခါ ငါးခြောက်သုပ်က ဘာလိုနေမှန်း မသိ။
အရက်နည်းနည်း မြည်းပြီး ထပ်စားကြည့်သည်။
မကောင်း။

ကေန္တာ အဖွားကြီးက သူ့တူမ လာရစ်ဘယ်ထင်ပြီး ကရော်
ကလက် သုပ်ပေးလိုက်ပြီနဲ့ တူတယ်ဟု တွေးသည်။

အေးလေ သူကလည်း သွားရစ်တာပဲ မဟုတ်လား။

ဒေါ်ကြီးစိန်လည်း ငါးခြောက်သုပ်ပေးလိုက်ပြီးမှ အချဉ်
ညှစ်မပေးလိုက် မိသည်ကို သတိရ၏။

ကိုယ့်ဆီလာသည့် ဧည့်သည် စိတ်ကျေနပ်အောင်တော့
ထုပ်ပေးဦးမှ။

'ဒုက္ခပါပဲ ငါလဲ ကတန်းကယန်းနဲ့ အချဉ်ညှစ်မပေးလိုက်
ဘူး မိသူရယ်၊ နင်နဲ့ သူနဲ့ နှစ်ယောက်တည်း အိမ်ရှေ့ထားခဲ့
ရတာ စိတ်မဖြောင့်လို့ အယောင်ယောင် အမှားမှားတွေ
ဖြစ်ကုန်တာ။

ဒါနဲ့ ဘာတွေ ပြောသွားသေးသလဲ။

ညိုသူသည် ဟက်ကနဲ ရယ်လိုက်၏။ ပြီးမှ သူ့ပါးစပ်ကလေး
ချုပ်တိပြီး....

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလူပေါ့ ဒေါ်ကြီးစိန်ရဲ့ ညီသူ့ကို ခေတ်ပုံ ခိုးရိုက်တာ'

'အယ်တော့.... အဲဒါမှဒုက္ခ၊ ဟိုတယောက်သိယင် ရန်လုပ်ချင် လုပ်နေဦးမှာ'

'ကိစ္စမရှိပါဘူး ဒေါ်ကြီးရဲ့၊ အစ်ကိုအုန်းစိန်ကို ပြောမှာပါဘူး'

'အေးဟယ်....မပြောပါနဲ့၊ သည်စိတ်လက်တဆစ်ကောင်ကိုနေဦး....ငါ ရှောက်သီးသွားပေးလိုက်ဦးမယ်'

နောက်တခေါက် ထပ်သွားဖို့ရာ ကလည်း ခက်နေသည်။

အသုပ် မကောင်းလို့ ပြန်ပေးပါဆိုပြီး သွားပြောယင် ဒီကောင် နောက်တခါ အကြောင်းရှာပြီး လာရစ်တာလို့ ထင်သွားလိမ့်မည်။

နေပါစေတော့လေ၊ ဒီငါးခြောက် ဒီအတိုင်းပဲ ထားလိုက်ရုံပေါ့။

ဖန်မီးအိမ်ကလေးကို မီးညှိလိုက်သည်။

ထိုအချိန်မှာပင် ဒေါ်ကြီးစိန် ရှောက်သီးစိပ်နှင့် ရောက်လာ၏။

'အချဉ်များ ပေါ့နေမလားလို့'

ဟု စကားဆိုယင်း ဝရံတာပေါ် တက်လာသည်။



'ဟုတ်လား၊ ကျွန်တော်လဲ ဘာလိုမှန်း မသိဘူးဖြစ်နေတာ' ငါးခြောက်ဖုတ်ကို ရှောက်သီး ညှစ်ပေးသည်၊ ထပ်နယ်သည်။

ရှောက်သီးစိပ်ကလေး နှစ်စိပ်ကို ပန်းကန်ဘေးချပေးသည်။
ငရုတ်သီးစိမ်းလေးကလည်း သုံးလေးငါးတောင့်။
ဒေါ်ကြီးစိန် နှုတ်ဆက်ပြီး ပြန်သွားသည်။
အရက်ကလေး မော့လိုက်သည်။
ငါးခြောက်သုပ်ကလေး တဇွန်း မြည်းလိုက်သည်။
ပင်လယ်လေက သုတ်ကနဲ ဖြူးလာသည်။

နည်းနည်း ပိုပြင်းပြင်းကလေး တိုက်ခတ်လိုက်ခြင်း ဖြစ်သည်။

အနွေးထည် ဝတ်ဖို့ သတိရသည်။

သည်နေရာမျိုးမှာ သိုးမွေးဆွယ်တာ ခပ်ပါးပါးက အနေတော်လောက်ပဲ။

လေတဖြူးဖြူးကြားထဲ မှုးမှုးနှင့် အိပ်ပျော်သွားလျှင် နောက်နေ့မှာ နေမကောင်း ဖြစ်တတ်သည်။

စိုးဦးသည် ဆွယ်တာကလေး ဝတ်ပြီး သဲပြင်ပေါ် ဆင်းခဲ့သည်။

နောက်ဖေးက အိမ်ကလေးဆီ လှမ်းကြည့်သည်။

မီးရောင်မှိန်မှိန်တွင် ညီသူ ပုတီးကလေးများ သီနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



စိုးဦး မျက်စိထဲမှာ မြင်ကွင်းက ရီဝေဝေနှင့် အလှကြီး လှနေသည်။

ပုံပြင်တွေထဲက နတ်သမီးကလေးကို အမှတ်ရ၏။

ပုံပြင်ကလေးတခု ရှိတယ် မဟုတ်လား။

ထင်းခုတ်သမား တောသားကလေးအိမ်ကို နတ်သမီးကလေး တပါးက ညဘက်ညဘက်ကျ ရောက်ရောက်လာပြီး အိမ်မှုကိစ္စကလေးတွေ လုပ်လုပ်ပေးတာ။

အဲဒါကို ထင်းခုတ်သမားလေးက မသိဘူး။

သူ့အိမ်က အိမ်မှုကလေးတွေဟာ အချိန်တန်ယင် ပြီးပြီးနေတတ်သတဲ့။

ချက်စရာ ပြုတ်စရာများက ချက်ပြီး ပြုတ်ပြီး။

ချုပ်စရာ လုပ်စရာများလည်း ချုပ်ပြီး လုပ်ပြီး။

အဲဒီနတ်သမီးကလေးဟာ ညဘက်မှာ အိမ်မှုကိစ္စကလေးတွေကို ထင်းခုတ်သမားလေး မသိအောင် လုပ်လုပ်ပေးနေသတဲ့လေ။

စိုးဦး ညိုသူကို ကြည့်ပြီး ပုံပြင်ထဲက နတ်သမီးလေး အိမ်မှုကိစ္စ လာလာလုပ်ပေးနေသလို ထင်မိသည်။

မူးထွေထွေနှင့် စိတ်ကူးယဉ်နေတာပါပဲ။

'ဟာ ငါကလဲ ထင်းခုတ်သမား မဟုတ်ပါဘူး၊ အဲ... ညိုသူကတော့ ရိုးရိုး ကောင်မလေးတယောက်ပါပဲ၊ လှတာ... တော့ ယဉ်စစကလေးနဲ့ လှတာ'



ထိုနေ့ညသို့ စိုးဦး ပျော်ရွှင်ကြည်နူးစွာ အိပ်လိုက်သည်။

မနက်ကျလျှင် သောင်စပ်မှာ သွားထိုင်စောင့်နေမည်။

ညိုသူ့ကို ဓာတ်ပုံရိုက်ခဲ့တဲ့ နေရာကလေးမှာပေါ့။

ညိုသူ လာမလား မသိ။

ထမင်းအိုးတလုံး တည်ပြီးတော့ ညိုသူ အားလပ်သွားသည်။

ပင်လယ်ထဲ ရေဆင်းချိုးမလား စဉ်းစားသေးသည်။ မချိုးတော့ပါဘူးလေ၊ တယောက်တည်းဟု ဆုံးဖြတ်ပြီး တွင်းရေပဲ ချိုးလိုက်၏။

သည်အချိန်မှာ စိုးဦးတို့ ဧည့်ဆောင်ဘက် ကြည့်မိသေးသည်။

စိုးဦးကို အရိပ်အရောင်မျှ မတွေ့ရ။

စိုးဦး မနက်အစောကြီး နိုးနေသည်။

နောက်ဘက် ကပြင်ကလေးကို ထွက်လိုက်သည်။

တိုင်ကီပြုတ်ထဲမှာ ရေအပြည့်ရှိသည်။

ရေချိုးရန် အခန်းကလေးတခု ကာရံပေးထားသည်။

ရိုးရိုး ထရံကို သုံးဘက် ကာပေးထားတာပါပဲ။

မျက်နှာသစ်သည်။

ကော်ဖီ ခါးခါး တခွက်လောက်တော့ သောက်လိုက်ချင်သည်။

နောက်ဖေးအိမ်ဘက် လှမ်းကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုအုန်းစိန် သူ့ဆီလာနေသည်ကို မြင်ရ၏။

လက်ထဲမှာ ကရားတလုံးနှင့် ပန်းကန်တစုံ ယူလာသည်ကို တွေ့ရ၏။

ကိုအုန်းစိန် ပြုံးနှုတ်ဆက်သည်။

အိမ်ရှေ့သို့ သွားပြီး ဝါးစားပွဲလေးပေါ်မှာ ကရားကို တင်သည်။ ပန်းကန်လုံးကလေး ချသည်။

စိုးဦး မျက်နှာသုတ်ပဝါကိုလည်ပင်းမှာပတ်လျက် ထွက်လာတော့ ကိုအုန်းစိန်က မတ်တတ်ရပ်လျက်လာသည်။

'ဆရာ့မှာ ခေါက်ဆွဲများပါသလား မသိဘူး၊ ကျွန်တော်တို့ ခေါက်ဆွဲကလည်း ဟိုဘက်ချောင်ဆောင် ခဏငှားထားလို့ ညနေမှ ပြန်ရမယ်'

စိုးဦးမှာ ခေါက်ဆွဲပါမလာပါ။

'ခေါက်ဆွဲတော့မပါဘူးဗျာ၊ ကိစ္စမရှိပါဘူး၊ ရေနွေး ဆူ ဆူ တော့ ရမယ်မဟုတ်လား'

'ဒီမှာ ဆရာ ရေနွေးဆူဆူပါပဲ'

စိုးဦးသည် ကော်ဖီမှုန့်ပုလင်းနှင့် သကြားထုပ်ကလေး ထုတ်လိုက်သည်။

'သံပုရာသီးများ ရှိလားဗျာ'

ကိုအုန်းစိန်ပြုံး၍ သူ့ခါးကြားပုဆိုးထဲ လိမ်၍ယူလာသော သံပုရာသီးကလေးကို ထုတ်လိုက်၏။ အခြား ခါးကြားတဖက်မှ ဓားကလေးတချောင်းထုတ်လိုက်သည်။



'သူ သိပြီးသားပဲ၊ ညဘက် အရက်သောက်ထားတဲ့ လူဟာ မနက်စောစောကျ ကော်ဖီကြမ်းထဲ သံပုရာသီး ကလေး ညှစ် သောက်ချင်ကြသည်။

ပြီးမှ ခဏတဖြုတ် လမ်းလေး ဘာလေး လျှောက် ပြီး ကြက်ဥတို့ ဘာတို့ စားတတ်သည်။

သံပုရာသီးကို ဝါးစားပွဲကလေးပေါ်တင်၍ ထက်ခြမ်း သုံး စိတ်လှီးလိုက်သည်။

ကော်ဖီမှုန့်များများ၊ သကြားနည်းနည်းနှင့်။

ကော်ဖီခါးတခွက်ဖျော်ပေးလိုက်သည်။ သံပုရာသီးကိုတော့ ကြိုက်သလို ညှစ်သောက်ပါစေဆိုပြီး ဘေးနားမှာ အစိတ်လိုက် ချပေးထားသည်။

'ကြက်ဥ ကြော်ရတော့မလား ဆရာ'

'ကျွန်တော် ကြက်ဥကြော်မကြိုက်ဘူးဗျာ၊ဒီလိုလုပ်ပါလား၊ ဖြစ်နိုင်ယင် မကျက်တကျက်ကလေး ပြုတ်ပေးပါလား'

'ရတယ်ဆရာ နောက်တော့'

'ဒါပါပဲဗျာ၊ ကျေးဇူးတင်ပါတယ်'

ကိုအုန်းစိန် ပြန်ထွက်သွားသည်။

စိုးဦးသည် ကော်ဖီခါးခါးထဲ သံပုရာရည် တန်ရုံ ညှစ် ပြီး သောက်လိုက်၏။ ပြီး၊ ဝရံတာမှာရပ်၍။

www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်း တိုက်ခတ်သော ပင်လယ်လေကို တဝကြီး ရှူလိုက်သည်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း နည်းနည်းလုပ်သည်။

ဒါကတော့ သူ့အကျင့်ဖြစ်နေပြီ၊ နံနက်စောစော အိပ်ရာမှ ထပြီးလျှင် လေ့ကျင့်ခန်းနည်းနည်းတော့ လုပ်စမြဲ။

ချေးကလေးစို့လာတော့ ခဏနား၊ ရေချိုး။

ဪ....ဒီနေ့မနက် ညိုသူ့ကို ကတိပေးထားသည့် အတိုင်း ကမ်းစပ်သောင်ပြင်မှာ သွားစောင့်နေရဦးမှာပါကလား။

စိုးဦး အဝတ်လဲယင်း ကြည်ကြည်နူးနူး စဉ်းစားနေသည်၊ ကင်မရာကိုထုတ်၍ ဖလင်အသစ်လဲထည့်လိုက်သည်။

လာပေ့စေ။

ညိုသူလာလျှင် ဓာတ်ပုံတွေအများကြီး ရိုက်ပစ်လိုက်ဦးမယ်၊ ခု စိတ်ထဲမှာ ကြုံးဝါးထားလိုက်သည်။

*　　　*　　　*

ညိုသူ ရေချိုးပြီးတော့ နေနည်းနည်းပူစပြုပြီ။ ညှော်ဆောင် ...က် ထပ်ကြည့်မိပြန်သေးသည်။ လူရိပ်လူရောင်မတွေ့ရ။

အင်း....ဒီနေ့မနက်ပိုင်း မနေ့တုန်းက ဓာတ်ပုံခိုးရိုက်တဲ့နေရာ ...ာ ဟိုလူ စောင့်နေမယ်တဲ့၊ သူ့ ကို ခတ် ဖို့ လက်ထိပ်ပါယူခဲ့ ...ါတဲ့။

လူကတော့ တကယ့်လူ၊ အပြောကလည်း ကျပါဘိ။

သနပ်ခါးပါးပါးလူးလိုက်သည်။ ဆံပင် မတိုမရှည်ကလေး ...တော့ ဖြန့်ချထားလိုက်၏။ တီရှပ်စွပ်ကျယ်ပန်းရောင်ကလေး ...ထ်လိုက်၏။ ထဘီကတော့ အနီရောင်ပြောင်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက် လမ်းလျှောက်လိုက်ဦးမယ်.... ဟု ဒေါ်ကြီးစိန်ကို ပြောခဲ့သည်။

ဒေါ်ကြီးစိန်ကတော့ ချက်ယင်းပြုတ်ယင်း ကျန်ခဲ့သည်။

ချက်ပြုတ်ဖို့ကိစ္စက ညိုသူ ဘာမှကူညီစရာမလိုတော့ပဲ။ ဟင်းလျာပြင်တာက ဒေါ်ကြီးစိန်ကိုယ်တိုင်။ ညိုသူ ကတော့ ကြက်သွန်နွှာတာလေး အစ၊ ငရုတ်သီး ထောင်းတာလေးအစ ကူညီခဲ့ပါပဲ။ ဒါလဲ လုပ်ပေးခဲ့ပြီးပြီ။ ထမင်းလည်း ချက်ပေးခဲ့ပြီးပြီ။

သူ ပင်လယ်ကမ်းမှာ လမ်းလျှောက်လိုက်ချင်သေး၏။

ပင်လယ်ကမ်းခြေကိုရောက်ဖူးခါစ လူ တိုင်း တွေ့ကြုံခံစားရစမြဲပါပဲ။ ပင်လယ်ပြင်ကို မြင်လျှင်မြင်ချင်း ပျော်သွားသည်။

သည်လိုတော့ ဖြစ်နိုင်သည်။ အဆုံးမရှိဟု ထင်ရသော ပင်လယ်ကြီးကို မြင်လိုက်ရတော့ စိတ်ထဲမှာ ကျဉ်းကျပ်နေတာတွေ တော်တော်များများ ပေါ့ကုန်တယ် ထင်ပါရဲ့။

တကယ့်ကို ဟင်းလင်းပွင့်နေသော နေရာလွတ်ကြီးကို မြင်ရခြင်း မဟုတ်ပါလား။

အများအားဖြင့် လူတို့သည် ကိုယ့်အိမ်ကိုယ့်ယာ ပတ်ဝန်းကျင်၌သာ ထွေးလုံးရစ်ပတ် နေနေကြရသည်။

ရန်ကုန်ကလူများဆို ပိုဆိုးပေါ့။

အခန်းကျဉ်းကလေးထဲမှာ မြွတ် သိပ် နေ နေ ကြ ရ တာ။ ပြီးတော့ အဲလုပ်လုပ်ကြရတော့လည်း အဲသလို အခန်းကလေး



တွေထဲမှာပဲ၊ စက်ရုံအလုပ်ရုံဆိုလျှင်လည်း ကိုယ့်ဆိုင်ရာဆိုင်ရာ နေရာမှာ တနေ့လာ ဒါ.... တနေ့လာ ဒါချည်း လုပ် နေရတော့ ငြီးငွေ့မှာအမှန်ပါပဲ။

ညိုသူလည်း သူ့ဘဝတလျှောက်လုံး အိမ်ခန်း ကျဉ်းကျဉ်းကလေးထဲမှာ မိသားစုတွေနဲ့အတူတူ မြွတ်သိပ်နေခဲ့ကြရတာ။

ပြီးတော့ အလုပ်လုပ်တော့လည်း စက် ရုံ အ ရောင်း ခန်း ကျဉ်းကျဉ်းထဲမှာ ပလတ်စတစ်ထုပ်တွေနဲ့ ကျဉ်း ကျဉ်း ကျုတ် ကျုတ်နေခဲ့ရတာ။

သည်လို နေနေခဲ့ရာက လွင့်နေအောင် ကျယ်သော ပင်လယ်ပြင်ကြီးနှင့် သဲ သောင် ပြန့်ပြန့်ကျယ်ကျယ်ကြီးကို တွေ့လိုက်ရတော့ သူ့စိတ်ထဲမှာ အလိုလိုကြည်နူးခဲ့တာပေါ့။

အဲ....နောက် အ ချိန် ရ တိုင်း ပင်လယ်ကမ်းခြေကို လမ်းလျှောက်ချင်စိတ် ပေါက်လာတော့တာပါပဲ။

ကမ်းခြေမှာ လျှောက် ယင်း ခရုကလေးတွေ ကောက် ချင်သည်။ ခရုကလေးတွေက ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုး။

ဒါပေမယ့် ခရုတွေကို ကောက်ရတာက တ ရက် နှစ် ရက် သုံးရက်ထက် ပိုပြီး စိတ်ဝင်စားစရာဖြစ်မလာပါဘူး၊ အပျင်းပြေလောက်ပဲ ဟိုဟာလေး ကောက် လိုက် သည် ဟာ လေး ကောက်လိုက် လုပ်ချင်တော့သည်။ သိပ်ကို ဆန်းဆန်းပြားပြား အရောင်နဲ့ ခရုကလေးတွေ တွေ့မှပဲ အမှတ်တ ရ ကောက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံ့သောင်ပေါ် လမ်းလျှောက်ရတာလည်း သည်လိုပါပဲ။

ပထမ သောင်ပြင်ကျယ်ကြီးမှာ လွတ်လွတ်လပ်လပ်လျှောက် ယင်း ပင်လယ်လေကို တဝကြီး တဝကြီး ရှူရှိုက်ရတာ သိပ် အရသာ ရှိတာပါပဲ။

လှိုင်းလုံးတွေကလည်း လိမ့်လိမ့်တက်လာလိုက်၊ ပြန်လိမ့်ဆင်း သွားလိုက်၊ ဒါပဲ သည့်ထက် ပိုမိုထူးခြားတာဆိုလို့မရှိ။

သည်လိုပဲ လှိုင်းပုတ်သံကလည်း နရီကျကျ စည်းကျကျမြည် နေတော့တာပါပဲ။

အဲ....ညိုသူက ရောက်ခါစ ဆိုတော့ သောင်ပြင်ကျယ်ပြန့်ပြန့် ကြီးပေါ်မှာ လမ်းသလားချင်သည်။

လှိုင်းခေါင်းဖြူတွေ တလိပ်လိပ်တက်လာတာကို ငေးကြည့် ချင်သည်။

ခရုရောင်စုံကလေးတွေ စုံ၍စုံ၍ ကောက်ချင်သည်။

ပင်လယ်လေကိုလည်း တဝကြီးတဝကြီး ရှူချင်သည်။

နောက်တခု ရှိသေးသည်။ သည်နေရာမျိုးမှာက စိတ်ကူး ယဉ်လို့ ကောင်းတယ် မဟုတ်လား။

စိတ်ကူးကလေး ယဉ်ချင်သည်။

စိတ်ကူးယဉ်တာက ပိုက်ဆံတပြားမှ မကုန်။ ယဉ်ချင်သလို ယဉ်နိုင်သည်။ ပျော်စရာတွေချည်း စိတ်ကူးယဉ်လို့ရသည်။



သည်လို အခြေအနေမျိုး၊ သည်လို အချိန်အခါမျိုးမှာ ပြားတချပ်မှ မကုန်ပဲ ပျော်စရာ ရနိုင်တာက စိတ်ကူးယဉ်တဲ့ နည်းပဲရှိတယ် မဟုတ်လား။

သည်တော့ သဲသောင်ပြင်ပေါ်မှာ တယောက်တည်း လမ်း လျှောက်ယင်း စိတ်ကူးယဉ်ပစ်လိုက်ချင်၏။

ဟော.... စိတ်ကူးယဉ်မယ်လို့ စိတ်ကူးလိုက်တာနဲ့ တပြိုင်နက် းဦးကိစ္စက ခေါင်းထဲရောက်လာသည်။

သည်လူက စိတ်ကူးယဉ်တဲ့အထဲ ထည့်ပြီး ယဉ်လို့ကောင်းတဲ့ တယောက်တော့ အမှန်ပါပဲ။

အဲ....စိတ်ကူးယဉ်ရုံပဲ ယဉ်လို့ ကောင်း တာ၊ တကယ်တမ်း ကောင်အထည်ဖော်ဖို့ဆိုတာကတော့....အင်း....မလွယ်။

ပြီးတော့ ဒီလူက ဘယ်ကဘယ်ကမှန်း မသိ။ သူ့ လိပ်စာ ပြားအရကတော့ ရန်ကုန်ပါပဲ။ ဒါပေမယ့် သူတို့လို လူစား က အမှန်အကန်ယုံကြည်လို့ ရနိုင်တာမှ မဟုတ်ပဲ။

အေဂျင်စီ ဆိုတာကလည်း ဘာမှန်းမသိ။ ဘာအေဂျင့်တွေ နေမှန်းလည်း မသိ။ ခုအခါမှာ လူလိမ်တွေကလည်းပေါပါ သနဲ့။

* * *

www.burmeseclassic.com

www.burmeseclassic.com

သောင်ပြင်ပေါ်မှာ လျှောက်လာယင်း....

သူ့ကို ရိပ်ကနဲ တွေ့လိုက်ရသည်။

ကိုစိုးဦး ပဲပေါ့။

မနေ့က ခေတ်ပုံခိုးရိုက်တဲ့ နေရာနားမှာ....။

အဲဒီနားမှာက ပုန်းညက်ပင်ကလေးတွေ ရှိသည်။ အ...
တွေကတော့ ပင်လယ်ကမ်းခြေ ထုံးစံအတိုင်း ပေါလှပေ...

ချောင်းဝလေးတခုလည်း ရှိသည်။ ချောင်းကတော့ ...
ချိန်ဆို ခြေဆစ်လောက်ပဲ မြုပ်သည့် ရေအလျဉ်ကလေ...
စီးဆင်းနေတဲ့ ချောင်းငယ်ကလေးပါပဲ။



သောင်စပ်က အကွေ့ကလေး။

...သားချောက ပုန်းညက်ပင်တပင်ကို ရိပ်ကနဲ ကွယ်လိုက်
...င်း

...ညီသူ ခြေလှမ်းက တုံ့ကနဲ ရပ်မိသည်။

မနေ့က သူ ချိန်းဆိုထားသည့်နေရာကို မိန်းကလေးကလည်း
...ဘယ်ဆိုတော့ ဘယ်လိုသဘောပေါက်သွားမလဲ။

ပြန်လှည့်မည် စိတ်ကူးလိုက်၏။

သို့သော် ခြေလှမ်းက ပြန်မလှည့်ဖြစ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာ စိုးဦးသည် သူ့ကင်မရာမှာ တယ်လီမှန်ဘီး
ကို တပ်၍ ညိုသူ့ကို ပုံတော်တော်များများ ရိုက်ပစ်လိုက်ပြီး
ရောင်စုံပုံတွေ။

ညိုသူ လမ်းလျှောက်လာပုံ။

ပြုံးပြီး စိတ်ကူးယဉ်နေပုံ။

လက်ထဲမှ ခရုကလေးကို ကြည့်နေပုံ။

တုံ့ကနဲ ရပ်လိုက်ပုံ။

ထွေကနဲ စဉ်းစားလိုက်ပုံ။



ပုံတွေ တော်တော်များများ ရိုက်လိုက်ပြီးပြီ။ စိုး ဦး ပျော်နေသည်။

သစ်ပင်ကွယ်မှ ထွက်လိုက်သည်။

မျက်နှာချင်း ဆိုင်မိကြသည်။

တယောက်နှင့်တယောက် ခပ်လှမ်းလှမ်းပေမယ့် တယောက်မျက်နှာကဲကို တယောက်က ဖမ်းမိနေကြသည်။

ညိုသူ မျက်နှာကလေးကို တင်းလိုက်သည်။

ခပ်တည်တည် ဆက်လျှောက်လာသည်။

မျက်နှာချင်းဆိုင်တွေ့ပြီးမှ နောက်ပြန် လှည့်ထွက်သွားလျှင် သတ္တိနည်းသလို ဖြစ်သွားမှာပေါ့။

မျက်နှာထားကို တမင်တင်းထားရသဖြင့် ရယ်စရာကောင်းနေသည်။

ထိုပုံစံကလေးကို သဘောကျသဖြင့် စိုးဦး က မာတ်ပုံတပုံထပ်ရိုက်လိုက်သေးသည်။

ညိုသူ ခါးထောက်ရပ်လိုက်၏။

စိုးဦး သည် မပြုံးတဝက် ပြုံးတဝက် မျက်နှာနှင့် ညိုသူ့နားရောက်လာသည်။

လည်ပင်း မှာ လည်း ကင်မရာကြီး ဆွဲ လို့၊ ပြီးတော့ သူ့ဘေးမှာ သားရေအိတ်ရှည် ကလေး တလုံးနှင့် မှန်ဘီးလူ အပိုများ။

www.burmeseclassic.com

www.burmeseclassic.com



စိုးဦးသည် သူ့လက်နှစ်ဘက်ကို ပူး၍ ရှေ့တိုးသည်။

'ကဲ...တရားလိုကြီး ဒေါ်ညိုသူရဲ့၊ ကျွန်တော့်ကို လက်ထိတ်ခတ်ဖမ်းမလို့ဆို ဖမ်းပါတော့လားဗျာ'

ညိုသူသည် မျက်နှာထားကို မလျှော့ပဲ....

'မနေ့ကတည်းက မရိုက်ပါနဲ့လို့ ပြောထားတာ ဒီနေ့ဘာဖြစ်လို့ ထပ်ရိုက်ရတာလဲ'

'သည်ပြစ်မှုက ကျူးလွန်မိပြီးသား မဟုတ်လား၊ ဒီနေ့ထပ်ရိုက်လဲ ဒေါ်ညိုသူက ကျွန်တော့်ကို လက်ထိတ်ခတ် ဖမ်းမှာဆိုတော့ ဖမ်းမယ့် အတူတူ မထူးဘူးဆိုပြီး ထပ်ရိုက်လိုက်တာပါ။ တပုံတည်းတောင် မဟုတ်ဘူး၊ ဟိုနားက လျှောက်လာကတည်းက ရိုက်ထားတာ ပုံတွေမှ အများကြီး'

'အဲဒီ နဂဂတစ်တွေထုတ်ပြီး ကျွန်မကို ပေးပါ'

'ဒါတော့ မဖြစ်နိုင်ဘူးလေဗျာ၊ တရားဆိုင်ရဦးမှာပေါ့၊ တရားရုံးက အနိုင်အရှုံး အဆုံးအဖြတ် ပေးပြီးတော့မှ ဒီနဂဂတစ်ကိစ္စ ရှင်းလို့ရမှာပေါ့၊ လောလောဆယ်ကတော့ ဘယ်နည်းနဲ့မှ နဂဂတစ်တွေ မပေးနိုင်ပါဘူး၊ လက်ထိတ်ခတ်ချင်သပဆို ခတ်ပါတော့၊ ဒါနဲ့....ခင်ဗျားမှာ ကျွန်တော့်ကို ခတ်ဖို့ လက်ထိတ်လဲ မပါပါ့လား'

'ကျွန်မက ရဲ မဟုတ်ဘူးရှင့်'

'ဩော်....ဒီလိုလား၊ ဒါဆိုလဲ ကျွန်တော် လက်ထိတ်အခတ်ခံရတော့ဘူးပေါ့၊ ကောင်းပါလေ့ဗျာ၊ ရဲကိုတော့ တိုင်ပြီးသားပေါ့၊ ရဲက ဒီနေရာကို လာမှာတဲ့လား'



'မသိဘူး'

ဘောက်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

'ကဲ....မသိယင်လဲ ဥပဒေ အကြောင်းကလေး ရှင်းပြရဦးမယ်၊ ခဏ ထိုင်နားထောင်ပါလား'

စိုးဦးက ပုန်းညက်ပင်ရိပ်တရိပ်ဆီ မျက်စနှင့် ပြပြီး ဖိတ်ခေါ်သည်။

ဘယ်ဖြစ်လိမ့်မတုန်း....

ဒီလို ပင်လယ်ကမ်းခြေ နေရာမျိုးမှာ သူနဲ့ နှစ်ယောက်ပုန်းညက်ပင်ရိပ်မှာ ထိုင်လို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ တစုံတယောက်က တွေ့သွားယင် ညိုသူ ဒုက္ခများရချည်။ သူ့လောက်ပါးလို့ကတော့....ဟင်း....။

'ကျွန်မ ထိုင်ဖို့ လာခဲ့တာ မဟုတ်ဘူး၊ လမ်းလျှောက်ဖို့ လာတာ'

'ဒါဖြင့်လဲ လမ်းလျှောက်ယင်းပဲ ရှင်းပြပါရစေ ဟုတ်လား'

ညိုသူ ချောင်ပိတ်မိမလို ဖြစ်သွားသည်။

မျက်လုံးကလေး ကလည်ကလည် ဖြစ်သွား၏။

'ကျွန်မ တယောက်တည်းပဲ လမ်းလျှောက်မှာ'

ပြောမိ ပြောရာ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်တော်လဲ တယောက်တည်းပဲ လမ်းလျှောက်မှာပါ’

‘လျှောက်ပေါ့ ကိုယ့်ဘာသာကိုယ်’

‘ကျွန်တော့်ဘာသာကျွန်တော်ပဲ လျှောက်မှာပါ၊ ညိုသူ့ ခြေထောက်နဲ့ မလျှောက်ပါဘူး’

အံမယ်....ဟူသော သဘောကို မျက်နှာထားနှင့် ပြသည်။

‘တကယ်ပါ၊ ကျွန်တော့် ခြေထောက်နဲ့ ကျွန်တော် လျှောက်မှာပါ၊ ပြီးတော့ ကျွန်တော် လျှောက်ချင်တဲ့ နေရာကို လျှောက်မှာပါ၊ အဲ....ကျွန်တော် လျှောက်ချင်တဲ့ နေရာ မညိုသူ လျှောက်ချင်တဲ့ နေရာနဲ့ အတူတူ ဖြစ်နေယင်တော့ အတူတူ လျှောက်ဖြစ်ကြမှာပေါ့’

‘ကျွန်မက....’

ပြောယင်း ရပ်ပစ်လိုက်ရသည်။

ဟိုဘက် သွားမလို့ဆိုလျှင် သူလည်း ဟိုဘက်....

သည်ဘက်ဆို သူလည်း သည်ဘက်လိုက်တော့မည်။

သည်တော့....

‘ကျွန်မ ရှင် လျှောက်တဲ့ ဘက်ကို မလျှောက်မှာတော့ အမှန်ပဲ’

‘ဒါဖြင့် ဘယ်ဘက်လျှောက်မလဲ’

‘ပြောပြီးပါပကောလား၊ ရှင် လျှောက်မယ့်ဘက် မဟုတ်ဘူးလို့’



‘ကျွန်တော်ကတော့ ပင်လယ်ထဲ ဆင်းမယ် စိတ်ကူးတာပဲ’

‘ကောင်းတာပေါ့၊ အလယ်ကောင်အထိ ဆင်းလိုက်ပါလား’

‘မညိုသူကော လိုက်မှာလား’

အိုး....ကျွန်မ ပင်လယ်ထဲ မဆင်းပါဘူး’

‘ဒါဆို သောင်ပေါ်ပဲ လျှောက်ကြတာပေါ့’

‘ကျွန်မ ရှင်နဲ့ အတူတူ မလျှောက်ပါရစေနဲ့’

ညိုသူသည် စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောလိုက်ရသည်။

အားနာစရာ တခုက ရှိသည် မဟုတ်လား။

စိုးဦးက ကိုအုန်းစိန်၏ ဧည့်သည်၊ ဘာပဲဖြစ်ဖြစ် သိပ်မဟုတ်တောင်မှ နည်းနည်းပါးပါးတော့ လိုက်လျော ညီထွေ ဆက်ဆံသင့်သည်။

ကိုအုန်းစိန်ကြီးတို့၏ စီးပွားရေးနှင့် တနည်းတလမ်း ပတ်သက်နေသည် မဟုတ်လား။

‘ကောင်းပါပြီလေ၊ ကျွန်တော်ကတော့ ခင်ဗျားတယောက်တည်း လမ်းလျှောက်ယင် ပျင်းနေမှာ စိုးလို့ရယ်၊ ပြီးတော့ ခေတ်ပုံ ခိုးရိုက်တာကို အမှုလုပ်လို့ ရ မရရယ် ရှင်းပြချင်လို့ပါပဲ’

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ အမှုလုပ်မယ် မပြောပါဘူး'

'ဒါနဲ့ ဖမ်းမယ်ဆို'

'အဲဒါ....အဲဒါက ဒေါသ ဖြစ်လို့'

'အဲဒီ ဒေါသကလေးတွေက မပြေသေးဘူးလား'

ညိုသူ ဘာမှ ပြန်မပြောမိ။

'ပြေသင့်ပါပြီဗျာ၊ ကျွန်တော်က တစိမ်းမှ မဟုတ်တော့ပဲ၊ ခင်ဗျားတို့ရဲ့ ညှော်သည် ဖြစ်နေပြီပဲ ဥစ္စာ၊ ညှော်သည်ကို သိပ်ပြီး ပစ်ပစ်ခါခါ မဆက်ဆံသင့်ပါဘူး'

ညိုသူ သင်္ကပြင်းကို မသိမသာ ရှိုက်လိုက်ရ၏။

ပြီးတော့ သူနှင့် စိုးဦးတို့ ဒီနေရာမှာ ရပ်စကား ပြောနေမိတာ အချိန်ကလေး နည်းနည်း ကြာသွားပြီ။

မတော်တဆ တစုံတယောက်က ခွတွယ် မနေ့ကပဲ ညှော်ဆောင်မှာ လာတည်းတယ်၊ ဒီနေ့ နှစ်ယောက်တည်း ကမ်းစပ် သောင်ပြင်ပေါ်မှာ စကားတွေ ပြောနေကြတယ် ဆိုလျှင် မသင့်လျော်ပါဘူး ပြန်မှ....။

'ကျွန်မ ပြန်တော့မယ်'

'ကျွန်တော်လဲ ပြန်မှာပါ'

'အို....ကျွန်မနဲ့ အတူတူ မပြန်ပါနဲ့'

ညိုသူက အထိတ်တလန့် ပြောလိုက်သည်။



စိုးဦး သဘောပေါက်သွားသည်။

တည်းခိုဆောင်သို့ သူတို့နှစ်ယောက် အတူတူတွဲပြန်၍ မသင့်လျော်။

ဘာပဲဖြစ်ဖြစ် ကိုအုန်းစိန်တို့ မျက်နှာကို ထောက်ရမည်။

ရောက်တာမှ တရက်ရှိသေး။ သူ့ နှမကလေးနဲ့ တွဲပြီး လျှောက်သွားလို့ ဘယ်သင့်တော်ပါ့။

ခု အခြေအနေအထိကတော့ ဣန္ဒြေမပျက်သေးပါ။

လမ်းမှာ ကြုံလို့ ရပ်စကားပြောတယ်ပေါ့။

'ကောင်းပါပြီဗျာ၊ မညိုသူ ရှေ့က ပြန်နှင့်ပါ၊ ကျွန်တော် နောက်လှမ်းလှမ်းကပဲ လိုက်ခဲ့ပါ့မယ်၊ အင်း....နောက်ဘက်က နေတော့ ခါတ်ပုံကလေး နှစ်ပုံသုံးပုံ ရိုက်ပါရစေဦးနော်'

'ခါတ်ပုံတော့ တော်ပါတော့ ရှင်၊ ကျွန်မ တောင်းပန်ပါတယ်'

'ကောင်း ပါပြီ တဲ့ဗျာ၊ မရိုက်တော့ပါဘူး....ကဲ....ပြန်ပြန် နောက်ကို လှည့်မကြည့်နဲ့နော်'

ညိုသူသည် မျက်စောင်းကလေး တချက် ထိုးပစ်လိုက်သည်။

အဲ....အဲသလို မျက်စောင်းထိုးလိုက်တာလေးမျိုး ခါတ်ပုံ ရိုက်လိုက်ရယင် ပြက္ခဒိန် မျက်နှာဖုံးပုံ အကောင်းစားကလေး ရမှာပဲ'

www.burmeseclassic.com



'မန်းလေ ပြလေထဲကပါလား'

ကျွန်တော့် အနာက ယဉ်းနေပြီဗျ၊ယဉ်းရုံတွင် မကပါဘူး ဗျာ၊ ကျွမ်းမျှားကျွမ်းနေပလား မသိဘူး၊ နှလုံးသားကလေ'

'သေလိုက်ပါလား'

ညိုသူသည် ခပ်ဆတ်ဆတ် ပြုံးနွဲ့နွဲ့နှင့် ပြောလိုက်၏။

ပြီးတော့ ပြုံးပြုံးကလေးပင် လှည့်ထွက်ခဲ့သည်။

စိုးဦး ကြည်နူးကျေနပ်စွာ ကျန်ခဲ့သည်။

ရုတ်တရက် အကြံရ၍ ကင်မရာထုတ်ပြီး ချိန်လိုက်သည်။

'ဗျို...မညိုသူ ဒီမှာ ဘာကျန်ခဲ့လဲ မသိဘူး'

ညိုသူ အမှတ်မဲ့ လှည့်ကြည့်လိုက်သည်။

ခတ်ပုံရိုက်ပြီးပြီ။

ပြီးတော့ စိုးဦးက ညိုသူ့ ခြေရာကလေးတွေကို ပြ၏။

'ခြေရာလေးတွေ ကျန်ခဲ့တယ်၊ သဲပြင်ပေါ်မှာကော....ကျွန် တော့်....'

သူ့ ရင်ဘတ် နှလုံးသား ရှိရာ နေရာကို သူ့လက်ကလေး နှင့် ဖိယင်း

'........ထဲမှာရော'

ညိုသူ လှုပ်ခတ်သွားသည်။

သူ့ ရင်က ဖြတ်ကနဲ ထခုန်သည်။



ဒိတ်ဒိတ် မြည်သံကို သူ့ဘာသာ သူ ကြားလိုက်မိသလိုလို။ ခေါင်းကို ချက်ချင်း ငုံ့၍ ခပ်သွက်သွက် လျှောက်ထွက်ခဲ့ သည်။

ဘယ်လို အိမ်ပြန်ရောက်လာမှန်း သူ အာရုံမစိုက်မိလိုက်။

အိမ်ရောက်တော့ ချွေးကလေးများပင် စို့နေသည်။ သည် သောက် ပင်လယ်လေဘဖြူးဖြူးမှာ ချွေးက ဘာလို့များ စို့ရ ပါလိမ့်။

မမောပဲနဲ့ ရေတခွက် သောက်လိုက်ရသည်။

မကြည့်ရဲကြည့်ရဲနှင့် ညှော်ဆောင်ဘက် လှမ်းကြည့်သည်။

သူ ပြန်မလာသေး။

*　　　*　　　*

www.burmeseclassic.com

စိုးဦးသည် ပုန်းညက်ပင်နောက်မှာ အကြာကြီး ထိုင်နေ
သည်။

ညိုသူ့ မျက်လုံးဝိုင်းဝိုင်းကလေးများကို သူ မြင်ယောင်
သည်။

ညိုသူသည် အပြစ်ကင်းသော အလှကိုပိုင်ထားသူတယော
ပါကလား။

သူ့မှာကော အပြစ်ကင်းရဲ့လား၊ စိုးဦး သူ့လိပ်ပြာ
မလုံသလို ဖြစ်လာသည်။



သက်ပြင်းရှည်ကြီးကို မသိလိုက်ပဲ ချမိသည်။

သူ့အတွေးထဲသို့ သီတာသည် ဖြုန်းကနဲ ရောက်လာ၏။

သီတာကို အမှတ်ရမိသည်နှင့် သူ့ တကိုယ်လုံး နွမ်းခွေသွားသည်။

သီတာ့ နာမည်အပြည့်အစုံက နှင်းသီတာလွှင်။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(          )

အစကတော့ နှင်းသီတာလွင်ဟာ တော်တော်ကလေးလှ
မိန်းကလေးပါကလားလို့ ဆုံးဖြတ်မိတာလောက်ပါပဲ။

အပြင်အဆင်က မကလက်ဘူး၊ လုံးဝ မပြင်ဆင်တာတော့
မဟုတ်။

မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ဆံပင်တိုတိုကောက်ကောက်။

ဘယ်လို ပုံစံ ဆံပင်ကောက်ထားသည်ဆိုခြင်းကိုတော့ စိုးဦး
မသိပါ။



သို့ပေမယ့် ဖြန့်ချထားလျှင် လည်ကုပ်ပေါ်ထိသာကျသော ဆံပင်ကို တွန့်တွန့် ခွေခွေ အလိပ်လိပ်ကလေးများ ဖြစ်အောင် ကောက်ထားသည်။

သူ့ ဆံပင်ပုံစံက နှစ်ရက် သုံးရက်မှာ တခါလောက် ပြောင်းသည်။

ပြောင်းပုံကို မသိသာလိုက်။

တမျိုးကလေး ဖြစ်သွားတယ်ဟုသာ ထင်လိုက်ရသည်။

နှုတ်ခမ်းနီ အရောင်လည်း မသိမသာကလေး ပြောင်းတတ်သည်။

အနီရဲရဲမှ အနီရင့်ရင့် အနီနုနု စသဖြင့်ပေါ့။

နှင်းသီတာလွင်သည် စိတ်ဝင်စားဖွယ်ရာ ကောင်းအောင် လှပသော မိန်းကလေးတယောက်ပါပဲ။

စိုးဦးနှင့် စတွေ့တာက ရုံးခန်းမှာပါ။

စိုးဦးရဲ့ ရုံးခန်းကလေးမှာပါ။

စိုးဦးသည် အရောင်းအဝယ်ကိစ္စများ၊ အစိုးရ ဌာနဆိုင်ရာ ရုံးကိစ္စများကို လိုက်လံ ကူညီဆောင်ရွက်ပေးခြင်းဖြင့် အကျိုးဆောင်အလုပ်လုပ်နေသည်။

ရှင်းရှင်းဆိုရလျှင်တော့ ပွဲစားအကြီးစားပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူက မော်တော်ကားပွဲစား၊ စိန်ပွဲစား အစ ရှိသည့်မျိုး မဟုတ်။

သူ့လုပ်ငန်းတခုကို ပြရလျှင် ဥပမာ နိုင်ငံခြားသို့ အလုပ်သွားလုပ်ချင်သူတဦးရှိသည် ဆိုပါတော့။ သူက နိုင်ငံခြားကုမ္ပဏီ ကိုယ်စားလှယ်နှင့် ဆက်သွယ်ပေးမည်။

နောက်ဆုံး ဗီဇာ၊ ပတ်စပို့၊ အမြတ်ခွန် ကိစ္စမှအစ လိုက်လံ ဆောင်ရွက်ပေးမည်။

အဲဒီအတွက် သူ့လုပ်အားခ အဖြစ်ယူမည်။

သိန်းများစွာနှင့် ချီပြီး ရောင်းဝယ်သော ကိစ္စတခု ရှိသည် ဆိုပါတော့ သူက ရောင်းလိုသူနှင့်ဝယ်လိုသူကို ဆက်သွယ်ပေး မည်။

အမည်လွှဲပြောင်းရေး၊ မှတ်ပုံတင်ရေး၊ တရားဥပဒေနှင့်အညီ ဆောင်ရွက်ရေး၊ အစိုးရဌာနဆိုင်ရာ ရုံးများနှင့် ဆက်သွယ်ရေး အစ ရှိသည်များ အားလုံးကို ဆောင်ရွက်ပေးမည်။

ပြီးတော့ အခကြေးငွေယူမည်။

သူ့မှာ လက်အောက် ရုံးအမှုထမ်း သုံးယောက်လောက် ထားသည်။

အလုပ်ကိစ္စတခုနှင့် အပြင် သွားမည် ဆိုလျှင် သူ့ ကိုယ်စား ပြန်ကြားပြောဆိုနိုင်မည့် လက်ထောက်တဦး၊ ပြီးတော့ စာရင်းရှင်း စသည်များ လုပ်သူ စာရေးတဦး၊ လက်နှိပ်စက်ရိုက်သူ တဦး။



စိုးဦးသည် လက်နှိပ်စက်ရိုက်သော မမနုကို အစ်မကြီးသဖွယ် ခင်တွယ်သည်။

မမနုသည် ဝါရင့် လက်နှိပ်စက်ရိုက် အမျိုးသမီးကြီး တဦး ဖြစ်သည် သာမက စေတနာလည်း ကောင်းမွန်ရိုးသားသည်။

အဲ...အဲသည် မမနုကို ယုံကြည်မိလို့ပဲ နှင်းသီတာလွင်နှင့် ပတ်သက်ဆက်စပ်ခဲ့ရတော့သည်။

တနေ့....

စိုးဦးသည် နံနက် ဆယ်နာရီထိုးလျှင် ရုံးခန်းသို့ အရောက် လာ၏။

စောလျှင် ငါးမိနစ်၊ နောက်ကျလျှင် ငါးမိနစ်။

တကယ်တမ်းကတော့ သူ့ အလုပ်က အစိုးရ ဌာနများကို ပြေးလွှားသွားနေရသည်။

မဂိုလမ်း၊ ဘားလမ်း၊ ပန်းဆိုးတန်းနှင့် အနောက် ပိုင်း သောလမ်းထိပ်ဘက်မှာ အလုပ်ပိုများသည်။

အဆက်အသွယ်တွေက အဲဒီမှာ ရနိုင်သည်။

ရှင်းရှင်းကတော့ အဆက်အသွယ် မရှိသောသူကို သူက အဆက်အသွယ် ရှာပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပေးသည်။

လုပ်ငန်းသဘောအရ အဆင်ပြေသည် ဖြစ်စေ။

မပြေသည်ဖြစ်စေ၊ သူက ဆက်သွယ်ပေးခ ရသည်။

ဆယ်နာရီ ရုံးခန်း အရောက်လာသည်ကတော့ သူ့ဟိတ်ဟန် တခုပါပဲ။

ဆယ်နာရီမှ ဆယ့်တစ်နာရီလောက်ထိ ရုံးခန်းစားပွဲမှာ ထိုင် သည်။

တယ်လီဖုန်းနှင့် အလုပ်လုပ်သည်။

ဘယ်သူ့ကို ဘယ်နေရာ ဘယ်အချိန်မှာ တွေ့ရမလဲ စသဖြင့် စုံစမ်းခြင်း ဖြစ်သည်။

ပြီးတော့ ကား တစီးနှင့် မြို့လုံးပတ်လည် ခြေဆန့်သည်။ လူမျိုးစုံနှင့် တွေ့သည်။

လျှပ်စစ်အလုပ်သမား၊ ရေပိုက်ဆက်သော သူ၊ အဝီစိတွင်း တူးသူ၊ စည်ပင်သာယာအရာရှိ၊ နောက်ဆုံး ကော်ပိုရေးရှင်း ကြီးများမှ အရာရှိကြီးကြီးများ။

ညနေ ငါးနာရီလောက် ရုံးခန်း ပြန်ဝင်သည်။

အဲဒီအချိန်အထိ မမနုက စောင့်ပေးတတ်သည်။

မမနုသည် ညနေ ငါးနာရီ ဆယ့်ငါး မိနစ်ကျမှ ပြန်လေ့ ရှိ၏။



စိုးဦး ပြန်လာလျှင် ထိုနေ့ လာသော ဧည့်သည်များနှင့်စာ များ၊ တယ်လီဖုန်း အကြောင်းကြားချက်များကို စနစ်တကျ သူ့ကို ပြ၏။

နောက်တရက် လုပ်စရာ အလုပ်တွေကို ထိုအချိန်၌ ဆုံးဖြတ် ရန် ဖြစ်သည်။

တနေ့ ညနေတော့

ညနေ ငါးနာရီ ဆယ့်ငါးမိနစ်ကျော်သည်အထိ စိုးဦး ရုံး ခန်းကို ပြန်မရောက်နိုင်သေး။

ငယ်သူငယ်ချင်းတယောက်နှင့် တွေ့၍ ကန်တော်ကြီးဟိုတယ် သွားပြီး ဘီယာကလေး စုပ်နေလိုက်သည်။

စကားပြောကောင်းကောင်းနှင့် ပြောမိကြရာ သတိရတော့ ညနေ ငါးနာရီ မိနစ် နှစ်ဆယ်။

နောက်နေ့မှ မမနုနှင့် တွေ့တော့မည်ဟု စဉ်းစားသေးသော် လည်း အဲဒီအချိန် ရုံးခန်းမှာ ကိစ္စတခုခု ရှိနေပြီဟု သူ့စိတ်ထဲ မှာ အလိုလို ထင်မြင်နေသည်။

သို့နှင့် သူငယ်ချင်းနှင့်အတူ ရုံးခန်းကို ခဏပြန်ခဲ့သည်။

ငါးနာရီခွဲတော့မှ ရုံးခန်း ရောက်သည်။

မမနု မပြန်သေး။

ထို့ပြင် မမနုသည် လှပသော မိန်းမပျို တဦးနှင့် စကား ဆက်ဆိုကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးကို နောက်ကျောမှာစ၍ မြင်ရခြင်းဖြစ်သည်။

လည်ပင်းသည် ဆံပင်ခွေလိပ်လိပ်များ ဖုံးအုပ်နေ၏။

လည်ကုပ်သားက ရှင်းနေသည်။

ကျောပြင် တပိုင်းတစကို မြင်နေရသည်။

အင်္ကျီက ကျောဟိုက်ဖြစ်သည်။

စဉ်းစားကြည့်လျှင် ရှေ့ကလည်း လည်ဟိုက်ပင် ဖြစ်ရမည်ဟု သိသာသည်။

လက်မောင်းရင်းအထိ တိုသော အင်္ကျီလည်း ဖြစ်သည်။

ပခုံးစွန်းပေါ်နေသည်။

စိုးဦး ဝင်လာသည်ကို မြင်သည်နှင့် မမနုက မတ်တတ်ရပ်၏။

ဒါက မမနု လုပ်နေကျ အလုပ်၊ သူ့ထက်ငယ်ပေမယ့် အလုပ်သဘောအရ လေးစားမှုကို ပြခြင်း ဖြစ်သည်။

ဂုဏဝုဒ္ဓိသဘောပင် ဖြစ်သည်။

မမနု ပြုံး၍ နှုတ်ဆက်သည်။

အဲသည် အချိန်ကလေးမှာပင် မမနု ရှေ့မှာ ထိုင်နေသော မိန်းကလေးက အသာစောင်းငဲ့ လှည့်ကြည့်သည်။

စင်းသော နှာတံ၊ ထူသော နှုတ်ခမ်းနှင့် ကော့သော မျက်တောင်ကို ဖြတ်ကနဲ ဂရုစိုက်မိလိုက်သည်။



သူကတော့ ထိုင်မြဲ။

တချက်မျှ ကြည့်ပြီး ခေါင်းကို မငုံ့မမော့ထားလိုက်သည်။

သူ့အကြည့်က မမနု၏ လက်နှိပ်စက်ကို ရောက်နေသည်။

ဒါပေမယ့် အာရုံကတော့ စိုးဦးဆီမှာ ရှိနေသည်။

စိုးဦးသည် သူ့အခန်းကို တန်းဝင်မည် ပြု၏။

မမနုက....

'တယ်လီဖုန်းမက်ဆေ့ဂျ်တွေ ကိုဦး'

ဟု ပြောယင်း စာရွက်တထပ် လှမ်းပေးသည်။

စာရွက်ကလေးတွေက တညိုလောက်သာ ရှိမည့် မှတ်တမ်းရေး စာရွက်ကလေးတွေပါပဲ။

တယ်လီဖုန်းနှင့် ဆက်သွယ်သမျှကို မှတ်ထားခြင်းများဖြစ်သည်။

မမနုက လှမ်းပေးသည်ကို ယူယင်း မိန်းကလေးကို ကြည့်လိုက်မိသည်။

မမနုက အလိုက်တသိ မိတ်ဆက်ပေးသည်။

'ဩော်....ဒါ....သီတာတဲ့၊ နာမည်အပြည့်အစုံက နှင်းသီတာလွင်တဲ့၊ မန္တလေးက မမနု သူငယ်ချင်းတယောက်ရဲ့ တူမလေးပဲ၊ သီတာ....ဒါ....တို့ဘော့စ် ကိုစိုးဦး'

မမနုက နောက်ချင်သဖြင့် တို့ဘော့စ်-သဌေးလို့ ပြောလိုက်ခြင်းကို စိုးဦး သဘောပေါက်ပါသည်။

www.burmeseclassic.com



သို့သော် ထိုသို့ အပြောခံရခြင်းကြောင့် အနေရ နည်းနည်း ခက်သွားသည်။

'ဟာ....မမနုကလဲ၊ ဘော့စ် မဟုတ်ပါဘူးဗျာ၊ ဖွတ်စ်ပါ'

ဘီယာရှိန်ကလေးကလည်း ရှိနေသေးသဖြင့် အာသွက် လျှာသွက် ပြောလိုက်၏။

'တွေ့ရတာ လိုက်လိုက်လှဲလှဲပါပဲ ကိုစိုးဦး'

နှင်းသီတာလွင်၏ အသံက တကယ့်ကို လွင်လွင်ကလေး ဖြစ်သည်။

'ဝမ်းသာပါရဲ့ဗျာ၊ နောင်ကြုံယင် ဝင်လည်ပါ၊ မမနု မရှိလဲ ကျွန်တော် ရှိပါတယ်'

လျှာက သွက်နေပြန်သည်။

'သီတာက ရန်ကုန်ကို ခဏခဏ ရောက်ဘာနော်၊ ခဏခဏ အလည်လာနေမှာ'

'ရပါတယ်ဗျာ၊ ကျွန်တော်တို့ ရန်ကုန်သားတွေက စကား မကြွယ်ပေမယ့် စေတနာတော့ ကောင်းပါတယ်'

ပြောယင်းနှင့် သူ့အခန်း ဆင်နွားရွက် တံခါးကလေးကို တွန်းဖွင့် ဝင်လိုက်သည်။

စားပွဲပေါ်မှာ အလုပ်ဟူ၍ ဘာမှ မည်မည်ရရ မရှိ။

စာရွက်ကလေး တရွက်သာ ဖန်တုံးကလေးနှင့် ဖိလျက်သား တွေ့ရသည်။

လက်မှတ်ထိုးဖို့ လျှောက်လွှာတခုပါပဲ။



လက်မှတ်ထိုး တံဆိပ်တုံးနှိပ်ပြီး ခဏထိုင်နေမိသည်။

ကားပေါ်မှ သူငယ်ချင်းကို ခဏလေးဟု ပြောခဲ့ခြင်းကို အမှတ်ရ၏။

သူ့ရုံးခန်းကို ဆင်းဖို့ သူငယ်ချင်းကို ခေါ်ပါသေးသည်။

ကိုယ့်လူက မဆင်းချင်တော့ဘူး၊ ကားပေါ်မှာပဲ နေရစ်မယ် ဆို၍ ထားခဲ့ခြင်း ဖြစ်သည်။

ရင်ထဲမှာ တမျိုးကလေး ဖြစ်လာသည်။

ဆင်နွားရွက် တံခါးကြားမှ အသာချောင်းကြည့်သည်။

နှင်းသီတာလွင်၏ ကိုယ်တစွန်းတစကို မြင်ရသည်။

ကိုယ်ကာယ လှပဖွံ့ဖြိုးသော အမျိုးသမီးတယောက်ပဲ။

ရုတ်တရက် အကြံတခု ပေါ်လာသည်။

နာရီကို ကြည့်၏။ ငါးနာရီခွဲပြီး ငါးမိနစ်။

အတော်ပဲ၊ အချိန်က အသင့်ပဲ။

အခန်းထဲမှ ပြန်ထွက်လိုက်သည်။

မမနုတို့ နှစ်ယောက် ပြန်ရန် ပြင်ဆင်နေကြပြီ။

'မမနု....ပြန်မှာလား'

'အင်းလေ....အလုပ်ကိစ္စ ရှိသေးလို့လား'

'မရှိပါဘူး၊ ကျွန်တော် သူငယ်ချင်းတယောက်နဲ့ ညစာ စားမလို့၊ အဲဒါ မမနုတို့ပါ လိုက်စားနိုင်ယင် စားပါလား၊ ဒါ မနှင်းသီတာကိုပါ ဖိတ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အမှားရဲ့ အစပဲလို့ နောက်ကျတော့မှ သတိရခဲ့မိသည်။

မမနုက ငြင်းပါသေးသည်။

'နေပါစေ ကိုဦးရယ်၊ တို့ဖာသာ လဟာပြင်ဈေးမှာ ဝင်စားလိုက်ပါ့မယ်'

'လာပါ....မမနုကလဲ၊ အရင် ကျွန်တော့် ညွှေသည်တွေ ထမင်းလိုက်ကျွေးယင် မမနုတို့လဲ တခါတလေလိုက်တာပဲ ဥစ္စာ'

နှင်းသီတာလွင်သည် ဘာမှ မပြောပဲ ငြိမ်နေ၏။

ဆိတ်ဆိတ်နေ ဝန်ခံဆိုသော စကားကို အမှတ်ရ၏။

'ကဲ....သွားစို့ဗျာ၊ ကျွန်တော့် သူငယ်ချင်း ကားပေါ်မှာ စောင့်နေတယ်'

*　　*　　*

အင်းလျားကန် ဟိုတယ်မှာ ညစာ စားဖြစ်ကြသည်။

နှင်းသီတာလွင်သည် ထင်ထားသည်ထက် ပို၍ ခေတ်မီ ခေတ်ဆန်ကြောင်း တွေ့ရသည်။

ခက်ရင်းနှင့် ဇွန်းများကို သပ်ရပ်စွာ အသုံးပြုခြင်း၊ ဓားကို ...ည်း သူ့နေရာနှင့်သူ အသုံးချတတ်ခြင်းများက နှင်းသီတာလွင် ...၏ ခေတ်မီမှုကို ပြနေသည်။

မာတနီ နှစ်ခွက် သောက်ခြင်းက ခေတ်ဆန်ခြင်း၊ အနေ...ခြင်း မလေ့ကို လက်ခံခြင်းများကို ပြနေသည်။

စိုးဦးသည် ဘာ့ကြောင့်မှန်း မသိပဲ သဘောကျနေမိ၏။

www.burmeseclassic.com



စကားပြောသည်ကလည်း သွက်လက်ချက်ချာ၏။ ပွင့်လင်း၏။

တခါတရံ အင်္ဂလိပ်စကားတွေ ညှပ်ပြောသည်။

ညှပ်ပြောသည်ဆိုရာ၌ မြန်မာစကားကြား၌ အင်္ဂလိပ်စကား လုံး သုံး၍ ပြောခြင်းမျိုး မဟုတ်ပဲ စကားဝါကျတခုလုံး အ အဆုံး အင်္ဂလိပ်ဘာသာဖြင့် ကျကျနန ပြောခြင်း ဖြစ်၏။

စိုးဦး ရှင်နေသည်။

သူငယ်ချင်းက ခြေထောက်ကို ခတ်ယင်း သတိပေး၏။

မမနုက ထမင်းစားကြစို့ဟု ပြောသည်။

စိုးဦးသည် မမနုကိုကော နှင်းသီတာလွင်ကိုပါ ဟင်းမျ ခပ်ထည့်ပေးနေမိသည်။

အင်းလျားကန် ဟိုတယ်မှ မြန်မာထမင်းသည် ပေါ ရှုတ်နိုင်သည်ဟု စိုးဦး ထင်သဖြင့် တရုတ်အစားအစာ အသ မှာထားခဲ့သည်။

ပိုက်ပါဆော့ခေါ် ငရုတ်ကောင်း ချဉ်စပ်ကိုတော့ ကြိုက်သည်။

မြန်မာတွေ ဆိုတော့ ထမင်းမပါပဲနှင့်တော့ မတင်းတိ သဖြင့် မြန်မာထမင်းဟင်းလည်း မှာထားသည်။

ထမင်းစားပြီးတော့ မင်သော်ထည့်ထားသော ဝိုင်ချိုတ စီ သောက်လိုက်ကြသေး၏။

မမနုကတော့ ဝိုင်ချိုကလေးကို မြုံ့ရုံမြုံ့၍ နည်း သောက်သည်။



နှင်းသီတာလွင်သည် ဝိုင်ကပ်ကို လက်လှလှကလေးဖြင့် တကယ့်လှလှပပ ကိုင်သည်။

နည်းနည်း မြှောက်သည်။

နှုတ်က ဘာမှ မပြော။ မျက်လုံးကတော့ စိုးဦးကို ကြည့် ပြီး ‘ရှင့်အတွက်’ ဟူသော သဘောကို ပြော၏။

ပြီးတော့ မြုံ့သောက်သည်။

စိုးဦးသည် ဤကဲ့သို့သော ခေတ်မီ ခေတ်ဆန်သော မိန်းကလေးလှလှ တယောက်ကို မတွေ့ဖူးပေ။

သူ့စိတ် လှုပ်ရှားသွားသည်။

‘အိမ်ပြန် သိပ်နောက်ကျနေယင် မမနု အဘိုးကြီးက ဆူနေ ဦးမယ်’

ဟု ပြန်ရန် သတိပေး၏။

အဲသည် အချိန်မှာ ညကိုးနာရီလောက် ရှိရော့မည်။

*　　　*　　　*

www.burmeseclassic.com

www.burmeseclassic.com

ကားပေါ်မှာလည်း စကားတွေ ဟိုရောက် သည်ရောက် ပြောခဲ့ကြသေးသည်။

အဆိုတော်များ၊ သီချင်းများ၊ ရုပ်ရှင်မင်းသား၊ မင်းသမီးများ စသဖြင့် သူတို့အတွက် အပျင်းပြေဟု သဘောထားသော အနုပညာကိစ္စများ ပြောကြ၏။

ဟုတ်ပါသည်။

သူတို့အတွက်တော့ အနုပညာဆိုတာ အပျင်းပြေလောက် ပါပဲ။



သူတို့ လုပ်ငန်းအရလည်း အနုပညာကိစ္စကို ရေးကြီးခွင်ကျယ် သဘောထားမနေနိုင်ပါ။

ပျင်းလျှင် ရုပ်ရှင်မှ ဗီဒီယို ကြည့်သည်။
ပျင်းလျှင် သီချင်းနားထောင်သည်။
ပျင်းလျှင် ဝတ္ထုဖတ်သည်။

ဒါပါပဲ။

မမနုက တောင်ဥက္ကလာပမှာ နေသည်။
လမ်းမတန်းမို့ ပို့ရ လွယ်သည်။
မမနုကို အလျင်ပို့မည်ဟု စိတ်ကူးရှိ၏။
သို့သော် မမနုက....
'သီတာ့ကို မြို့ထဲ အရင်ပို့ပေးပါလား ကိုဦး'
ဟု ပြောသဖြင့် ရန်ကုန်မြို့လည်လမ်းတလမ်းရှိ တိုက်ခန်းတခန်း သို့ ပို့ခဲ့၏။

သီတာ့ကို ကြိုမည့်သူ မရှိပါ။
သီတာတည်းသည့် အိမ်ဟု ပြော၏။ ဒုတိယထပ်မှာဟု ပြောသည်။

စိုးဦးက နေရာကို အတိအကျ မှတ်သားထားလိုက်သည်။
သီတာ့ကို ပို့ပြီးနောက် မမနု ကားပေါ်မှာပြောသည်။
'သီတာက မမနုနဲ့ သိပ် အရင်း ကြီး တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူ့အဒေါ်နဲ့က ကျောင်းနေဘက် ဆိုတော့ သိပါပေါ့'

www.burmeseclassic.com

www.burmeseclassic.com



မမနု၏ လေသံအရ သီတာ့ကို မမနု သိပ်ပြီး သဘောမ
လှကြောင်း သတိထားမိသည်။ သို့သော်....

'သီတာက တော်တော်လှတာပဲ မမနုရဲ့'

ဟု ခပ်ထွေထွေနှင့် ပြောမိသည်။

'လှတာမက်ယင် ညစာ ခက်တတ်သတဲ့ ကိုဦးရေ့'

ဟု မမနု ပြန်ပြောခဲ့သည်။

*  *  *

မမနုကို တောင်ဥက္ကလာပ ပြန်ပို့ပေးပြီးနောက် သူငယ်ချင်း
နှင့်အတူ စားသောက်ဥယျာဉ်တခုကို ဝင်ဖြစ်ခဲ့သေးသည်။

'ခွေးကောင် မင်းက ငါ့ကိုညစာကျွေးမယ်လို့ ခုတုံးလုပ်ပြီး
ကောင်မလေးကို အပြတ်ညှိနေတာကိုး'

'မဟုတ်ပါဘူး၊ ငါ ညနေကတည်းက မင်းကို ဒီညသမင်း
ကျွေးမယ်လို့ပြောထားသားပဲ'

'ဟေ့ကောင် လုပ်မနေနဲ့ သောက်ပိုတွေ၊ မင်းနဲ့ ငါ နှစ်
ယောက်တည်းဆိုယင် တရှုတ်တန်းဖြစ်ဖြစ်၊ ချစ်တီးဆိုင်ဖြစ်ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သွားမှာ၊ ကောင်မလေးပါလားလို့ အင်းယားလိတ်ရောက်ရ
တာ ငါသိတယ်'

စိုးဦး ရယ်နေခဲ့သည်။

'ကဲပါကွာ၊ ဒီမှာထပ်ကြိတ်ပါ၊ ကြိုက်သလောက်ကြိတ်'

အဲဒီညက သူငယ်ချင်းဘစိုးတင့်က သတိပေးသေးသည်။

စိုးဦးက နှင်းသီတာလွင်ကို ချီးမွမ်းခန်းတွေ အဖွင့်များ
သောအခါ ဘစိုးတင့်က....

'ငါတော့ ဒီကောင်မ ကလက်လိမ့်မယ် ထင်တယ်၊ လှ
တော့ လှတာပဲ၊ ဒါပေမယ့် သိပ်လျှပ်စီးလက်နေယင် မကော
ဘူး'

'ဟကောင်ရ....သူက လျှပ်စီးလက်တော့ ငါလဲ မိုး ကြိုး
လိုက်တာပေါ့'

'အေး....မင်းက မိုးကြိုးပစ်ရမှာ မဟုတ်ဘူး၊ မင်းကို မိုးကြိုး
ပစ်မှာ ငဲ့လို့၊ မင်း ခေါင်းရှုပ်စိတ်ကွဲလိမ့်မယ်'

'အပျော်သဘောလောက်ကတော့ ဖြစ်မယ်ထင်တယ်ကွ'

'ဟေ့ကောင် မိန်းမတယောက်ကို အပျော် သဘော
တာလောက် ငါမုန်းတာမရှိဘူး၊ အဲဒါ ပက် စက် တယ်
တယ်'

'ဟား....ယောကျ်ားပဲကွ၊ နာစရာဘာရှိလဲ'



'မင်းထင်သလား၊ ယောကျ်ားဘက်ကနာတာ အမျိုးပေါင်း
ဒိန်းလောက် ရှိတယ်၊ မိန်းမများ လျှင်ပြီဆိုယင် ယောကျ်ား
ကောင်တွေ လူစင်စစ်က နွားဖြစ်တာပဲ၊ ချိုပေါက်နေတဲ့
ယောကျ်ားတွေကို မင်း မြင်ဖူးမှာပါကွာ'

'မဟုတ်ပါဘူး၊ ငါက ဒီမိန်းကလေးကို မည်မည်ရရ စိတ်
းသေးပါဘူး'

'မင်း စိတ်ကူးနေပါပြီ၊ ဟေ့ကောင် ငါသိတယ်'

'အင်း'

ဘာမှ ဆက်မပြောကြပဲ ဧကငြိမ်နေမိသည်။ ပြီးမှ လွှတ်ကနဲ
မိသည်။

'ငါ....အဲဒီမိန်းကလေးကို ခဏလောက်ဖြစ်ဖြစ် ယူချင်တယ်'

* * *

www.burmeseclassic.com

www.burmeseclassic.com

စကားနောက် တရားပါတဲ့။

ဆိုလိုရင်း အဓိပ္ပာယ်ကို တိတိကျကျမသိသော်လည်း စကားကို ဆင်ဆင်ခြင်ခြင် ပြောသင့်ကြောင်းလောက်တော့ သဘောပေါက်မိသည်။

စကားသည် စိတ်ကူးစိတ်သန်းကို အသံထွက် ပြုမူပြခြင်း တမျိုး မဟုတ်ပါလား။

* * *

နှင်းသီတာလွင်နှင့် တစထက်တစ ရင်းနှီးလာသည်။

မမနုကတော့ သတိပေးပါသေးသည်။

'သီတာက သိပ်လျင်တယ်နော် ကိုဦး၊ သတိထား....တဲ့'

ဝိုးဦး ကတော့ သူ့ကိုယ်သူလည်း လျင်ပါသည်ဟု ထင်နေသည်။

နှင်းသီတာလွင်ကား

'မေသူ မဟုတ်'

* * *

www.burmeseclassic.com

www.burmeseclassic.com

နှင်းသီတာလွင် မန္တလေးမှာနေသည်ဟု ပြောသည်။

အများအားဖြင့် ရန်ကုန်မှာ တွေ့တွေ့နေရသည်။

သူတည်းသည်ဆိုသော အိမ်မှာ ဘော်ဒါဆောင်ရှိသည်။

မန္တလေးကို တလတခေါက်လောက် ပြန်သည်ဟု ဆိုသည်။

သူ့အလုပ်က မန္တလေးမှ ဆေးလိပ်လုပ်ငန်းကြီး တခု၏ ကိုယ်စားလှယ်တဲ့။

ပြည်ပ ကုမ္ပဏီ များ ၏ ကိုယ်စားလှယ်သဘောမျိုး သူ့ကို လည်း မန္တလေးမှလုပ်ငန်းကြီးတခုက ရန်ကုန်မှာကိုယ်စားလှယ် အဖြစ်နှင့် ထားသတဲ့။



သည့်အချက်တွေ ကိုစိုးဦး ခဏချင်းပင် စုံစမ်း၍ ရသည်။

နှင်းသီတာလွင် ကိုယ်စားလှယ် အဖြစ် အလုပ် လုပ် သော မန္တလေးမှ ဆေးလိပ်လုပ်ငန်းပိုင်ရှင် အကြောင်းကို စုံစမ်းလိုက်သည်။

ဘာကြောတာမှတ်လို့။

နွှေလေးမှာ သူ့မိတ်ဆွေတွေ ရှိသည်။ သတင်းထောက် ဆရာတွေ ရှိသည်။

နှစ်ရက်အတွင်းမှာ မန္တလေးမှ ဆေးလိပ်လုပ်ငန်း ပိုင် ရှင် အကြောင်း သိရသည်။

ထိုလူကား ဆေးလိပ်အလုပ်တခုတည်းလုပ်သည်မဟုတ်ပါ။ အခြား လုပ်ငန်းများလည်း ရှိသတဲ့။ အရောင်းအဝယ်နှင့် ပတ်သက်သတဲ့။ ရှင်းရှင်းဆိုရလျှင် ငွေ ထုတ် ပေး သော အလုပ်၊ သို့မဟုတ် ငွေချေးသောအလုပ် ပါပဲ။ သူက ရွှေတွေ၊ စိန်တွေ အပေါင်ခံပြီး ငွေချေးတာ မဟုတ်ပါဘူးတဲ့။

နိုင်ကွက်ကိုကိုင်ပြီး ငွေချေးတတ်သူတဲ့။

ဒါလောက်ဆို စိုးဦး သိသွားပြီ။

စိုးဦးလည်း သည်ကိစ္စတွေနှင့် ပတ်သက်နေပြီပဲ။

စာချုပ်စာတမ်းတွေ၊ မြေအရောင်းအဝယ်ကိစ္စတွေ၊ အမွေ

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေ၊ ပြီးတော့ ငွေရင်းနှင့်အတူ လူအပေါင်ထားတာမျိုးတွေ၊ စိုးဦး သိတာပေါ့'

လူအပေါင်ထားတယ်ဆိုတာက ရှင်းရှင်းကလေးပါပဲ။ သည်အပေါင်ပစ္စည်းနည်းက ရှေးတုန်းက ဆို လျှင် ငွေဝယ်ကျွန်လို့ခေါ်လို့ရနိုင်သပေါ့။

အဲဒါကို စကားအသုံးအနှုန်းပြောင်းပြီး လူအပေါင်ထားလိုက်တာပါပဲ။ လုပ်ငန်းတခုကို နာမည်ခံပြီး လုပ်ပေးရသည်။ ထိုလုပ်ငန်းနှင့် ပတ်သက်သော ကိစ္စအဝဝကို ဘာမှ မလုပ်ရ။ သို့သော် တရားတဘောင် ဖြစ်လာလျှင် သော် လည်း ကောင်း၊ ဥပဒေနှင့် မလွတ်ကင်း၍ အဖမ်းအဆီး ခံရလျှင် သော် လည်း ကောင်း ထိုလူက ခံရမည်။

ငွေရှင်သဌေးကတော့ သူနှင့် ဘာမှမဆိုင်သကဲ့သို့ နေမည်။ ဒါတွေက အရှုပ်သားကလား။

တနည်းအားဖြင့်တော့လည်း အရှင်းကလေးပါပဲ။

နှင်းသီတာလွင်ကို သဘောကျလျှင် ထိုကိစ္စမျိုးကို သိထားရမည်။ ကျွမ်းကျင်စွာ ရှောင်နိုင်တိမ်းနိုင်ရမည်။

နှင်းသီတာလွင်သည် အပေါင်ခံထားရသော မိန်းကလေးတယောက် ဖြစ်ကောင်းဖြစ်နိုင်သည်။



ဆေးလိပ်ဆိုသည်မှာ အများသိထားသော လုပ်ငန်းဖြစ်ပြီး ဆေးလိပ်မဟုတ်သော အခြားလုပ်ငန်းရှိနိုင်သည်။

ဘာရယ်လို့တော့ တိတိကျကျမသိနိုင်သေး။ သို့သော် တခု သေချာတာကတော့ တရားဥပဒေနှင့် ငြိစွန်းသော ကိစ္စတခုခု ဖြစ်လိမ့်မည်။

သည်ကြားထဲကို ဝင်မလား၊ ဝင်လျှင် တော်ရုံကျွမ်းကျင်မှုနှင့်တော့မရ။

သူ့ထက် ပိုအကွက်မြင်မှ ဖြစ်မည်။

စစ်တုရင်ကစားသလို ကြိုကြိုပြီး မြင်ထားနိုင်ရမည်။ ကိုယ့်အကွက်ထက် သူ့အကွက်ကို ကြိုမှန်းနိုင်ရမည်။

စိုးဦးသည် သူ့အရည်အချင်းကို သူ ယုံ၏။

စမ်းလိုက်ချင်သည်။

နှင်းသီတာလွင် ကိုလည်း သဘောကျသည်။

မန္တလေးမှ သဌေးနှင့်လည်း ပညာပြိုင်ကြည့်ချင်သည်။

ဘယ်လိုလဲ လုပ်မလား၊ စမ်းကြည့်မလား။

စိုးဦး သူ့ကိုယ်သူ မေးသည်။

တပွဲတလမ်းပေါ့....ဟု ဆုံးဖြတ်လိုက်သည်။

* *

www.burmeseclassic.com

www.burmeseclassic.com



နှင်းသီတာလွင်ကို မကြာမကြာ တွေ့နိုင်အောင် ကြိုးစား၏။

ဘာမှမစက်။

စိုးဦးအလုပ်ကလည်း ကိုယ်စားလှယ်အလုပ်ပဲ မဟုတ်လား။ သည်တော့ နှင်းသီတာလွင်နှင့် အစိုးရရုံးများမှာ လျှောက်လွှာတင်ယင်း ဆုံနိုင်သည်။

စကားအစကလည်း ဘာမှမစက်။

'နေ့လယ် လက်ဖက်ရည် အတူတူသောက်ကြရအောင်' ဟု ပြောရုံပင်။

သူတို့နှစ်ယောက် နေ့လယ် လက်ဖက်ရည် သောက် တာက သမ္မတဟိုတယ်လို နေရာမျိုးမှာ....။

အသားညှပ်ပေါင်မုန့်တို့၊ ဆိတ်သားပတ်စ်တို့၊ ချိ(စ်)စကြောတို့လိုဟာမျိုးတွေနှင့်။

အမှန်ကတော့ အဲဒါတွေက အရံပစ္စည်းတွေပါ။

တကယ်ကတော့ သူတို့နှစ်ယောက် စကားစမြည်ပြောဖြစ်ဖို့က အရေးကြီးတာ။

တခေါက်တော့ လမ်းကြုံသလိုလို နှင့် နှင်းသီတာလွင်ကို စိုးဦးက ရုံးတရုံးမှအပြန်တွင် လိုက်ပို့သည်။

နှင်းသီတာလွင်ကလည်း သိသိချည်းနှင့် လိုက်ခဲ့သည်။



'တခုခုစားပါလား'

'အားအားရှိ ကျွေးနေတာပဲ'

ကားပေါ် ရောက်ရောက်ချင်း စကား ခွန်းတို့ လှယ်ကြသည်။

စိုးဦးက စကားသွက်သည်။

'အိမ်ပြန်တော့မှာလား၊ အစောကြီးရှိသေးတယ်'

'ညနေ ၂နာရီခွဲဆိုတာ မစောတော့ဘူးရှင့်'

နှင်းသီတာလွင်က နော့နော့ကလေး ပြော၏။

'တည်းအိမ်မှာ တခြားမိန်းကလေးတွေလဲ တည်းတယ်နော်'

'သူတို့က ဘော်ဒါနေကြတာလေ'

'မနှင်းသီတာလွင်ကကော'

'သီတာ့ရဲ့ဦးလေးအိမ်ပဲ၊ ဘော်ဒါမှမဟုတ်တာ'

'အဲဒါကြောင့်ပြောတာပေါ့၊ အိမ်ပြန်ဖို့စောသေးတယ်လို့'

'ဘာတခုခုမှ စားချင်စိတ်မရှိပါဘူး'

'ကားလျှောက်စီးဖို့ကော'

'အဝေးကြီးတော့ မသွားချင်ဘူး'

'မြို့ပြင်ထိ မသွားပါဘူး'

'မြို့ပတ်လောက်တော့ ကောင်းသားပဲ'

'ဒါဆို မြို့ပတ်ရထားလမ်းကြောင်းအတိုင်း သွားကြမလား'

www.burmeseclassic.com

www.burmeseclassic.com



'နည်းတဲ့ခရီး မဟုတ်ဘူး'

'စကားတပြောပြောနဲ့ဆို... သိပ်ကြာလိုက်မယ်မထင်ပါဘူး'

'အရမ်းမိုးချုပ်မှ အိမ်ပြန်လို့တော့ မဖြစ်ဘူး'

'မပြန်နဲ့ပေါ့'

နှင်းသီတာလွင် ပြုံး၏။ မဲ့၏။ တပြိုင်နက်တည်း ဆိုသလို အပြုံးနှင့်အမဲ့ကို လုပ်နိုင်စွမ်းရှိ၏။

စိုးဦး နည်းနည်း ဖြုံသွားသည်။

'နှင်းသီတာလွင်၏ အမူအရာက ကျွန်မကို လွယ်လွယ်ရမယ် ထင်လို့လား ဝေးသေးရဲ့' ဟူသော သဘောကို စကားအဖြစ် မပြောပဲ မျက်နှာပေးဖြင့် ပြော၏။

စိုးဦးကလည်း သိလိုက်ပါသည်။

စိုးဦး အကြောင်းမဲ့ ရယ်ပစ်လိုက်သည်။ ရယ်ယင်း ပြော သည်။

'သမီးရည်းစားတွေပြောတဲ့စကားမျိုး ခုချိန်မှာ မပြောသင့်ပါဘူး၊ ဆောရီး'

နှင်းသီတာလွင် ဘာမှပြန်မပြောပါ။ ပြုံးသလိုလိုသာ နေလိုက်၏။

သူတို့နှစ်ယောက်သည် ဆယ့်ငှစ်ကောင်ကျား ထိုးနေကြသည်နှင့် တူ၏။



ပြီး နှစ်ယောက်စလုံးကလည်း ကွက်ကျော်တွေ မြင်မြင်နေတတ်သည်။

'ကိုစိုးဦး'

ခဏငြိမ်နေကြရာမှ နှင်းသီတာလွင်က စကားပြန်စသည်။

စိုးဦး ကားမောင်းယင်း တချက် လှည့်ကြည့်သည်။

နှင်းသီတာလွင် အပြင်ကို ငေးနေသည်။

'..............'

စိုးဦးက အာမေဍိတ်သံနှင့် ထူးသည်။

'ကျွန်မနဲ့ပတ်သက်ပြီး ဘယ်လောက်သိထားလဲ'

'သိပ်မများပါဘူး'

မိန်းကလေးက မဲ့ပြုံး ပြုံးပြန်၏။

'ကျွန်မရဲ့ ဘော့စ်အကြောင်းတော့ တော်တော် သိထားမှာပေါ့'

'ပိရိသပ်ရပ်တဲ့ သဌေးတယောက်ပါပဲ'

'ကိုစိုးဦး တော်ပါတယ်'

ခဏမျှ ငေးနေပြန်သည်။

'ကျွန်တော် ရိုးရိုးသားသား ပြောရမလား'

နှင်းသီတာလွင်ရယ်၏။

'ရိုးသားတဲ့လူတွေ မချမ်းသာကြပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လဲ နှင်းသီတာရဲ့ သဘွေးလောက်တော့ မချမ်းသာပါဘူး'

'အင်း....ဦးခင်မောင်ကျော်ထက်တော့ ရှိးသားတယ်လို့ဆိုလို တာလား'

'ကျွန်တော် စကားပြောတာ အဓိပ္ပာယ်ထွက်သွားသလား မသိဘူး'

'ကျွန်မတို့ မန္တလေးကို ခဏ မေ့ထားကြယင် ကောင်းမယ် ထင်တယ်'

'အင်း....ကျွန်တော်နဲ့ မနှင်းသီတာ ရိုးရိုး မိတ်ဆွေတွေ အဖြစ် စကားစပြောရအောင်ပါ'

'ခုမှ စကား စမှာလား'

သူ နေ့သည်။

'ရိုးရိုး စကားတွေ အကွက်ကိစ္စမပါတဲ့ စကားတွေ စီးပွား ရေးသဘောမပါတဲ့ စကားတွေ....'

'နားလည်ပါပြီ ရှင် ပြောပါ....ကျွန်မက နေရာတကာတိုင်း စီးပွားရေးသဘောတွေ ထည့်မထားပါဘူး၊ အဲသလိုလဲ မရနိုင် ဘူးဆိုတာ သိပါတယ်'

စိုးဦး ခဏကလေး ချင့်ချိန်လိုက်၏။



'ကျွန်တော် မနှင်းသီတာကို တွေ့တွေ့ချင်းပဲ ဂရုတစိုက် ရှိမိပါတယ်'

'ကျွန်မ သိပါတယ်'

'နောက် ကျွန်တော် မနှင်းသီတာနဲ့ ပတ်သက်ပြီး စုံစမ်းပါ တယ်'

........ နှင်းသီတာလှင် ပြုံး၏။

'ကျွန်မ သဌေးရဲ့ လက်ခုပ်ထဲ ကျွန်မ မရောက်သေးဘူးဆို တာလောက်တော့ သိရမှာပေါ့'

'အင်း....ကျွန်တော်မှန်းတဲ့အတိုင်းပါပဲ၊ ဦးခင်မောင်ကျော် က မနှင်းသီတာကို ကြိုးစားနေတယ်တဲ့'

နှင်းသီတာလှင်သည် တည်ငြိမ်သွား၏။

'ကျွန်မ အငယ်အနှောင်းဘဝ မရောက်ချင်ပါဘူး၊ ဒါပေ မယ့် အခြေအနေတွေက ဘယ်လို ဖြစ်လာမလဲ မသိသေးဘူး'

ဦးခင်မောင်ကျော်သည် နှင်းသီတာလှင်ကို တစုံတခုသော ရည်ရွယ်ချက်အတည်း လုပ်ထားသည် ထင်၏။

'မနှင်းသီတာရဲ့ မိဘများကကော....'

'ကျွန်မ အဖေ မရှိတော့ပါဘူး၊ အမေက....'

ဆက်ပြောချင်ဟန်မတူ။

www.burmeseclassic.com

www.burmeseclassic.com



'ထားပါလေ....ကျွန်တော် မနှင်းသီတာကို ဂရုစိုက်မိ... မန္တလေးက မိတ်ဆွေတွေဆီ လှမ်းမေးကြည့်ပါတယ်'

'ကျွန်မကို တိုက်ရိုက် မေးယင် ပိုပြီး ကောင်းတာပေါ့'

'အဲဒီအချိန်က ခုလောက် မရင်းနှီးသေးလို့ပါ'

'ကိစ္စမရှိပါဘူးလေ၊ ကျွန်မ အကြောင်းတွေ သိချင်တာ... ဆိုယင်တော့ ပြောပြဖို့ ဝန်မလေးပါဘူး၊ ကျွန်မ မဟုတ်တာ... တွေမှ မလုပ်ခဲ့ပဲ၊ ကွယ်ဝှက်ထားစရာ မလိုပါဘူး'

'အပြည့်အစုံကြီး အပ်ကျမပ်ကျတွေ ကျွန်တော် သိ... မလိုပါဘူး'

'ကျွန်မ စီးပွားရေးလုပ်တယ်။ ဦးခင်မောင်ကျော်က ... အရင်းအနှီး ပေးထားတယ်၊ဒီအတွက် ဦးခင်မောင်ကျော် လို... တာက ကျွန်မကိုပဲ၊ ဒါပေမယ့် ကျွန်မက ဦးခင်မောင်ကျော်... သဘောမကျဘူး။ ရှင်းရှင်း ပြောရယင် သူ့အကျင့်ကို မ... တာပါ။ သူက....'

'ကျွန်တော် ရိပ်မိပါတယ်၊ မြို့မျက်နှာဖုံး၊ နယ်မျက်နှာ... လူကြီးလူကောင်း၊ တရားသမားလို ဟန်ဆောင်နေတယ်။ ... ပေမယ့် သန်းခေါင်လောက်မှာ အရက်သောက်ပြီး....'

'ဒီအထိ သိထားတယ်ဆိုယင် ကိုစိုးဦးကို ချီးကျူးရမှာ...



'သူ့အကြောင်းတွေ ခဏမေ့ထားကြမယ်လေ၊ မကောင်းဘူးလား'

'ကျွန်မက အမြဲ မေ့ထားချင်တာပါ'

'မေ့ပစ်လိုက်ပေါ့'

'မလွယ်ဘူးလေ၊ ကျွန်မ ငွေရှာရဦးမယ်၊ သူ့ကို ငွေတွေ ပြန်ပေးချင်တယ်'

စလာပြီဟု စိုးဦး ချက်ချင်း သိလိုက်၏။ စကား လမ်းကြောင်း ပြောင်းမှ....

'အင်း....ကျွန်တော်က သူများတွေ ကိစ္စ သိပ်မစွက်ဖက်ချင်ပါဘူး၊ မနှင်းသီတာ လိုအပ်တဲ့ အကူအညီကို ကျွန်တော် တတ်နိုင်သလောက် ကူညီပါ့မယ်'

'ကိုစိုးဦးဆီက ငွေအကူအညီ မလိုချင်ပါဘူး'

'ကျွန်တော်ကလဲ တခြားကိစ္စ ပြောတာပါ၊ ဥပမာ ရုံးကိစ္စ ဘာ ညာပေါ့'

'ဘာ....ညာက ဘာလဲ'

'ဘာ....ညာဆိုတာ ဘာညာ ဘာညာကွိကွတွေပေါ့'

မရယ်ပါ။

'သဘောပေါက်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'တကယ် သဘောပေါက်လို့လား၊ မရေရာတဲ့ဟာတွေကို သဘောပေါက်လို့ မရဘူးတဲ့'

'ဘယ်သူက ပြောတာလဲ'

'မသိဘူးလေ....မြင်တာ ပြောတာ'

နည်းနည်း ရယ်ဖြစ်ကြသည်။

သူတို့နှစ်ယောက်သည် စကား တပြောပြောနှင့် လာခဲ့ကြရာ ကြည့်မြင်တိုင်ဘက် ရောက်လာ၏။

'မြို့ပတ်ရထားလမ်းကြောင်းအတိုင်းဆို၊ ဒီကနေ ကမာရွတ်ကို သွားရလိမ့်မယ်'

'ကမာရွတ်လောက်ရောက်ယင် ပြန်လှည့်ကြတာပေါ့'

'ထမင်း မစားတော့ဘူးလား'

'အိမ်ရောက်မှပဲ စားမယ်၊ ကျွန်မ ဒီနေ့ သိပ်ပြီး စိတ်မကြည်ဘူး'

'ကျွန်တော့်ကြောင့်လား'

'အင်းပေါ့....ဦးခင်မောင်ကျော်ကို ကျွန်မ မေ့ထားချင်တာ'

'ကျွန်တော် အစ ဖော်ပေးမိတာ မှားသွားပြီပေါ့၊ တောင်းပန်ပါတယ်'

'ခုမှတော့ တောင်းပန်နေလဲ အပိုပါပဲ'



ကြည့်မြင်တိုင်မှ ကမာရွတ်အထိ ထွေရာ လေးပါး စကားတွေသာ ပြောခဲ့ကြ၏။

ကမာရွတ်ရောက်တော့....

ပြည်လမ်းနှင့် လှည်းတန်းလမ်း ငါးခွဆုံမီးပွိုင့်မှာ အကြာကြီး ရပ်စောင့်နေရသည်။

ကားစတီယာရင်ကို လက်ညှိုးနှင့် ခေါက်ယင်း စိုးဦးစဉ်းစားနေသည်။

ယခုအချိန်မှာ နှင်းသီတာလွင်ကို 'စ'ဖို့ မကောင်းသေး။ အသာကလေး ရေရှည်မျှောတားရဦးမည်။

နှင်းသီတာလွင်ကတော့ စိုးဦး သူ့ကို ကျနေကြောင်း သိပြီး ဖြစ်လိမ့်မည်။

သို့သော် ငွေကြေးကိစ္စတွေရှိနေသဖြင့် သည်ခွင်ကို ပါးပါးနပ်နပ် ဝင်မှ ဖြစ်မည်။

ခုနေခါမှာ ဆုတ်သာတက်သာ ရှိသေး၏။

သည်ခွင်ထဲ ဝင်ပြီးလျှင်တော့ ဆုတ်လို့ မရနိုင်၊ ကိုယ်က အနိုင်နှင့် ပိုင်းနိုင်မှ ဖြစ်မည်။

သည်လို စိတ်ကူးနေ၏။

ခေါင်းကို အသုံးချနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ တယောက်ကို ရယူဖို့ အတွက် သချ်ာတွက်စက်လို ခေါင်းကို အသုံးချနေရသည်ဆိုကတည်းက မဟန်တော့ပါ။

ရင်ခုန်ခြင်း အလျဉ်းမရှိသေးသည်ကို သူ သတိထားမိ၏။

အိတ်ဆောင် ဂဏန်းတွက်စက် အငယ်စားလေး သူ့အိတ်ထဲမှာ ရှိသည်။

အဲဒီတွက်စက်ကလေးနှင့် တွက်ကြည့်လျှင် နှင်းသီတာလွင် ပုစ္ဆာ၏ အဖြေသည် သိန်းဂဏန်းဖြစ်လိမ့်မည်။

စိုးဦးသည် ငွေနှင့် ပတ်သက်လျှင် စေ့စပ်၏။

အကြားအလပ် မရှိစေရ။

အပေါက်အကျ မများစေရ။

နှင်းသီတာလွင်သည် ငွေနှင့် ပတ်သက်နေ၏။

ငွေကို လိုလားနေသော မိန်းမချောတယောက် ဖြစ်၏။

သည်လိုဆို သူ ဆုတ်သင့်ပြီဟု ထင်၏။

သို့သော် တပ်မက်စွဲလန်းမှုကား အမိုက်မှောင်ဖုံးသော သဘောကို ဆောင်၏။

သူ မဆုတ်ချင်၊ သူ နှင်းသီတာကို ရချင်၏။

ကျစျေးအထိ စောင့်မလား၊ တက်စျေးမှာ ဝယ်မလား။



ထိုစဉ်က သူစဉ်းစားပုံတွေ ဘယ်လောက်သွံ့မှန်းကို နောက်ကျမှ သူ သိရသည်။

နှင်းသီတာလွင်လည်း ထိုအချိန်ကလေး၌ စဉ်းစားနေသည်။

စိုးဦးကို လှည့်ကြည့်တော့ စတီယာရင်ပေါ် လက်ညှိုးကလေး တခေါက်ခေါက်နှင့် တွက်ကိန်းတွေ ချနေကြောင်း သူ သတိထားမိသည်။

သည်တော့ သူကလည်း တွက်ကိန်းတွေ ချပစ်လိုက်သည်။

သူကလည်း စိုးဦး အကြောင်း တော်တော်များများ သိပြီးသားပါ။

ငွေသိန်းဂဏန်း များများကိုင်ပြီး အလုပ်လုပ်နေသည်။

စေးနှဲသည်ဟု ထင်ရသော်လည်း စေးနှဲခြင်း မဟုတ်၊ စေ့စပ်သေချာစွာ သုံးစွဲခြင်း ဖြစ်သည်။

သည်အချက်ကို ကြိုက်သည်။

တကယ်လို့ စိုးဦးက သူ့ကို လက်ကမ်းလာလျှင် တွဲလို့ ဖြစ်နိုင်သည်။

တသက်တာတော့ မရည်မှန်းပါ။

တခုရှိသည်။

ဦးဆင်မောင်ကျော် လက်ထဲ မရောက်မီ ရှန်းထွက်ရန် စိုးဦးကို အသုံးချလို့ ရသည်။

www.burmeseclassic.com



စိုးဦးနှင့် သူတို့ ပို့၍ နီးစပ်သွားလျှင် ဦးခင်မောင်ကျော် ဘယ်လို အကွက်ထွင်မည်နည်း။

ငွေမျော ငွေနှင့် လိုက်မည်လား၊ ဒါမှ မဟုတ် အကျပ်ကိုင်မည်လား။

အကျပ်ကိုင်မှာကတော့ သေချာသည်။

သို့သော် သိက္ခာထိခိုက်လောက်အောင်တော့ လုပ်လိမ့်မည် မဟုတ်။

တခြားနည်းလမ်းဖြင့် အကျပ်ကိုင် လိမ့်မည်။

ဥပဒေကြောင်း ဖြစ်နိုင်သည်။

စာချုပ်တခုသည် ဦးခင်မောင်ကျော်၏ လက်ထဲ ရောက် နေ၏။

သူ့အဖေနှင့် ပတ်သက်သည်။

သူ့အမေကလည်း ထိုစာချုပ်ကို လှည့်၍မျှ မကြည့်တော့

နောက်အိမ်ထောင် ယူထားပြီ။

ကြွေးမြီကိစ္စများကို သူ့အမေက ဘာမျှ မသိသလို နေပေး လိုက်သည်။

သူ့အဖေကလည်း မဆုံးပါးမီ ကတည်းက နှင်းသီတာလွင် ၏ အမေကို ငွေနှင့် ပတ်သက်၍ မယုံသင်္ကာ ရှိခဲ့သည်။

အမေလည်း အသုံးအဖြုန်းကြီးသကိုး။



သည်တော့ လုပ်ငန်းကိစ္စကို သမီးဖြစ်သူ နှင်းသီတာလွင် အား ကိုယ်စားလွှဲထားခဲ့၏။

သည်ထဲမှာ လုပ်ငန်းတခုက ဦးခင်မောင်ကျော်နှင့် ငြိနေ သည်။

ရှင်းရှင်းကတော့ ဦးခင်မောင်ကျော် ဆီက သူ့အဖေ ငွေ တွေ ယူထား၏။

အိမ်အရောင်းအဝယ် စာချုပ်၊ လုပ်ငန်းဆိုင်ရာ စာချုပ်၊ ပြီးတော့ အစုရှယ်ယာဝင် စာချုပ် စသည်တို့တွင် ဦးခင်မောင် ကျော်၏ ပိုင်ဆိုင်မှု ပါဝင်ကြောင်းကို ဖော်ပြထားသည်။

အသိသက်သေအဖြစ် နှင်းသီတာလွင် လက်မှတ်ထိုးထား ရသည်။

သည့်နောက် အဖေမမာသည့် အချိန်မှာ တရားဝင် ကိုယ် စားလှယ် ဖြစ်လာခဲ့သည်။

သည်ကတည်းက ဦးခင်မောင်ကျော်က နိုင်ကွက်ကို ယူထား လိုက်၏။

နှင်းသီတာလွင်က ဦးခင်မောင်ကျော်ကို ငွေပေးရမည်။

သို့မဟုတ် တိုက်တိုက်ပုန်း မယားဘဝနှင့် နှစ်အတန်ကြာ နေရမည်။

သူနည်းနည်း ဟိုင်းသည် အထိပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ဦးခင်မောင်ကျော်က သူ့ကို လက်ထပ်စာချုပ် ချုပ်ပေးလိမ့်မည် မဟုတ်။

တရားဝင် ပိုင်ဆိုင်ခွင့်လည်း ဘာမှ ရမည်မဟုတ်။

သည်တော့ ထိုညွှတ်ကွင်းကို လောလောဆယ် ရှောင်ရန် နှင်းသီတာလွင် ရန်ကုန်မှာ အချိန်များများ နေပစ်လိုက်သည်။

တလတခေါက်လောက် မန္တလေးပြန်သည်။

ဦးခင်မောင်ကျော် ခိုင်းသည့် ဘာမှန်း မသိရသော ကိစ္စတခုကို လုပ်ပေးလိုက်သည်။

အများအားဖြင့် လျှောက်လွှာကိစ္စတွေပါပဲ။

ပြည်သူ့ အိုးအိမ်နှင့် ပတ်သက်ချင် ပတ်သက်သည်။

ဆောက်/လုပ်နှင့် ပတ်သက်မည်။

ဒါမှမဟုတ် တရားရုံးနှင့် ပတ်သက်ချင် ပတ်သက်မည်။

ဒါတွေကို နှင်းသီတာလွင် ကျွမ်းကျင်၏။

သူ့အလုအပနှင့်သော် လည်းကောင်း၊ ငွေကြေး သို့မဟုတ် ပစ္စည်းလက်ဆောင်နှင့် သော်လည်းကောင်း ချဉ်းကပ်၍ အောင်မြင်ရာ၏။

ဒါကလည်း တလဲမှ တကြိမ်လောက်သာ လုပ်ရသည့်အလုပ်။

သည်လို လုပ်ပေးသဖြင့် ဦးခင်မောင်ကျော်၏ စီးပွားရေးမည်မျှ တိုးတက်ရမည်ကို နှင်းသီတာလွင် သိသည်။



ကိုယ်တိုင် လုပ်လျှင် ရနိုင်သည့် အစီးအပွားများကို ဦးခင်မောင်ကျော်အား သိသိကြီးနှင့် ပေးနေရ၏။

သည်လို မပေးလို့ကလည်း မဖြစ်။

ငွေတိုးပွားသထက် တိုးပွားအောင် လုပ်မပေးလျှင် လူပေးမည့် ဘဝရောက်သွားနိုင်သည်။

စိုးဦးကို အသုံးချချင်သည်။

တခြားမဟုတ်ပါ။

စိုးဦးထံမှ ငွေလှည့်ချင်သည်။

ထို့ကြောင့်ပင် မမနုထံသို့ မကြာခဏ အလည်သွားခဲ့ခြင်းဖြစ်သည်။

ပထမပိုင်း တွေ့တုန်းက စိုးဦး မရှိနိုင်သည့် အခိုက်မှာသာ သွား၏။

ဒါက သူ့အကွက်တကွက်။

နောက်ပိုင်း လေးငါးခေါက်လောက် အရောက်ကျမှ စိုးဦး ပြန်လာနိုင်မည့် အချိန်ကို မှန်း၍ မမနုထံ အလည်သွားခဲ့သည်။

သူမှန်းသည်ထက် လျင်မြန်စွာ စိုးဦးက လိုက်လျောလာသည်။

သို့သော် စိုးဦးသည် သတိရှိသော စီးပွားရေးသမားတယောက်ဟု သိသာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိစ္စဖြစ်ဖြစ် လောလော လောလော မလုပ်တတ်။

သည်တော့ သူနှင့် ကိစ္စမှာလည်း လောလိမ့်မည် မဟုတ်။

မထိတထိကလေး ချိတ်ရုံချိတ်ထားပြီး ခွာချင်လျှင် အချိန်မရွေး ခွာသွားလိမ့်မည်။

အရေးမကြီးပါ။

အရေးကြီးသည်က စိုးဦးဆီက ငွေလှည့်ဖို့။

သူတတ်ကျွမ်းသော စီးပွားရေး အလုပ်များကို လုပ်ပြီး စိုးဦး ငွေကို အရင်းအတိုင်း ပြန်ပေးနိုင်ဖို့။

သဘောကတော့ အတိုးမဲ့ ငွေချေးနို့ဖို့။

နှင်းသီတာလွင်၏ အတွေးတွေကလည်း ဂဏန်းတွက်စက်သဘောမျိုးပင်။

ခုထိတော့ သူတို့နှစ်ယောက် လိုက်ဖက်နေကြသည်။

မီးပွိုင့်စိမ်းသွားပြီ။

ပြည်လမ်းအတိုင်း ချိုးကွေ့ မောင်းခဲ့၏။

လမ်းမကျယ်ကြီးမို့ ကားမောင်းလို့ ကောင်းသည်။

စိုးဦးသည် ကားကို မှန်မှန်ပင် မောင်းလျက် ရှိ၏။

ဟံသာဝတီအဝိုင်းကို ကွေ့၍ ဦးဝိစာရလမ်းအတိုင်း မောင်းလာခဲ့သည်။

မကြာမီ ရွှေတိဂုံစေတီကြီးကို သပ္ပာယ်စွာ ဖူးတွေ့ရ၏။



ညဝင်ဆည်းဆာအချိန်၌ ရွှေအတိပြီးသော စေတီတော်ကြီးကို မီးမောင်းအရောင်များဖြင့် ဖူးမြော်ရသည်မှာ ချမ်းမြေ့ဖွယ်ကောင်းစွ။

စီးပွားဥစ္စာကိစ္စကိုသာ အချိန်ရှိသလောက် စဉ်းစားတွက်ချက်နေရသော စိုးဦးတို့လို လူမျိုးအဖို့ ဤကဲ့သို့သော အချိန်ကလေး တခဏတွင်သာ ချမ်းမြေ့မှုကို တွေ့နိုင်၏။

စိုးဦး၏ စိတ်ထဲ၌ ခေတ္တမျှ အေးမြိမ်းသွားသည်။

မြတ်စွာဘုရား၏ ဂုဏ်တော်ကို အမှတ်ရ၏။

ငယ်ငယ်တုန်းက လူကြီးများ သင်ပေးထားသဖြင့် အလွတ်ရနေသော ဣတိပိသော ဘဂဝါ အရဟံ....အစရှိသည့် ဂုဏ်တော်ကို စိတ်ထဲမှာ ရွတ်ကြည့်သည်။

ရသေးသားပဲ။

ငယ်ငယ်ကတော့ တစ္ဆေကြောက်သဖြင့် ကျက်ခဲ့ခြင်းမျှသာပါ။

ဂုဏ်တော်၏ အနက်အဓိပ္ပာယ်ကို ဘာမှ မသိ။

ခုလည်း သေသေချာချာ မသိ။

နှင်းသီတာလွင်သည် ရွှေတိဂုံစေတီတော်ကြီးကို ဖူးတွေ့လိုက်ရလျှင်ပင် လက်အုပ်ကလေး ချီလိုက်၏။

မျက်စိကလေး မှိတ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စေတီပုထိုးမြင့်လျှင် လက်အုပ်ချီပြီးသားဖြစ်သော အသေ
အထ ကလေးတော့ နှင်းသီတာလွင်မှာ ရှိပါသေးသည်။

ထိုကောင့် ကွန်ပြူတာ ဦးနှောက်များကို အနားပေးထား
လိုက်ကြသည်။

*　　　*　　　*

ဗိုက်ထဲက နည်းနည်း ဆာလာပြီ။

ပုန်းညက်ပင်အောက်မှာ ထိုင်နေမိသည်မှာ မည်မျှကြာသွား
ပြီ မသိ။

ပင်လယ်လှိုင်းသံကို ခုမှ မြန်ကြား၏။

လေညင်း၏ အထိအတွေ့ကို ခုမှ သတိပြုမိသည်။

နေရောင်ခြည် ပြင်းလာပြီကို ခုမှ သတိထားမိသည်။

နာရီကို ကြည့်၏။ ဆယ်နာရီခွဲပြီးပြီ။

ပုန်းညက်ပင်အောက်မှ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကင်မရာကို လွယ်လျက် တည်းခိုဆောင် ရှိရာသို့ ပြန်လျှောက်ခဲ့သည်။

နံနက် ဆယ်နာရီဆိုသော အချိန်တွင် ကမ်းခြေဘလျှောက်သူ ရှင်းနေပြီ။

ပင်လယ်လေညင်းကြောင့် မပူသေးသော်လည်း ရေမရောက်သော သဲသောင်များကတော့ ပူနေပြီ။

တည်းခိုဆောင်ကို လှမ်းမြင်ရပြီ။

သူ့တဘက်ခန်းမှာ တည်းသော မိသားစုကတော့ ပြန်နိုင်စီစဉ်နေပြီ။

ညနေလေယာဉ်နှင့် ပြန်ကြလိမ့်မည် ထင်ရ၏။

သူ့အခန်းဝ ရောက်တော့ ထမင်းချိုင့်ကလေး တွေ့ရသည်။

ညိုသူ ရောက်လာသွားပြီပဲ။

နည်းနည်းတော့ မချင့်မရဲ ဖြစ်မိသည်။

စောစောကလေးသာ ပြန်ခဲ့လျှင် ညိုသူနှင့် ထပ်တွေ့ရဦးမည်။

နည်းနည်းပါးပါး နောက်လို့ ပြောလို့ အခွင့်အရေးကလေး ရမည်။

ညိုသူသည် ကလေးငယ်တယောက်ကဲ့သို့ ဖြူစင်သည်ဟု သူထင်၏။



တကယ်တော့ စိုးဦးလို စီးပွားရေး ကိစ္စများတွင်သာ ခေါင်းပန်းနေရသူအဖို့ ညိုသူ့လို မိန်းကလေးမျိုးကို နီးနီးစပ်စပ် ဆက်ဆံနိုင်ရန် မလွယ်ခဲ့။

စိုးဦး ကျင်လည်ရသော စီးပွားရေးနယ်သည် တယောက်ကို တယောက် ဘယ်လို ကျော်ရမလဲ။ ဘယ်လို အနိုင်ယူရမလဲဟု အချိန်နှင့်အမျှ စဉ်းစားနေရသော နယ်ပယ်ဖြစ်၏။

လည်သူ၊ လျင်သူတွေချည်းသာ ရှိသော အသိုင်းအဝိုင်း ဖြစ်၏။

ထိုအသိုင်းအဝိုင်းတွင် ရိုးသားဖြောင့်မတ်ခြင်းသည် ရှားရ ခက်အခဲဆုံး သဘောတရားတခု ဖြစ်နေ၏။

တကယ်တော့လည်း သည်လိုစီးပွားရေး ငွေရှာရေးနယ်တွင် ထိပ်ရိုးသားနေလျှင် ငတုံးဘဝ ရောက်သွားနိုင်သည်။

သည်တော့ စိုးဦးလည်း သူလျင်သလောက် လည်သလောက် ထုပ်၏။

ခုတ်တန်ခုတ်၊ လှီးတန်လှီး၊ ဒါတွေ လုပ်ခဲ့ရ၏။

ထို့ကြောင့် စိုးဦးသည် ညိုသူလောက် ဂုဏ်ရှိသော ပွင့်ပွင့် လင်းလင်း ပြောဘတ်သော မိန်းကလေးကိုပင် ပကတိဖြူစင် သည်ဟု အထင်ရောက်နေသည်။

ညိုသူ့ ဘဝပေးအခြေအနေတွေက စိုးဦးနှင့် ဘာမျှမဆိုင်။

www.burmeseclassic.com

www.burmeseclassic.com



ညိုသူ့ ဘဝမှာက ငွေကို ငွေနှင့် ရှာသော သဘောမရှိ။

ညိုသူတို့က အလုပ်နှင့် ငွေရှာရသည်။

ငွေရင်း ငွေနှီး ဘာတခုမှ မမြှုပ်နိုင်။

ကိုယ်တိုင် အလုပ်လုပ်၊ လုပ်ခတောင်း။

ခုဆို ညိုသူ အလုပ်ပင် မရှိ။

လုပ်ခဝင်ငွေဆိုလို့လည်း မရှိ။

အလုပ်သမားလျော်ကြေးလိုလို၊ ရပိုင်ခွင့်လိုလို၊ ဆု...
လိုလိုနှင့် ရခဲ့သော ငွေကလေးသာ ရှိသည်။

ဒါလည်း မဖြစ်စလောက်။

သူ့မိသားစုကို ထောက်ပံ့ခဲ့ရပြီးပြီ။

ညိုသူတို့ ဘဝသည် ငွေကြေးဥစ္စာ ဓနစည်းစိမ်မျာ...
မပတ်သက်နိုင်။

သည်တော့ ငွေကြေးနှင့် ပတ်သက်ပြီး ခုတ်ဟယ်....ထစ်...
လှီးဟယ်ဆိုသော ကိစ္စများကို ညိုသူ မလုပ်တတ်ပါ။

ထို့ကြောင့်သာ စိုးဦး၏ အမြင်တွင် ညိုသူသည် ပ...
ဖြူစင်ရိုးသားသူ ဖြစ်နေ၏။

ထမင်းချိုင့်ကို ကောက်ဆွဲလိုက်တော့ စာရွက်ခေါ...
ကလေးတခု ပြုတ်ကျသွား၏။

စာရွက်ခေါက်ကလေးကို ကောက်ယူ ဖြန့်ကြည့်သည်။



'ထမင်းစားခါနီးလျှင် လှမ်းအော်ပါ၊ ဟင်းချိုနွေးပေး...ပါမည်'

လက်ရေးက မိန်းကလေး ငယ်ငယ်တို့ ရေးလေ့ ရှိသည့်...လက်ရေး။

ညိုသူ ရေးထားခဲ့ခြင်းပင် ဖြစ်မည်ဟု သိလိုက်သည်။

စိုးဦး ကြည်နူးသွားသည်။

ဘာကြောင့် မှန်းမသိပဲ လေတချက် ချွန်မိသည်။

အခန်းတံခါးဖွင့် ဝင်လိုက်သည်။

နောက်ဘက် ပြတင်းကို ဖွင့်သည်။

'ထမင်းစားတော့မဗျို....အဒေါ်ရေ့'

အဒေါ်ဟု အော်ခြင်းအသံ၌ ဒေါ်ကြီးစိန်ကို ရည်ညွှန်း...
...း မဟုတ်ပဲ ညိုသူ့ကို ရည်ညွှန်းကြောင်းပေါ်လွင်နေသည်။

သူ့အသံက ခပ် ရွှတ်နောက်နောက်။

* *

www.burmeseclassic.com

www.burmeseclassic.com

ညိုသူနှင့် ဒေါ်ကြီးစိန်တို့ ထမင်းစားနေဆဲ ဖြစ်သည်။
စိုးဦး၏ အော်သံကို ကြားတော့ ဒေါ်ကြီးစိန်က
ကတန်း ထ၍....

'ရပြီ....ရပြီ'

ဟု ထမင်းတွေဝါးယင်း ဗလုံးဗထွေး ပြန်အော်လိုက်

ဒေါ်ကြီးစိန်၏ အမူအရာမှာ ချက်ချင်းပင်သွား၍
ပြင်ဆင်ပေးမည့်ဟန် ပေါက်နေသည်။

ညိုသူက....

'ဟင်းချို နွေးပေးရဦးမယ်လေ'



ဟု ပြော၏။

'အေး....ဟုတ်သား'

ဒေါ်ကြီးစိန်သည် မီးဖိုဆီထ၏။

ညိုသူက....

'ကျွန်မ နွေးလိုက်ပါ့မယ် ဒေါ်ဒေါ်ကြီးရယ်၊ သူလဲ ချက်
င်း စားဦးမှာ မဟုတ်ပါဘူး'

ပြောယင်းပင် ထ၍ ဒေါ်ကြီးစိန် လက်ထဲမှ ဟင်းချိုအိုးကို
ပြီး မီးဖိုပေါ်တင်၏။

င်းဦးသည် ထမင်းချိုင့်ကို မဖွင့်သေးပဲ စိုက်ကြည့် နေမိ
ည်။

ညိုသူ့ကို မြင်ယောင်၏။ သည်မိန်းကလေးဟာ သူ့ ဘဝ
ှင်ဖော် ဖြစ်လာလေမလား....။

မတုန်လှုပ်စဖူး သူ့ရင်ခုန်သည်ကို သတိထားမိသည်။

င်းပွားရေး ဦးနှောက်ထဲ၌ ဘာအရာမျှမထင်ခဲ့။

သည်မိန်းကလေးကို ယူယင် ဘယ်လိုဖြစ်လာနိုင်သည်။ သူ့
ည်အချင်းကို ဘယ်လိုအသုံးချနိုင်သည် စသဖြင့်သော တွက်
်းများကို ညိုသူနှင့် ပတ်သက်၍ မတွက်မိ။

သူ့ဦးနှောက်ထဲမှ ဂဏန်းတွက်စက် ရုတ်တရက် ပျက်သွား
ည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ၌ ဒိတ်ကနဲ ခုန်ခြင်း၏နောက်မှာ ဘာမှန်းမသိရသော လျှို့ဝှက်သော အဓိပ္ပာယ်တွေတပုံကြီး ရှိသည်။

ထမင်းချိုင့်ကလေးကို ကြည့်ပြီး ကြည်နူးနေခြင်း ကိုလည်း အံ့ဩမိသည်။

ထမင်းချိုင့်က ရိုးရိုးကြွေရည်သုတ်ချိုင့်ကလေးပါပဲ။ ဘာ ထူးခြားမှုမရှိ။ အဖိုးတတန်ကြီးလည်း မဟုတ်။

ထမင်းချိုင့်၌ ကြည်နူးနှစ်သိမ့်စရာ ဆွဲဆောင်မှု ဘာတခု မရှိ။

သို့သော် ညိုသူ့ လက်နှင့် လာပို့သွားသော ချိုင့်က ဆော ဟူသော အသိကြောင့် ကြည်နူးနေခြင်းပင် ဖြစ်သည်။

သည်ချိုင့်ရဲ့ လက်ဆွဲကိုင်းကလေးကို ညိုသူ့ လက်ကလေးသေး နှင့် ထိခဲ့မှာ အမှန်ပဲ။ ချိုင့်ထဲက စားသောက်ဖွယ်ရာ များကို ညိုသူ့ လက်နှင့် ပြင်ဆင်ခဲ့မှာအသေအချာပါပဲ။

စိုးဦးသည် ချိုင့်ကလေး၏လက်ကိုင်ကို ဆွဲယူကိုင်ကြည့်လိုက် သည်။

'ဟင်းချို ရပါပြီ ရှင့်'

ထမင်းချိုင့်ကို အာရုံစူးစိုက်နေသဖြင့် ညိုသူရောက်လာသည် ကို သတိမထားမိ။



ညိုသူ သည် မနက်က တွေ့ရတုန်းကလို နှုတ်သီး ကောင်း ကောင်မလေးပုံစံမဟုတ်တော့။

ဂုဏ်ခွေကလေးနှင့် ရပ်နေသည်။

သူသည် ထမင်းချိုင့်ကို ဆွဲကိုင်လျက်၊ ကြည်နူးစွာ ကြည့်နေ ခဲ့သည် မဟုတ်လား။ သူ့မျက်နှာမှာ ပြုံးယောင်ယောင်တွေ ထန်းနေခဲ့မှာ အမှန်ပါ။

စိတ်ဝင်စားစရာ ဘာမှမရှိသော ချိုင့်တလုံးကိုကြည့်ပြီး ပြုံး နေသည့် သူ့အဖြစ်ကို ညိုသူ စိတ်ထဲက လှောင်များ လှောင်နေ သလား။

'ထမင်းပွဲ ပြင်လိုက်မယ်နော်'

ညိုသူ သည် ဟင်းချို ပန်းကန်ကို ဝါးစားပွဲကလေးပေါ် ချယင်း ပြော၏။

'ဆာနေတာကြာလှပြီဗျာ၊ ခုတောင် ထမင်းချိုင့် ဖွင့်စား တော့မလို့၊ ဘယ်လိုဖွင့်ရမှန်း မသိတာနဲ့'

ညိုသူ ပြုံးသည်ဆိုရုံ ပြုံး၏။ စိုးဦး နောက်နေမှန်း သိပါ သည်။

'သည်ချိုင့်က အညံ့စားဆိုတော့ ဦးစိုးဦးတို့ ဘယ်ဖွင့်တတ် ပလဲ ရှင့်'

'မဟုတ်ပါဘူး၊ ဒီသဘောပြောတာ မဟုတ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'သိပါတယ်'

ပြောယင်းပင် ချိုင့်ကို လှမ်းယူ၏။

ချိုင့်လက်ကိုင် ကိုင်းနေရာက ကျဉ်းကျဉ်းကလေးမို့ လက် ချင်းထိမိကြသည်။

ဘာမှ ဖြစ်တာ မဟုတ်၊ ဘာမှ ဖြစ်လောက်စရာ မရှိပေမယ့် တခုခုတော့ ဖြစ်သွားသည်။ လက်ချင်းထိသည့် ခဏကလေး နူးညံ့မှုတမျိုးက အာရုံစီးကြောင်းမှာ ဖြတ်သွားသည်။

စိုးဦး သည် ညိုသူ ထမင်းပွဲပြင်သည်ကို မမှိတ်မသုံ ကြည့် နေ၏။

ညိုသူသည် စိုးဦးကို မကြည့်သော်လည်း သူ့ကို စိုးဦး ကြည့်နေကြောင်း အလိုလို သိနေသည်။

အယောင်ယောင်အမှားမှား မဖြစ်အောင် လုပ်နေရ၏။

ဘာမှ ခက်ခဲသော ကိစ္စလည်း မဟုတ်ပါ။

ချိုင့်လေးဆင့်ကိုဖွင့်၊ ဟင်းချိုင့်မှာဇွန်းတတ်။ ငပိ၊ တို့စရာ ပန်းကန်တချပ်နှင့်ထည့်။ ပြုပ်သီးထောင်းပန်းကန်သေးလေးထဲ ထမင်းချိုင့်ထဲမှ ထုတ်ပြီး ပန်းကန်အောက်ဖက်၌ ပေနေသော ထမင်းစေ့ကလေးများကိုသုတ်၊ စားပွဲပေါ်ချ။

ဝူး....ဘာမှမဟုတ်ပဲ ပင်ပန်းလိုက်တာ



'ထမင်းစားပြီးယင် လှမ်းခေါ်လိုက်ပါနော်၊ ပြန်လာသိမ်း ပါမယ်'

'နေပါဦးဗျ'

ညိုသူ စိတ်ထဲနည်းနည်းကျဉ်းကျပ်သွားသည်။ ဘာတွေများ ကားကြောရှည်ဦးမလို့ပါလိမ့်။

ခဏရပ်နေလိုက်သည်။ စိုးဦးကိုတော့ မကြည့်။

'နေ့လယ်ကျ လက်ဖက်ရည် ရနိုင်မလားလို့'

'ရနိုင်ပါတယ်'

'ဒီလိုပါ၊ ကျွန်တော့်မှာ အချိုခြောက်နဲ့ နို့စိမ်းဗူးပါလာ တယ်။ ဖျော်ပေးနိုင်မလားလို့ပါ'

'ဖျော်ပေးရမှာပေါ့ ရှင်'

'စေတနာမပါပဲနဲ့တော့ မဖျော်ပေးပါနဲ့ဗျာ'

'ကျွန်မတို့ ဝတ္တရားရှိပါတယ်'

'ဒါဆိုလဲ နေပါစေတော့ဗျာ၊ ဝတ္တရားကြောင့်သာလုပ်ပေး ရတယ်၊ စေတနာကို မရှိဘူးလို့ မီးဖိုရှေ့မှာ ဖြစ် တောက် ဖြစ် တောက်လုပ်နေယင် မကောင်းပါဘူး'

'အဲသလို လုပ်စရာအကြောင်းမရှိပါဘူး၊ ကျွန်မ အစ်ကိုက ရာ့ဧည့်သည်တွေ လိုအပ်တာ လုပ်ပေးပါလို့ မှာခဲ့တာပဲ'

'အင်း.... ခင်ဗျားနဲ့ ကိုအုန်းစိန်ကြီးနဲ့က မောင်နှမနော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

'အရင်းတော့ မဟုတ်တူး ထင်တယ်'

ရှင့် အလုပ် မ ဟုတ် ပါ ဘူး လို့ တော့ ပြောလိုက်ချင်သား ဒါပေမယ့်....

'မဟုတ်ပါဘူး၊ တဝမ်းကွဲပါ'

'စပ်စုတယ် မထင်ပါနဲ့နော်၊ တော်ကြာ စပ်စုမှုဆိုပြီး ဥပဒေ မရှိတဲ့ ပုဒ်မတပ်ပြီး တရားစွဲနေမှာ စိုးလို့'

ညိုသူ သက်ပြင်း ခိုးချလိုက်သည်။

သည်လူတော့ မလွယ်ပါလား။

'ကဲ....ကဲ....ပြန်ချင်လဲ ပြန်ပါတော့ဗျာ၊ ကျွန်တော် ထမင်း စားပြီးယင် လှမ်းအော်ပါဦးမယ်'

သူ့စကား ဆုံးဆုံးချင်း လှည့်ဆင်းခဲ့သည်။

'ဩော်....အဒေါ်ကြီး၊ နေ့လယ်တော့ လက်ဖက်ရည် ကလေး ဖျော်ပေးပါဦးနော်'

ညိုသူ လှည့်မကြည့်ပဲ၊ ခေါင်းညိတ်သည်။

* * *

စိုးဦးက အကြံနှင့် လက်ဖက်ရည်ဖျော်ပေးဖို့ ပြောခဲ့ခြင်း သာ ဖြစ်သည်။

အမှန်ကတော့ ရေနွေးဆူဆူ တခွက်လောက် ရလျှင်ပြီးပြီ။

သူ့မှာ တခွက်စာ လစ်ပတန် အချိုခြောက်အိတ်ကလေးတွေ ပါသည်။

ရေနွေးဆူဆူထဲ ထည့်၊ နို့စိမ်းဗူးဖောက် ကြိုက်သလောက် ထည့်၊ တခွက်စာ သကြားအိတ်ကလေးတွေလည်း သူ့မှာ ပါခဲ့သည်ပဲ။

ကိုယ့်ဘာသာ စိတ်ကြိုက် ဖျော်သောက်နိုင်သည်။

www.burmeseclassic.com



သို့သော် ညိုသူ့ကို နေ့လယ်ကျ လက်ဖက်ရည် ဖျော်ခိုင်းလျှင် တခေါက်၊ လက်ဖက်ရည် လာပို့လျှင် တခေါက် စကားပြောနိုင်သည် မဟုတ်လား။

အဲ....ထမင်းစားပြီးယင် 'ပြီးပြီဗျို့ အဒေါ်ရေ'လို့ လှမ်းအော်ခေါ်လျှင်လည်း ညိုသူနှင့် ခဏ စကားပြောနိုင်ဦးမည်။

သူ ပျော်သွားသည်။

ထမင်းစားယင်း စဉ်းစား၏။

လှလှပပ မိန်းကလေးတွေ အများကြီး တွေ့ဖူးကြုံဖူးပါလျက် ဘယ့်နှယ် ဒီကလေးမကျမှ စိုးဦး တယောက် လူပျိုပေါက်လို ပြန်ဖြစ်နေရသနည်း။

အင်း....နဖူးစာ ရှာလည်ဆိုတာ အမှန်ပဲ ဖြစ်ပါလိမ့်မည်။

နောက်ပြီး ဒီမိန်းကလေးကို စတွေ့ကတည်းက ဈေးတွက်ဖြင့် မတွက်မိခြင်းသည်လည်း ထူးခြား၏။

စိုးဦးသည် ငယ်စဉ်ကပင် စီးပွားရေးလုပ်ငန်းနှင့် လက်ပွန်းတတီး နေခဲ့ရသဖြင့် အရာရာကို ဈေးတွက်ဖြင့် တွက်ခဲ့သည်။

နှင်းသီတာလွင်တုန်းကလည်း ဈေးတွက်တွက်ပြီး ပတ်သက်ခဲ့တာပဲ။

နှင်းသီတာလွင်ကို သတိရတိုင်း မကျေမနပ်နှင့် ကိုယ့်ကိုယ်ကို ဒေါသဖြစ်ရသည်။



မေ့ပစ်ထားတာ အကောင်းဆုံးပါပဲ။

မနေ့က ဘာဟင်းနှင့် ထမင်းစားသလဲဆိုတာကို ရေးကြီးခွင်ကျယ် လုပ်ပြီး ပြန်စဉ်းစားဖို့ မသင့်သလို နှင်းသီတာလွင်နှင့် ပတ်သက်၍လည်း ရေးကြီးခွင်ကျယ် သဘောမထားသင့်ပါ။

ဘာဖြစ်လို့လဲဆိုတော့ နှင်းသီတာလွင်ကမှ သူ့အပေါ်မှာ အရေးတကြီး မထားခဲ့ပဲ။

အသုံးချ ပစ္စည်းတခုအနေနှင့် သုံးသွားခဲ့သည်ပဲ။

တကယ်ခတော့ စိုးဦးက နှင်းသီတာလွင်ရဲ့ ရေမွှေး တပုလင်း လိုပါပဲ။

အဖိုးတန် ရေမွှေးပုလင်းကို ချွေတာသုံးပြီးတော့ လွှင့်ပစ်လိုက်သလိုပါပဲ။

စိုးဦးကို နှင်းသီတာလွင်က သည်သဘောမျိုးနှင့် ခွဲခွာသွားခဲ့သည် မဟုတ်လား။

ထမင်းစားမည့်သာ စားနေသော်လည်း စိတ်က ဟိုအတိတ်ဆီ လွင့်လိုက်၊ ပျံ့ဝဲလိုက်၊ ပြန်နားလိုက် ဖြစ်နေသဖြင့် ထမင်း ဘယ်လို စားပြီးသွားမှန်းပင် မသိလိုက်။

ဟင်းကတော့ လက်ရာကောင်းပဲဟု အသိအမှတ်ပြုလိုက်ရပါသည်။

ထမင်းတချိုင့်လုံး ကုန်လုနီးပါး စားဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စားပြီးပြီ....

ဩြော်....အော်ခေါ်ရဦးမှာပါလား။

ဝရန်တာလက်ရန်းကို အသာလက်ထောက်၍

'အဒေါ်ကြီးရေ....စားပြီးပြီဗျို့'

ပြန်ထိုင်ပြီး သွားကြားထိုးနေလိုက်သည်။

ညိုသူလာလျှင် ဘယ်လို စကားစရမလဲ။

အင်း....ပေလီက မပြန်ခင် ညိုသူ့ ခေတ်ပုံကလေးတွေ ရို
ထားသည့် ဖလင်လိပ်ကို ရန်ကုန်ပို့ပြီး ဆေးကူးခိုင်းလိုက်
သည်။

လူကြုံရှိဦးမှ.... အေးလေ လေဆိပ်မှာ သွားစောင့်
သိဖူးကျွမ်းဖူးသည့်သူ တယောက်ယောက်တော့ တွေ့မှာပေ

လေယာဉ်မယ်တို့၊ လေယာဉ်မောင်၊ အရာရှိတို့လည်း
အသိထဲ ရှိသား မဟုတ်လား။

ခေတ်ပုံကူးတာက အမြန်ဆိုလျှင် နေ့ချင်းပြီး ရနိုင်သည်

ရန်ကုန် သူ့ရုံးခန်းကို ဖုံးဆက်ထားလိုက်ရုံပါပဲ။

သူ့တပည့် တယောက်ယောက်က လေဆိပ်မှာ ဖလင်
များ သွားယူပြီး ချက်ချင်း ဆေး–ကူး–နောက်တနေ့ ပြန်
ဒါဆို ညိုသူ့ ခေတ်ပုံလှလှကလေးတွေကို လက်ဆောင်ပေး
နိုင်မှာ အမှန်ပဲ။



သူကိုယ်တိုင်လည်း ခေတ်ပုံကလေးတွေကို မြင်ချင်လှပါပြီ။

ညိုသူလာလျှင် 'စားလို့ သိပ်ကောင်းတာပဲ၊ တသက်လုံး
စားချင်လိုက်တာ' ဟုနောက်မည်ဟု စဉ်းစားထားသော်လည်း....

တကယ်ရောက်လာတော့ ဒေါ်ကြီးစိန်....

'စား ကောင်းရဲ့လား'

ဟု မေးသည်။

'ဟုတ်ကဲ့....ကောင်းပါတယ်'

ဒါပဲ ပြန်ဖြေလိုက်သည်။

ဒေါ်ကြီးစိန်က ချိုင့်များ၊ ပန်းကန်များကို စုသိမ်းယင်း
'ညနေ ဘာစားချင်သေးသလဲ၊ ညနေဘက် ဈေးသွားဖို့
ပါတယ်'

ဟု မေးသည်။

'ရပါတယ်၊ ဘာဖြစ်ဖြစ်ပေါ့၊ ခုမနက်ဟင်းလဲ ကောင်း
ားပဲ၊ အဲ....ငါးခြောက်ဖုတ်တော့ ရမယ် ထင်တယ်'

'ငါးခြောက်ကတော့ အိမ်မှာတင် ရှိပါတယ်၊ ဒီ့ပြင် ဘာ
း ရှိသေးသလဲလို့ အားမနာနဲ့နော်'

'ဟုတ်ကဲ့ပါ၊ ဩြော်....ကျွန်တော် ညနေဘက်ကျ နည်းနည်း
ါးပါးသောက်လေ့ ရှိပါတယ်၊ ဒေါ်ကြီးတို့အတွက် အနှောင့်
ယှက် မဖြစ်ပါဘူးနော်''

www.burmeseclassic.com



'မဖြစ်ပါဘူးရှင်၊ ဒီကို လာလည်တဲ့ လူတိုင်းလိုလို အနည်းနဲ့ အများတော့ သောက်ကြတာပဲ၊ မရမ်းယင် ပြီးတာပါပဲ'

'မနေ့ညနေက ငါးခြောက်သုပ်ကတော့ တကယ်ကောင်း ပါတယ်၊ ဒီနေ့လဲ အဲဒါလေး လုပ်ပေးပါ၊ တခြား မယူ ပါဘူး'

'ကောင်းပါပြီ'

ဒေါ်ကြီးစိန်သည် ခြင်းငယ်တခုတွင် ချိုင့်များ၊ ပန်းကန် များကို စုထည့်သိမ်းဆည်းပြီး ပြန်ထွက်သွား၏။

စိုးဦးသည် စီးကရက်တလိပ် ထုတ်၍ မီးညှိဖွာရှိုက်ယင်း ပင်လယ်ပြင်ကို တွေဝေစွာ ကြည့်နေဖြစ်သည်။

သူ့မျက်စိထဲမှာ ညိုသူက ပေါ်လာပြန်သည်။

ခဏကြာတော့ မျက်တောင် စင်းလာ၏။

အခန်းထဲ ဝင်ပြီး တရေး မှေးလိုက်သည်။

* * *



ကိုအုန်းစိန်သည် ယနေ့ ညနေ လေယာဉ်နှင့် သူ့ဧည့်သည် ...လို ရနိုင်အောင် လေဆိပ်မှာ မနည်းကြိုးစားရသည်။

လေယာဉ် လက်မှတ်က အခက်အခဲ ရှိတတ်သည်။

တခါတလေကျ လက်မှတ်ရပြီးပါမှ အရေးတကြီးသွားရန် ...ရန် လူတယောက်ယောက် ပေါ်လာလျှင် နောက်နေ့ ...ယာဉ်အထိ ရက်ရွှေ့ပေးတတ်၏။

ထိုသို့ မဖြစ်ရလေအောင် ကြံဆောင်ရသည်မှာလည်း ...အုန်းစိန်အဖို့ အလုပ်ကြီးတလုပ် ဖြစ်နေသည်။

တချို့ ဧည့်သည်များကတော့ လေယာဉ်ရမလား၊ မရဘူး ...ား ကြိုမေးထားသည်။ မသေချာဘူးဆိုလျှင် ရိုးမကိုဖြတ်၍ ...ားနှင့် ပြန်တတ်သည်။

ယခုဆို ပြည်မြို့ တဘက်ကမ်း ပန်းတောင်းအထိ ခရီးသည် ...်ကားတွေ ပြေးနေပြီ။

ပန်းတောင်းနှင့် မြစ်ကမ်းနားဆိပ်က နည်းနည်းလှမ်းသေး ...ည်။ တချို့ ကားများကတော့ ရန်ကုန်ထိ ပြေးဆွဲသည်။ ...်းတောင်းမှ ပြည်သို့ ကူတို့ဖြင့်ဖြတ်၊ ပြည်မှရန်ကုန် တောက် ...ျှောက်ပြေး၏။

တချို့ ကားတွေကတော့ ပြည်မြို့ တဘက်ကမ်းအထိသာ ...ပြေးဆွဲ၏။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသည် တချို့ကလည်း ပြည်မြို့မှာ ရွှေဆံတော်ဘုရား ဖိုးဦးတောင်သွားလည် စသဖြင့် လုပ်ချင်ကြသေးသည်။

တချို့ကတော့ ရန်ကုန်ကို လေယာဉ်ဖြင့် မရမက ပြန် ကြသည်။ ကားမစီးရဲတဲ့၊ တောင်ကျော်တောင်ကြားလမ်း အကွေ့အဝိုက်နှင့် မသွားရဲတဲ့။

ဒီတော့ လေယာဉ်လက်မှတ်ရအောင် ကြိုးစားပေးရသည် လေယာဉ်ရုံးမှ ပုဂ္ဂိုလ်များနှင့် ခင်ခင်မင်မင်ဖြစ်အောင် နေ သည်။

ယနေ့အဖို့လည်း သူ့ဧည့်သည် မိသားစုသုံးယောက်တို့ ပြန် ရန်အတွက် မဇင်လေဆိပ်ကိုသွား၍ စီစဉ်ခဲ့ရ၏။

ပြန်လာတော့ လမ်းမှာ သူ့အစ်ကိုတယောက်နှင့် တွေ့သည်။

ဒီညမှာက အားလုံးလိုလို ဆွေမျိုးနီးစပ်တွေတော်နေကြ သည်။ အဖေဘက်က၊ အမေဘက်က၊ အစ်မဘက်က၊ နှမဘက်က ယောက်ဖဘက်က၊ ခယ်မဘက်က အစရှိသဖြင့် ဆွေမျိုး လိုက်လျှင် တနည်းမဟုတ်တနည်း တော်နေကြသည်ချည်း။

အစ်ကိုက ပြော၏။

'ဟေ့ကောင်၊ မင့်ဆီ လာတည်းတဲ့ လူနဲ့ ဟိုရန်ကုန် ကောင်မလေးနဲ့ အသိတွေလား'

ကိုအုန်းစိန်ရင်ထဲ ထိတ်ကနဲ။



'ဘာဖြစ်လို့လဲ'

'မနက်က ငါ တွေ့လိုက်လို့'

'ဘာ....ဘာ....ဘယ်လိုတွေ့လို့တုန်း'

'ချောင်းဝနားမှာ ရပ်စကားပြောနေကြတယ်ကွ၊ ငါက းသာဘက်ကအပြန် ကောင်မလေးနဲ့ အဲဒီကောင်နဲ့ ချောင်းဝ းရပ်ပြီး ရယ်ဟယ်မောဟယ်နဲ့၊ ငါလဲ နောက်ဘက်ကမ်းက ပြန်မှာ တွေ့ခဲ့တာ၊ ငါ့ကိုတော့ သူတို့မမြင်ပါဘူး'

ကိုအုန်းစိန် စိုးရိမ်သွားသည်။ မနေ့ကမှရောက်လာပြီး ဒီနေ့ ညီသူနှင့် ရယ်ဟယ်မောဟယ် စကားတွေပြောနေသတဲ့။

ဒီလူကြည့်ရတာတော့ လူသွက်ထဲကပဲ။ အေးလေ၊ သူက ယ်လောက်သွက်သွက်၊ ကိုယ့်နှမကလဲ ဣန္ဒြေနဲ့ နေမှပေါ့၊ ယ့်နှယ်၊ ရောက်မယ်မှ မကြာသေးဘူး၊ ဒီလူနဲ့ ဘာဖြစ်လို့ပတ် က်ရသလဲ။ နေဦး....။

ရန်ကုန်မှာ ကတည်းက သူတို့နှစ်ယောက် သိခဲ့ကြသလား၊ သိခဲ့ကြတယ်ဆိုယင် ဘာဖြစ်လို့ သူ့ကို ညီသူက ပြောမထား လဲ။

'သိလို့နေမှာပေါ့ဗျာ'

အစ်ကိုတော်သူကိုပြောခဲ့ပြီး အိမ်ကို ခပ်သုတ်သုတ်လှမ်းပြန် သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဈေးကြီးသုတ်ပြာနှင့် ပြန်လာသော ကိုအုန်းစိန်ကို လှမ်းမြင် ရတော့ ညိုသူ့ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။

ကိုအုန်းစိန်သည် နဖူးမှချွေးများကို လက်ခုံဖြင့် သပ်ချယင်း ခရီးရောက်မဆိုက်ပင်။

'လာစမ်းပါဦး မိညို'

အိမ်ရှေ့ကပြင်မှာ ဝင်ထိုင်ယင်း ခေါ်၏။

ညိုသူသည် ကိုအုန်းစိန်ကို နဂိုကပင် ခပ်လန့်လန့်ဖြစ်၏။

အစ်ကိုဝမ်းကွဲပေမယ့် သူက ညိုသူ့ကို နှမရင်းလို စော



ရောက်တတ်သူ ဖြစ်၏။ ငယ်ငယ်တုန်းကတည်းက ကြောက်ခဲ့ရ သည်။

ညိုသူ ရင်တခုန်ခုန်ဖြင့် ကိုအုန်းစိန်နှင့် မလှမ်းမကမ်းမှာ ထိုင် ဆိုက်သည်။

ကိုအုန်းစိန်က မထင်ယင် လက်ပါတတ်သည်။

'ငါရိုက်လိုက်ရ' ဆို လျှင် ရိုက်ပြီးသား ဖြစ်နေတတ်သည်။ ထို့ကြောင့် သူနှင့် လက်တကမ်းအဝေးမှာ ထိုင်ခြင်းဖြစ်သည်။ ရိုက်လိုက်ရဆိုလျှင် ရှောင်ပြီးသား ဖြစ်အောင်။

'ဒီနား တိုးစမ်းပါဦး'

လေသံက နည်းနည်းမာသည်။

ညိုသူ မရွံ့မရဲ တိုးလာ၏။

ဒေါ်ကြီးစိန်က ညနေစာ ထမင်းချက်ယင်းမှ အသံ သဲ့သဲ့ ကြား၍ ထွက်လာသည်။

ဒေါ်ကြီးစိန်သည် သူ့သားအကြောင်း သိ ပြီး ဖြစ်သည်။ စိတ်ဆတ်လွန်းသည်။ ခုလဲ ဘာတွေ ဒေါသ ဖြစ်လာသည်မသိ။ လေသံက မာနေသည်။

'ဟဲ့....ဘာဖြစ်လာလို့တုန်း အုန်းစိန်ရဲ့'

'ဒီကောင်မလေးပေါ့'

ကိုအုန်းစိန် ဆက်မပြောသေးပဲ....

www.burmeseclassic.com

www.burmeseclassic.com



'ရေတခွက်လောက် ပေးစမ်းပါဗျာ'

စပြောမည့်သာ ပြောသည်။ သူကိုယ်တိုင် ထပြီး ရေအိုးစင်မှ အုန်းမှုတ်ခွက်နှင့် ရေတခွက်ထသောက်လိုက်၏။

ပြန်ထိုင်ပြီးပြီးချင်း

'နေပါဦး၊ ဒီဧည့်သည် ဘယ်သူ....ကိုစိုး ဘာ....ထားထား ဘယ်သူဖြစ်ဖြစ် အဲဒီဧည့်သည်နဲ့နင်နဲ့ အရင်က သိသလား'

'မသိ....မသိပါဘူး....အစ်ကိုအုန်း'

'မသိပဲနဲ့ နင်က ဘာဖြစ်လို့....ငါ....တယ်'

လက်မြှောက်သွားသည်။

ရိုက်လိုက်ရဆိုလျှင်တော့ ညိုသူ နားရင်းပူပြီး နေပေလိမ့်မည်။

'ဟဲ့....ဟဲ့....နေပါဦး'

ဒေါ်ကြီးစိန်က ဝင်တားထားသည်။

'အေးအေးဆေးဆေး ပြောစမ်းပါ၊ နင့်ဟာကလဲ ဘာရယ် ဘာမသိနဲ့ ဒေါသကြီးဖို့က အရင်ပဲ'

'ဘယ်က ဘာမသိဘာမသိ ရမှာလဲ၊ ချောင်းဝမှာ သူတို့နှစ်ယောက် စကားပြောနေသတဲ့'

ညိုသူ ကမန်းကတန်း ဝင်ပြောသည်။



'အဲဒါ....အဲဒါ....မနက်က ညိုသူ လမ်းလျှောက်ယင်း ဆုံ လို့ပါ၊ သူက ပြောတာပါ'

'သူကပြောတော့ နင်က ပြန်ပြောရလား....ငါ'

'ဟဲ့....ဟဲ့....နေဦး'

'မပြောပါဘူး၊ သူက နှုတ်ဆက်လို့'

'နင်တို့ ရယ်လား၊ မောလားနဲ့ဆို'

ညိုသူသိလိုက်ပြီ၊ တစုံတယောက်က စိုးဦးနှင့် သူတို့ရပ်စကား ပြောနေသည်ကို မြင်သွားပြီး ကိုအုန်းစိန်ကို ပြောလိုက်ပြီ။ စကားဆိုတာက ကားတတ်သေးတာပဲ။

'ညိုသူက ဘာမှပြန်မပြောပါဘူး၊ သူက နှုတ်ဆက်လို့ ပြန်နှုတ်ဆက်တာပါ၊ အကြာကြီးလဲမဟုတ်ပါဘူး၊ ချက်ချင်း အိမ်ပြန်ခဲ့တာပဲ'

'သူက ဘာဖြစ်လို့ နှုတ်ဆက်ရတာလဲ'

ကိုအုန်းစိန်က ဒေါသမပြေတတ်သေး။

'ဟိုမနေ့တည်းက သူ ဒီမှာလာတည်းတော့ တွေ့ဖူးတာပဲ၊ လမ်းမှာဆုံလို့ ရိုးရိုးနှုတ်ဆက်တာပါ'

'ရိုးရိုးမနှုတ်ဆက်လို့ ဆန်းဆန်းနှုတ်ဆက်လို့ကော ရမလား'

ကိုအုန်းစိန်က လက်သီးဆုပ်ယင်း တည်း ဆောင်ဘက် လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးစိန်သည် သူ့သားကို အစအဆုံး ပြောပြထား
ဖြစ်မည်ဟု သိ၏။ ခေတ်ပုံရိုးရိုက်လို့ ညိုသူနှင့် စကားများခြ
ကို ထိမ်းချန်ထား၍မဖြစ် မတော်တဆ သိသွားလျှင် ညွှ်သ
ကို ရန်လုပ်ကောင်း လုပ်မည်။ သူ ခေါ်လာသည့် ညွှ်သည်
ရန်မလုပ်သော်လည်း တခြား ညွှ်သည်လာမယ်၊ ဖယ်ပေး
တခြား သွားနေပါ စသဖြင့် ပြောကောင်း သွားပြောမည်။

သည်လို စိတ်လိုက်မာန်ပါတွေ ခဏခဏ လုပ်ဖူးသည်။

'ကဲ....ငါပြောပြမယ်၊ မင်း သေသေချာချာ အေး
ဆေးဆေး နားထောင်၊ ကောင်လေးက ဘာမှ ဟော
ရမ်းရမ်း မရှိဘူး'

'ရမ်းလို့ကော ရမလား၊ ကျုပ်နဲ့တွေ့သွားမယ်'

'အေးပါ၊ ငါသိပါတယ်၊ ဒီလို.... မင်းနှမက မင်းနဲ့ အ
မောင်စိုး ဘယ်သူ....အဲဒီ ညွှ်သည်နဲ့ တွေ့ပြီးသား'

'ဘယ်မှာ တွေ့တာလဲ'

'နေပါဦး၊ ငါ့စကား ရေလည်အောင် နား ထောင်
ပါဦး'

'ကောင်မလေးနော်၊ နင် ဒီလာပြီး ရှုပ်ရှုပ် ရှက် ရှက်
မလုပ်နဲ့၊ ငါ့လက်နဲ့တွေ့သွားမယ်၊ နားလည်လား'



'ဩော်....ကော်... ကော်ပါဘိတော့၊ နင့်နှမက အဲဒီညွှ်သည်ကို
ရန်လုပ်ပြီးပြီ'

'ဘယ်လို'

ကိုအုန်းစိန် အနည်းငယ် အံ့ဩသွား၏။

'ဘာတွေဖြစ်ကြဲလို့တုန်း'

'ဘာမှ အထွေအထူးမဟုတ်ဘူး၊ မင်းက သူ့ကို ခေါ်မလာ
ခင် ကမ်းပေါ်မှာ သူတို့နှစ်ယောက်တွေ့သတဲ့'

'ဒီမရောက်ခင်လား'

'အေး'

'နင်က ဘာလို့သွားတွေ့တာလဲ'

'ညိုသူ သွားတွေ့တာ မဟုတ်ဘူး၊ သူက....'

ညိုသူ့စကားကို ဖြတ်၍ ဒေါ်ကြီးစိန်က ဝင်ပြောရ၏။

'ခေတ်ပုံရိုက်သ တဲ့ကွယ်၊ အဲဒါ နင့်နှမက တရားစွဲမယ်၊ ဖမ်း
ချုပ်မယ် ပြောခဲ့သတဲ့'

'ခေတ်ပုံရိုက်တာနဲ့ တရားစွဲလို့ ရသလား'

'မသိဘူးလေ'

'အဲဒါနဲ့ ဘာဖြစ်သလဲ'

ပြုတ်တောင်းတောင်း မေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ နင့်နှမက အဲဒီလူကိုရန်လုပ်ပြီး ပြန်လာတယ်။ ဘယ်ကြွာမလဲ၊ နင်က သူ့ကို တည်းဖို့ခေါ်လာတော့'

'သိပြီ....သိပြီ၊ ဒါလောက်ဆိုတော်ပြီ။ နင်တယောက်တည်း ကမ်းစပ်ထွက် လျှောက်လျှောက်နေတာ ငါမကြိုက်ဘူးလို့ ပြောထားတယ် မဟုတ်လား'

'အစ်ကိုအုန်းပဲ စဉ်းစား ကြည့်ပါဦး၊ လျှောက်တာ အဝေးကြီးမှ မဟုတ်တာ၊ ဒီရှေ့နားဟိုနားလေးတင်'

'တော်ပြီ နောက်ကို အပြင်မထွက်ရဘူး'

ကိုအုန်းစိန်သည် ဘာမှဆက်မပြောတော့ပဲ ထထွက်သွား၏။

ညွှာ်ဆောင်ဆီ ပထမ လျှောက် သွား ၏။ သူ့စိတ်ကူးမှာ ဟိုလူကို တခြားသွားတည်းဖို့ပြောပစ်လိုက်မလို့။ နောက်စဉ်းစား ကြည့်တော့ ဒီလူ့မှာ ကြီးကြီးကျယ်ကျယ် ဘာအပြစ်မှ မရှိ။ ကိုယ့်နှမက သောင်စပ် ထွက်နေလို့....။ ပြီးတော့ ချက်ချင်းကြီး တခြားတနေရာ ပြောင်းခိုင်းလို့ကလည်းမလွယ်။ ကိုယ်ပဲ တခုတ်တရ ခေါ်လာပြီးမှ။

ဒေါ်ကြီးစိန်နှင့် ညိုသူသည် ညွှာ်ဆောင်ဘက်လျှောက်သွားသော ကိုအုန်းစိန်ကို ကြည့်၍ ရင်တမမ နေနေကြ၏။



ကိုအုန်းစိန်သည် စိုးဦးတည်းရာ အဆောင်နားရောက်မှ တုံ့ကနဲ ရပ်၏။ ပြီးတော့ ပြန်လှည့်သည်။ တခေါက် ပြန်လျှောက်သည်။

သို့ရာတွင် သည်တခေါက်တော့ စိုးဦး တည်းသည့် အခန်းဘက်မဟုတ်။ အခြားတဘက်ခန်း။

သူ လေယာဉ်ကိစ္စ စီစဉ်ခဲ့ကြောင်း စိုးဦး၏ တဘက်ခန်းမှ မိသားစုအား အကြောင်းကြားရန် ဖြစ်သည်။

ညိုသူသည် စိုးဦးနှင့် ကိုအုန်းစိန်တို့ ထိပ်တိုက်တွေ့ကြမည်ကို စိုးရွံ့ထိတ်လန့်နေသည်။

ဘာပဲဖြစ်ဖြစ်၊ မိမိကြောင့် တစုံတရာဖြစ်လျှင် မကောင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကိုအုန်းစိန် ပြန်လာသည်။

မျက်နှာကတော့ သုန်နေသေး၏။ သို့သော် သိပ် ခက်ထန်ထန်ကြီး မဟုတ်ပါ။

'နင့်အကောင် အိပ်နေတယ် ထင်ရဲ့'

'အစ်ကိုအုန်းကလဲ ညိုသူ့အကောင် မဟုတ်ပါဘူး'

'နင်ကလဲ ခပ်ကျကျနဲ့ တူပါတယ်'

ကိုအုန်းစိန်၏ လေသံက ပုံမှန်ဖြစ်နေပြီ။

ညိုသူ စိတ်နည်းနည်းအေးသွား၏။



'မကျပါဘူး၊ ရန် တောင် ဖြစ် ပစ် ချင်တာ၊ အစ်ကိုအုန်း ညှော်သည်မို့'

'အောင်မာ၊နင်နဲ့ဖြစ်ထားတာသိယင် ဒီကောင့်လို ငါ ခေါ်လာမလား....ဝေးသေး....အုပ်ထည့်လိုက်မယ်'

'ခုမှတော့ အုပ်မနေပါနဲ့တော့၊ ညိုသူလဲ ဘာမှ မဖြစ်ခဲ့တော့ပါဘူး'

'ငါ့ကို ပြန်ပြောစမ်းပါဦး၊ ဘယ် လို က ဘယ်လိုဖြစ်ကြတာလဲ'

ကိုအုန်းစိန်သည် ရေနွေးကရားကို လှမ်းယူယင်း မေးသည်။

သူ စိတ်အေးလက်အေး ဖြစ်သွားကြောင်း သိသာ၏။

'သူက ညိုသူ မသိအောင် ဓာတ်ပုံရိုက်တယ်လေ၊ အဲဒါနဲ့ ညိုသူက သူ့ကိုဖမ်းချုပ်မယ်လို့ ပြောပစ်လိုက်တာပေါ့'

ကိုအုန်းစိန် စဉ်းစား ကြည့် သည်။ သည်လိုပဲ ရန်ကုန်တို့ ဘာတို့ မြို့ကြီးဘက်ကလာတဲ့ သကောင့်သားတွေဟာ တောမှာ သည်လို မိန်းကလေးလှလှကို တွေ့ယင် တ နည်း နည်း နဲ့ စ,ကြတာပဲ။

ပြီးတော့ အတည် မဟုတ်ပါဘူး၊ သူတို့က အ ပျော် ပြောတာက် သဘောထားတတ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင့်ကို အရောမဝင်နဲ့၊ ဒီလိုပဲ ဒီလိုကောင်တွေ၊ ဘယ်တော့မှ အရောမဝင်နဲ့၊ ကောင်းတဲ့ ကောင်တွေ မဟုတ်ဘူး'

'အစ်ကိုအုန်းကလဲ ညိုသူအရောမှ မဝင်ပဲ၊ ခပ်တည်တည်နေတာ အစ်ကိုအုန်း ညွှိသည်မို့ ထမင်းပို့ပေးရုံလောက်ပဲ'

'အေး....နင် သူ့ကို ထမင်းမပို့နဲ့တော့'

'ဒေါ်ကြီးစိန် မအားမှ သွားပို့တာပါ'

'အမေ အားအား....မအားအား နင် မပို့နဲ့ ငါပို့ပေးမယ်'

'အစ်ကိုအုန်းက အိမ်မှ အမြဲရှိတာမှ မဟုတ်ပဲ'

'အမေပို့လိမ့်မယ်၊ နင် အဲဒီအဆောင်ကို မသွားရဘူး'

'မသွားနဲ့ဆို မသွားပါဘူး၊ ညိုသူက....'

'အစ်မကြီးရေ....လက်ဖက်ရည်လေး ဖျော်ပေးနိုင်မလား'

စိုးဦး အသံကို ကြားလိုက်ရသည်။

ကိုအုန်းစိန်က ရုတ်တရက် လှည့်ကြည့်ပြီး....

'လက်ဖက်ရည် မရှိဘူးလို့ ပြောလိုက်၊ နေ....နေ....ငါသွားပြောမယ်'

ထ၏။

ညိုသူက ကိုအုန်းစိန်လက်ကို ကမန်းကတန်း လှမ်းဆွဲယင်း

'သူ့မှာ အားလုံးပါတယ်၊ ဒီက ဖျော်ပေးရုံပဲ'



'ဘယ်လို'

'လက်ဖက်ခြောက်တို့ ဘာတို့ ပါတယ်တဲ့၊ ရေနွေးနဲ့ ဖျော်ပေးရုံပဲ'

'လက်ဖက်ခြောက်က နှပ်ရဦးမှာ မဟုတ်လား၊ အလုပ်ကပိုတယ်'

'သူ့လက်ဖက်ခြောက်က မနှပ်ရပါဘူး၊ ရေနွေးဆူဆူထဲ ခ်မ်ရုံပဲ ဥစ္စာ'

'နင် ဘယ်လိုလုပ် သိလဲ'

'ဒီလိုပဲ သူတို့လို လူစားတွေက တီးဘက်ဂ်တွေ သုံးတာ ဥစ္စာ'

'ဘာလဲ တိဗက်၊ တိဗက်ကလာတဲ့ လက်ဖက်ခြောက်လား'

'မဟုတ်ပါဘူး....လဲစ်ပတန်'

ကိုအုန်းစိန် ဒီလောက်တော့. သဘောပေါက် နားလည်ပါသည်။

ငပလီမှာနေတဲ့ လူပဲ။

'သြော်....အေး....အေး....ငါ သွားယူပေးမယ်၊ နင်နေခဲ့'

စကားအဆုံးတွင် ကိုအုန်းစိန် ခြေလှမ်း နှစ်လှမ်းလှမ်းပြီး နေပြီ။

* * *

www.burmeseclassic.com

စိုးဦးသည် တခွက်စာ လက်ဖက်ခြောက်အိတ်၊ နို့စိမ်းဗူး သကြားအိတ်ကလေးတွေ ထုတ်နေ၏။

အပြင်ဘက်မှ လှေကားသုံးထစ်ကို တက်လာသော ခြေသံကို ကြားရသဖြင့်....

'အဒေါ်ကြီးရေ ခဏလေး ကျွန်တော် နို့စိမ်းဗူးထုတ်နေတာ အဲ....စိတ်ကောက်ပြီးလဲ ပြန်မသွားနဲ့ဦးဗျ'

ကိုအုန်းစိန် အူလည်လည် ဖြစ်သွားသည်။

'အဒေါ်ကြီး'ဟု ဆိုသဖြင့် သူ့အမေ ဒေါ်ကြီးစိန်ကို ရည်ညွှန်း၍ ခေါ်ခြင်း ဖြစ်မည်။



သို့ရာတွင် စိတ်ကောက်ပြီးလဲ ပြန်မသွားနဲ့ဦး ဆိုတော့....

ဘယ့်နှယ်....သူ့အမေက စိတ်ကောက်ရမှာလဲ။

ခေါင်းကို တဗျင်းဗျင်း ကုတ်မိသည်။

ဩော်....ညီသူ့ကို အဒေါ်ကြီးလို့ နောက်ခေါ်တာ ထင်ပါရဲ့။

လက်ဖက်ရည်ဖျော်ရန် ပစ္စည်းများ ထုတ်ပြီး ထွက်လာသော စိုးဦးသည် ကိုအုန်းစိန်ကို ရုတ်တရက် မြင်လိုက်ရတော့ အန်းသွား၏။

ချက်ချင်း ဣန္ဒြေဆည်လိုက်ရသည်။

'ဟား....ကိုအုန်းစိန်ကြီး ဘယ်အချိန်က ပြန်ရောက်သလဲ'

'ခုပဲ'

တုံးတိတိဖြေသည်။

'အေးဗျာ....ကျွန်တော်က ဟိုကောင်မလေး လာတယ် အောက်မေ့လို့ လှမ်းနောက်တာ စိတ်မဆိုးနဲ့နော်'

လှတ်ကနဲ ပြောမိသည်။

ပြီးမှ....

ကိုအုန်းစိန် ရှက်သွားမလား၊ ဒါမှ မဟုတ်၊ ညီသူနှင့် ပတ်သက်သော သူ့စိတ်လှုပ်ရှားမှုတွေ ပေါ်သွားမလားဟု တွေးပြီး စကားထပ်ပြင်ရပြန်သည်။

'ခင်ဗျား ညီမလေးက ဘောက်ဆတ်ဆတ်ရယ်ဗျ၊ နောက်လို့ကောင်းတယ်၊ ကျွန်တော့်မှာလဲ နှမလေးဘယောက်မှ မရှိတော့ သူ့လိုပဲ'

www.burmeseclassic.com



'ပေးပေး....ကျွန်တော် ဖျော်ပေးမယ်'

ကိုအုန်းစိန်က စိုးဦး လက်ထဲမှ လက်ဖက်ခြောက် ထုပ်နှင့် တကွသော ပစ္စည်းများကို လှမ်းယူလိုက်သည်။

ပြီးတော့ ဘာမှ မပြောပဲ ပြန်ဆင်းသွား၏။

*　　*　　*

စိုးဦးအတွက် စဉ်းစားစရာတွေ ကျန်ရစ်ခဲ့သည်။

ကိုအုန်းစိန်နှင့် ဒေါ်ကြီးစိန်တို့သည် ညီသူ့ကို သူ့ထံသို့ လာစေလိုခြင်းသည် ကောန်ဖြစ်ပေလိမ့်မည်။

သူတို့က သူ့အပေါ် ဘယ်လို သဘောထားလို့ပါလိမ့်။

လူပေါ်ကြော့၊ အကျင့်ပျက်သူလို့များ ထင်ထားကြလေ ရောသလား။ အေးလေ အထင်ဆိုတာ လွဲတတ်တာပဲ။

ညီသူနှင့် သူတွေ့ရပါဦးမလား။
မတွေ့ရတော့ကော ဘာဖြစ်သလဲ။
ဖြစ်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူ ညိုသူ့ကို တွေ့မြင်နေချင်သည့်ပဲ ဉစ္စာ။
နည်းလမ်း တခုခု ပေါ်လာမှာပေါ့လေ။
စိုးဦး သည်လောက်မညံ့ပါဘူး။

*          *          *

'လေဆိပ်မှာ အသိရှိသလားဗျ'
ကိုအုန်းစိန် လက်ဖက်ရည် လာပို့တော့ မေးကြည့်သည်။
ဖလင်လိပ်ပို့ပြီး ဆေးကူးခိုင်းဖို့ကိစ္စစကားစခြင်း ဖြစ်သည်။
'ပြန်တော့မလို့လား'
ကိုအုန်းစိန်က မေးသည်။
သူ့မျက်နှာကြည့်ရသည်မှာ အံ့ဩသလိုလို။
ကျေနပ်သလိုလို။
'မပြန်သေးပါဘူး၊ ရန်ကုန်ကို ပစ္စည်းတခု ပို့ချင်လို့၊ ...န်တော့် အလုပ်တိုက်ကို ပို့မလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



ကိုအုန်းစိန် ချက်ချင်း သတိရသည်။

ဒီညနေ လေယာဉ်နှင့် တဘက်ဆောင်မှ ဧည့်သည်များ ပြန်ကြမည်။

သူတို့ ယူသွားပေးမည်ဆိုလျှင်တော့ အဆင်ပြေသပေါ့။

ဒါပေမယ့် စိုးဦး ကိစ္စကို သူသိပ်ပြီး လိုက်လိုက်လဲလဲ ကူညီချင်စိတ် ပေါ်မလာ။

ပြီးတော့ ပစ္စည်းဆိုတာက ဘာပစ္စည်းမှန်းလဲ မသိ။

'ဘာပို့ချင်လို့လဲ'

'ဖလင်လိပ်ပါဗျာ.... အဲ....'

ဖလင်လိပ်နှင့် ပတ်သက်ပြီး ဆက်ပြောလျှင် ညီသူ့ဓါတ်ပုံတွေ ရိုက်ထားကြောင်းနှင့် ထိုဓာတ်ပုံများ ယူဆောင်ပေးရန် ကိစ္စ ပြောဖြစ်သွားလိမ့်မည်။

ထိုသို့ဆိုလျှင် ညီသူကို သူစိတ်ဝင်တစား ဂရုစိုက်ကြောင်း ပေါ်သွားမည်။

ကိုအုန်းစိန်တို့က ကျေနပ်ပါ့မလား။

'ကျွန်တော့်အလုပ်တိုက်ကို အရေးကြီးတဲ့ဖလင်လိပ်ကလေးနဲ့ စာတစောင် လူကြုံပါးချင်လို့ပါဗျာ'

ကိုအုန်းစိန် ချက်ချင်းသဘောပေါက်လိုက်၏။

ဖလင်လိပ်သည် ညို့သူကို ရိုက်ထားသော ဖလင်လိပ်ပင် ဖြစ်ရမည်။



အရေးတကြီးဆိုတာက ညို့သူပုံတွေကို အရေးတကြီး ကူးခိုင်းလိုခြင်း ဖြစ်ရမည်။

ကိုအုန်းစိန်ကို လူနဲ့လိုက်တွက်ဖို့ ဘယ်ရနိုင်ပါ့။

'ဟိုဘက်အဆောင်ကတော့ ဒီညနေပြန်မယ်ပြောတယ်၊သူတို့ ယူသွားပေးနိုင်မလား မသိဘူး'

မရှုတ်မလွန် စကားကိုပြော၏။

'ဟုတ်လား၊ ဒါဆို ကျွန်တော် သူတို့နဲ့ သွားတွေ့ပြီး အကူအညီတောင်းလိုက်ပါ့မယ်၊ ကျေးဇူးပဲဗျာ'

ကိုအုန်းစိန်ထက် စိုးဦးက တကွက်သာသွားသည်။

ကိုအုန်းစိန် တွက်ကိန်းအရ ဟိုဘက်ဆောင်က လူများကို သွားမေးပေးမည်ဟုပြောပြီး၊ ဟိုလူတွေက အလုပ်ပို သိပ် လုပ်ချင်ဟန် မတူဘူးဟု ပြန်ပြောယင် ဓာတ်ပုံတွေကူးခိုင်းဖို့မလွယ်၊ ညီသူနှင့် အဆက်အစပ်လည်း ပြတ် သွား နိုင် သည်။ သည်လို တွက်၏။

စိုးဦးက လူပါးလူလည်ပဲဥစ္စာ။

ဟိုဘက်ဆောင်က ပြန်မည့်ဟန် ပြင်နေကတည်းက သူ သွားတွေ့ မိတ်ဆက်ပြီး ဖလင်လိပ် ပေးလိုက်ချင်နေတာ။ ခုတော့ ကိုအုန်းစိန်ဆီက သတင်းရလို့ဆိုပြီး အကူအညီ သွားတောင်းရပေါ့။ ဟိုဘက်ဆောင်ကလူတွေကလည်း လူကြီးလူကောင်းတွေ ချည်းပါပဲ။ ငြင်းမယ်မထင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကူးနှင့်သူမြူးပြီး လက်ဖက်ရည်သောက်လိုက်သည်။

'ဩော်....ကိုအုန်းစိန်ကြီး၊ လက်ဖက်ရည်မကြိုက်ဘူးလား။ သောက်ချင်ယင် ဖျော်သောက်ဗျာ၊ ကျွန်တော့်မှာ ပိုပိုမိုမို ပါလာပါတယ်'

ပြောယင်း လက်ဖက်ခြောက်အိတ်ကလေးများ ထုတ်ယူမည့် ဟန်ပြင်သည်။

'နေပါစေ....ကိုစိုး၊ ဟို'

'စိုးဦးလေဗျာ၊ ကိုစိုး ဟို မဟုတ်ပါဘူး'

'ဟုတ်ကဲ့ ကိုစိုးဦး၊ ကျွန်တော်က နည်းနည်း မေ့တတ်လို့ အဲ....လက်ဖက်ရည် မသောက်တော့ပါဘူး'

စကားအဆက်အစပ်မရှိပဲ ပြောသည်။ စိုးဦးက နိုင်ငံခြားဖြစ် စီးကရက်ကို ထုတ်၍ တည်သည်။

'နေပါစေ'

အခါတိုင်းတော့ ကိုအုန်းစိန် သည်လို စီးကရက်မျိုးတွေ့ တိုက်လျှင် ငြင်းလေ့မရှိပါ။ ခုတော့ စိတ်ထဲမှာ ခုလုခုလု ဖြစ် နေသောကြောင့်လားမသိ၊ ငြင်းမိသည်။

'အားမနာပါနဲ့ဗျ'

အတင်းထိုးပေးနေသည်။

ကိုအုန်းစိန် တလိပ်ယူပြီး လက်ကြား ညှပ်ထားလိုက်သည်။ စိုးဦးက မီးခြစ်ပေးသည်။ မီးညှိလိုက်ရ၏။



ယော်ဘင်ပေပေ ခဏ ရပ်နေပြီးမှ....

'ပြန်ဦးမယ်ဗျာ'

ဟု ပြောပြီး ထွက်သွားသည်။

စိုးဦးသည် ကိုအုန်းစိန်ကို ဘယ်ကဲ့သို့ ဆက်ဆံရမည်ကို နားလည်လိုက်သည်။

ညိုသူနှင့် ပတ်သက်ပြီး ဘာတခွန်းမှ မဟာမိစေရန် အထူး သတိထားလိုက်မည်။

ဒါပေမယ့် ညိုသူ့ကိုတော့ တနည်းနည်း ဆက်သွယ်ရမည်။

အခက်အခဲဆိုတာ ရှိစမြဲပါပဲ၊ အခက်အခဲလေး နည်းနည်း ပါးပါး ဖြစ်ဖြစ်ရှိမှလဲကောင်းသည်။ ကြိုးစားရခြင်း ကိစ္စပေါ် လာတာပေါ့။

တဘက်ဆောင်မှ ဧည့်သည်များကလည်း ရန်ကုန်သူ ရန်ကုန် သားများ ဖြစ်ကြသဖြင့် အဆင်ပြေသွားသည်။ ပြီးတော့ စိုးဦး ၏ အလုပ်အကိုင်ကို သိရသဖြင့် သူတို့ သဘော တွေ့သွားကြပုံ ရ၏။ စိုးဦးအတွက် အလုပ်တခုခု ရနိုင်သည်။

သူတို့က သဌေးတွေ။ မြေတွေ၊ ကားတွေ၊ တိုက်တွေ ပိုင် သတဲ့။

ဒါလောက်ဆို အရောင်းအဝယ် လုပ်ချင် လျှင် စိုးဦးနှင့် ဆက်သွယ်နိုင်သည်။

စိုးဦးက သူ့ဖလင်လိပ်ကလေးကို ပေးပြီး သူ့အလုပ်တိုက် ဖုန်းနံပါတ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီဖုန်းကို ဆက်လိုက်ပါ၊ သူတို့ လာယူပါလိမ့်မယ်၊ ဓာ တစောင်လဲ ပေးလိုက်ပါရစေ'

ဟုမှာပြီး ဖလင်လိပ်ကလေးနှင့် စာပေးခဲ့သည်။

ညနေကျတော့ လေဆိပ်ထိ လိုက်ပို့ပေးလိုက်သေး၏။ [illegible] ကောင်းချင်တော့ လေယာဉ်မှူးက မိတ်ဆွေဖြစ်နေသည်။

နောက်နှစ်ရက်အကြာတွင် ဓာတ်ပုံများ ရောက်လာမည်။

သံတွဲမှာ ရောင်စုံဓာတ်ပုံဆိုင်တွေ ရှိပါရဲ့၊ ကောင်း လည်း ကောင်းကြပါရဲ့၊ ဒါပေမယ့် စိုးဦးက သူ့လက်နှင့်တည့်သည့် ဖောက်သည်ဆိုင်မှာသာ ကူးဆေးလိုသည်။ ထို့ကြောင့် ရန်ကုန် ပို့ခြင်း ဖြစ်သည်။

ကိုအုန်းစိန်က အပြင်မထွက်ရဆိုသဖြင့် ညိုသူစိတ်ကျဉ်းကျပ် နေမိသည်။

ကမ်းခြေဘက်ထွက်လျှင် ဒေါ်ကြီးစိန်လိုက်ရမည်တဲ့။

ဒေါ်ကြီးစိန်ကလည်း အားလပ်နေသူ မဟုတ်။

ရွာထဲဘက်လျှောက်လည်ဖို့ကလည်း ညိုသူ သိပ်စိတ်မဝင် စား။ အလွန်ဆုံး အိမ်တအိမ်အိမ်သွား၊ တခုခု စားသောက်၊ အလ္လာပ သလ္လာပ စကားကလေးတွေပြော။ ဒါလောက်ပဲ [illegible] နိုင်မည်။

သူတို့နေသောနေရာက ကမ်းစပ်နှင့် မလှမ်းမကမ်း အုန်း[illegible] တွေထဲမှာ၊ အိမ်နီးချင်းဆိုသည်ကပင် နည်းနည်းလှမ်း၏။



အိမ်နီးချင်းမှာကလည်း အဘိုးကြီး အဘွားကြီး များ သာ ရှိသည်။

ညိုသူ စိတ်ညစ်ညစ်နှင့် အိမ်ထဲ ကုပ် ထိုင် ပြီး အားအားရှိ ခရုပုတီးများသာသီနေမိသည်။

တခါတရံတော့ ဧည့်ဆောင်ဘက် လှမ်းလှမ်းကြည့်မိသည်။ မနေ့ကစပြီး စိုးဦး ငြိမ်ချက်သားကောင်းနေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

စိုးဦးကတော့ အကြံနှင့်ပါ။

စိုးဦး အခန်းအောင်း နေလိုက်သည်။ အပြင်ဘက် လမ်းလျှောက်ထွက်လျှင်လည်း ခဏတဖြုတ်ပဲ။ ညနေကျယင်တော့ ဝီစကီနည်းနည်းသောက်သည်။

နေမဝင်မီကလေးတွင် ပင်လယ်လေတဖြူးဖြူးကိုရိုက်တိုက်နှင့် အရသာခံယင်း လမ်းလျှောက်သည်။

နေလုံးကြီး ပင်လယ်ထဲ တဖြည်းဖြည်း မြုပ်သွားသည်ကို ကြည့်သည်။
ပြီးတော့ ညစာစား၊ အိပ်။



အိပ်မက်ထဲမှာ ညိုသူနှင့် တွေ့ရသည်။ သို့သော် နှင်းသီတာလွင်သည် အိပ်မက်ထဲအထိ လိုက်ခနှောင့်ယှက်နေသေး၏။

နှင်းသီတာလွင်ကို တွေ့လျှင် အိပ်မက်ထဲမှာပင် ထိတ်လန့်မိနေသေးသည်။

နှင်းသီတာလွင်သည် စိုးမိုးဆွဲဆောင်နိုင်လွန်းတကား....

တပ်မက်မှုသည် ပူလှပါကလား။

တကယ်တော့ နှင်းသီတာလွင်ကို သူ ချစ်ခဲ့တာ မဟုတ်မှန်းခုမှ သဘောပေါက်သည်။ အချစ်ဆိုတာ ဘာမှန်းတော့ မသိ၊ ဒါပေမယ့် ရှိသည်ဟု သူ ယုံပါသည်။

အိပ်ရာက ဖြတ်ကနဲ လန့်လန့်နိုးသောအခါ ရင်ထဲ၌ ဟူးခနဲလေ ရှိသည်။

ရေတခွက်သောက်ရ၏။

ပြီးတော့ တော်တော်နှင့် အိပ်မပျော်။

သူ့ အလုပ်တွေကို ခဏမေ့ပြီး စိတ်လွတ် ကိုယ်လွတ် အနားယူဖို့ ပေလီကို ထွက်လာကာမှ.... ညိုသူဆိုသော ကောင်မလေးနှင့် တွေ့ပြီး အတိတ်တစ္ဆေ နှင်းသီတာလွင်က လာခြောက် ခြောက်လှန့်နေပြန်ပြီ။

မကြာခဏပင် နှင်းသီတာလွင်ကို အမှတ်ရနေတတ်သည်။

ညိုသူကို အာရုံစိုက်မိသည်မှစ၍ နှင်းသီတာလွင်က သူ့ကို ခြောက်လှန့်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် နှင်းသီတာလွင်ကို သူ့ဦးနှောက်ထဲက ဖျော
ထားရမည်။

ပြီးခဲ့ပြီပဲ။

အားလုံး ပြီးသွားခဲ့ပြီပဲ။

ဒါပေမယ့် သူ့ဘဝမှာ ဒဏ်ရာတခု ရခဲ့သလို စိတ်အမာရွ
တခုတော့ ကျန်ရစ်ခဲ့သည်။

အမာရွတ်ဆိုတာက ဖုံးလို့ ဖိလို့ ရနိုင်တာမျိုးမှ မဟုတ်တာ
အနာဖြစ်ခဲ့ကြောင်း သက်သေ အထောက်အထားပဲဟာ

စိတ်မှာ ဖြစ်တာဆိုတော့ သတိရမိတိုင်း ပြန်ပြန်နာလာတာ
ပေါ့။

ထိုညက အိပ်မပျော်ခြင်းသည် အတော်ဆိုး၏။

လက်ကျန် ဝီစကီပုလင်းထဲမှ နည်းနည်း ထသောက်လိုက
ရသည်။

ညိုသူသည် အစောကြီး နိုးနေသဖြင့် ဘာလုပ်ရမှန်း မသ
ဖြစ်နေသည်။

မိုးက မလင်းတတ်သေး....

ပင်လယ်လှိုင်းပုတ်သံတော့ တချက်တချက် ကြားနေရ
ခေါင်မိုးကြားမှ အလင်းပေါက်ကို ကြည့်နေသည်။

ကောင်းကင်၏ အရောင်သည် ညိုပြာပြာ ဖြစ်ဆဲ။

ဘယ်လူးညာလိမ့်နှင့် အတွေးတွေ ဟိုရောက် ဒီရော
ရောက်နေသည်။



စိုးဦးအကြောင်း စဉ်းစားမိပြန်သည်။

'ဒီလို လူစားမျိုး မယုံရပါဘူး' ဟု မှတ်ချက် ချသည်။

တချုံ့ကွယ် တမယ်မေ့ဆိုတဲ့ ရှေးစကား ရှိသား မဟုတ်
သား။

စိုးဦးတို့လို လူတန်းစားက အဲသလို တချုံ့ကွယ် တမယ်
မေ့ထဲကပဲ ဖြစ်မှာပါ။

ခေါင်မိုးကြားထဲက အလင်းအားသည် နည်းနည်းပိုလာ၏။

မိုးလင်းတော့မည်။

ရေနွေးတအိုးလောက်ဖြစ်ဖြစ် ထကျိုထားလျှင် ကောင်း
မည်။

ထမင်းချက်ဖို့ကတော့ စောသေးသည်။

ဒေါ်ကြီးစိန်လည်း ယည်လိုပဲ ရေနွေးတအိုး အလျင်အမြန်
ကြိုလေ့ရှိတာပဲ။

အိပ်ရာမှထသည် မိုးမလင်းတတ်သေး။

မီးမွှေး၊ ရေနွေးတည်ပြီး နောက်ဖက် စဉ့်အိုးထဲက ရေ
ခပ်သည်။

မျက်နှာသစ်ဖို့အတွက် ဆားနည်းနည်း သွားယူသည်။

ညိုသူသည် သွားတိုက်ဆေးတွေ ရှားကတည်းက ရက်ခြား
ဆားနှင့် သွားတိုက်ခဲ့၏။

တခါတလေ မီးသွေးဖြင့် တိုက်သည်။ သွားကို ဆားနှင့်

www.burmeseclassic.com

www.burmeseclassic.com



အမြဲတိုက်ခြင်းသည် သိပ်မကောင်းဟုသွားဘက်ဆိုင်ရာ ဆရာဝ
ကတော်ရေးသော ဆောင်းပါးတပုဒ် ဖတ်ဖူး၏။

သို့ရာတွင် တခါတရံတော့ ဆားရေ ငုံပေးသင့်သတဲ့။

သည်တော့ တခါတရံ ဆားနှင့် သွားတိုက်တာ ကောင်းပေ
လိမ့်မည်။

သွားတိုက်ဆေး ရှားတော့ ညိုသူတို့လို ငွေကြေးမပြည့်စ
သူတို့ အနေနှင့် တတ်နိုင်သရွေ့ ချွေတာရမှာပေါ့။

တတ်နိုင်သလောက် သပ်ရပ်အောင် လုပ်ထားသည်။

မြို့ကြီးသားတွေက သူတို့မြို့မှာ ဘယ်လိုပဲ ညစ်ညစ်ပတ်ပ
နေနေ၊ ဒါမှ မဟုတ် ပေလီလို နေရာမျိုး ရောက်ယင် သန့်ရှ
ပစ်လိုက်ကြတာ မဟုတ်လား။

မသိသူ မှတ်လို့၊ သူတို့မြို့ကြီးတွေမှာ ကျပ်ကျပ်သိပ်သိ
နေနေရတာ၊ ခြံနှင့် ဝင်းနှင့် တိုက်နှင့် တာနှင့် နေနိုင်တဲ့ လူမျိ
ဆိုယင်တော့ ထားပါတော့။

သူတို့ ခြံဝင်း၊ သူတို့ တိုက်တာထဲမှာ သန့်ချင်သန့်
ရမှာပေါ့။

မြို့သားအများစုကတော့ ကျပ်ကျပ်တောက်တောက် အခ
ကျဉ်းကလေးတွေနှင့် နေကြရတာပါ။

အဲသလို နေနေကျ လူတွေက ပေလီ ရောက်ယင် ခပ်ခန့်
နေချင်ကြသည်။

ဒါကို ကိုအုန်းစိန်ကလည်း သဘောပေါက်သည်။



စီးပွားရေး အလုပ်တခုဆိုတော့ ဘယ်လို လူမျိုးလာတည်း
ည်း အတတ်နိုင်ဆုံး သပ်ရပ်သန့်ရှင်းစွာ နေနိုင်အောင်တော့
ပ်ထားသည်။

ခြံထောင့် အိမ်သာဘက်မှ စိုးဦး ထွက်လာသည်။

ညိုသူ မျက်နှာသစ်နေသည်ကို သူ မြင်၏။

ညိုသူကလည်း စိုးဦးကို မြင်သည်။

စိုးဦးက ပြုံး၍ နှုတ်ဆက်၏။

ညိုသူက မသိမသာကလေးပင် ပြုံးပြ၏။

ပြီးတော့ ခေါင်းငုံ့ယင်း မျက်နှာသစ်နေလိုက်သည်။

စိုးဦးသည် အိမ်ထဲကို အရိပ်အကဲ လှမ်းကြည့်၏။

ဘယ်သူမှ မနိုးကြသေးဟု ယူဆရသည်။

စိုးဦး ညိုသူ့ထံ လျှောက်လာမိ၏။

ညိုသူ မျက်နှာသစ်ပြီး မော့လိုက်တော့ သူ့အနားကို စိုးဦး
ောက်နေပြီ။

မျက်လုံးဝိုင်းလျက် ကြောင်ကြည့်နေမိသည်။

ဘာမှ မခြယ် မသ မပြင် မဆင်ရသေးသော ညိုသူ့မျက်နှာ
န့်သန့်ကလေးကို ရေစက်ရေပေါက်များ မှုန်းသီလျက် တွေ့
က်ရသဖြင့် စိုးဦး ကြည်နူးမိသည်။

သည်လို အလှမျိုး သူမတွေ့ဖူးပါ။

www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်အလှတွေကြားထဲမှာ သူကျင်လည်ခဲ့ရသည် မဟုတ်လား။

ခုတွေ့နေရသော ညိုသူကတော့ ပေါင်ဒါကလေးတောင် မရိုက်ရသေး။

မျက်ခုံးမွှေးပေါ်မှ ရေစက်ကလေးများက စိမ်းစိုစို။

ပါးပြင်ပေါ်မှာ ရေစက်ကလေးတွေ သီးလို့၊ ဆံစကလည်း ကပိုကရို။

'ညိုသူ အစောကြီး နိုးနေသလား'

'ဟုတ်....ဟုတ်ကဲ့'

ညိုသူ မတ်တတ်ရပ်ယင်း လျှာလေလတ်တိုက်လျက် ပြောသည်။

ပခုံးပေါ်က မျက်နှာသုတ်ပဝါဘက်သေးနှင့် မျက်နှာကို တို့သုတ် သုတ်၏။

ဒါကိုပင် စိုးဦး မျက်စိထဲ ကြည့်၍ လှနေ၏။

'ကျွန်တော်တော့ တညလုံး အိပ်လို့ မရဘူးဗျာ'

အပိုတွေ ပြောနေခြင်းဖြစ်ကြောင်း ညိုသူ ရိပ်မိလိုက်၏။

သို့သော် ဘာမှ ပြန်မပြော။

'မညိုသူ ကျွန်တော့်ကို စိတ်ဆိုး နေတုန်းပဲလား'

'ရှင်'



'ဩော်....ကျွန်တော့် အခန်းဘက် မလာတော့လို့ပါ'

'အဲဒါက....'

ကိုအုန်းစိန်က မသွားရဟု တားမြစ်ထားကြောင်း ပြောလို့ မကောင်း။

'အင်း....ဟုတ်ပါပြီလေ၊ ကျွန်တော်နောက်တာ၊စတာကလဲ နည်းနည်းလွန်သွားတယ် ထင်ပါရဲ့'

'ဟုတ်ကဲ့'

အယောင်ယောင် အမှားမှား ဟုတ်ကဲ့လိုက်မိသည်။

အမှန်ကတော့ ညိုသူ ကြောက်နေခြင်း ဖြစ်သည်။

စိုးဦးကို မဟုတ်ပါ။

ကိုအုန်းစိန်ကို လန့်နေသည်။

မတော်တဆ ကိုအုန်းစိန်နိုးလာပြီး သူတို့နှစ်ယောက် စကား ပြောနေသည်ကို မြင်လျှင် ခက်မည်။

ဟိုကလည်း စိတ်လက်တဆစ်။

'ဟုတ်လား၊ ကျွန်တော် နောက်တာ လွန်သွားသလား၊ တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်က ကျီစားတာပါ၊ အေး ကျီစားသန် ရန်ဖြစ်တဲ့စကား ရှိသားပဲ၊ တော်ကြာ ရန်ဖြစ်တဲ့အထိ ဖြစ်သွားပါဦးမယ်၊ ခုထိတော့ ကျွန်တော်တို့ ရန် မဖြစ်သေးပါဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်....'

ပြောယင်း နောက်ဘက် လှည့်ကြည့်၏။

'မညိုသူက ကျွန်တော်နဲ့ ရန်ကော ဖြစ်ချင်သလား'

'ရှင်....ဟုတ်....'

ညိုသူ စိတ်မဖြောင့်သဖြင့် ဟုတ်ကဲ့တွေချည်း ပြောနေမိသည်။

'ရန်ဖြစ်ချင်တယ် ဟုတ်လား'

'အို....မဟုတ်ပါဘူး'

ညိုသူ၏ ထိတ်လန့်တကြား ဖြစ်နေသော ဟန်အမူအရာကလေးကို စိုးဦးသဘောကျနေ၏။

သူ သိပါသည်။

ကိုအုန်းစိန်တို့က တားမြစ်ထားနိုင်သည်။

သူတို့ဘက်က တရားပါသည်။

စိုးဦးလိုလူတယောက် ရန်ကုန်က ဘယ်သူဘယ်ဝါ၊ ဘာအလုပ် စသဖြင့် တိတိကျကျ မသိရသော သူ့ကို သူတို့နှမငယ်ကလေးနှင့် ဘယ်စိတ်ချနိုင်ပါ့။

ပြီးတော့ စိုးဦးဟာ လူပျိုလူလွတ်လား၊ အိမ်ထောင်နဲ့လား ဘာလာလဲမသိ။



ဒီတော့ စိုးဦးနှင့် ခပ်ကင်းကင်းနေဖို့ တားမြစ်ထားကြမှာပေါ့။

'ရန်မဖြစ်ချင်ပါနဲ့တော့ဗျာ၊ မိတ်ဆွေပဲ ဖြစ်လိုက်ပါ ဟုတ်လား'

'ဟုတ်ကဲ့'

'အင်း....ဒါဆို ဗီနွေမနက် လက်ဖက်ရည်တော့ မညိုသူ ဖျော်ပေးနော်၊ ဪ ကျွန်တော် ဆီ လာယူဖို့ မလိုပါဘူး၊လက်ဖက်ခြောက်တို့ ဘာတို့ ကျွန်တော် လာပို့ပါ့မယ်'

'ဟုတ်....'

'ရေနွေးများ တည်ထားပြီလား'

ခုန မီးခိုးငွေ့ငွေ့ တွေ့ရသဖြင့် စိုးဦး မေးခြင်း ဖြစ်သည်။

'ဟုတ်ကဲ့ တည်ထားပါတယ်'

'အိုကေလေ'

စိုးဦး လှည့်ထွက်သွား၏။

ညိုသူလည်း ခုမှ သက်ပြင်းကလေးချပြီး အိမ်ထဲ ပြန်ဝင်ခဲ့ရသည်။

ရေနွေးအိုး မီးတပ်ထိုးလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကိုအုန်းစိန်သည် နောက်ဖေးဘက်က စကားသံ သဲ့သဲ့ကို ကြားကတည်းက နိုးနေ၏။

အမြဲတမ်း သတိနှင့်အိပ်သူ မဟုတ်လား။

အိပ်ရာမှ အသံမကြားအောင် ထသည်။

နောက်ဖေးတံခါးကို ဟသည်ဆိုရုံ ဟ၍ ကြည့်သည်။

စိုးဦးနှင့် ညိုသူကို တွေ့ရသည်။

စိုးဦးက စိတ်ဆိုးလားဟု မေးသံသဲ့သဲ့ကို ကြားရ၏။

စိတ်ဆိုးလားဆိုတာ ရည်းစားစကား ပြောပြီးလို့ ဒါ မဟုတ် စာပေးပြီးလို့ မေးတာလည်း ဖြစ်နိုင်သည်။



ကိုအုန်းစိန် စိတ်ကိုချုပ်တီးပြီး ဆက်ကြည့်နေ၏။

ညိုသူသည် အိမ်ဘက်ကို ခဏခဏ လှည့်ကြည့်၏။

ညိုသူ ကြောက်ရွံ့နေပုံ ရသည်။

ပုံက လူမိမှာ ကြောက်သည့်ပုံ။

ကိုအုန်းစိန် အများကြီး စဉ်းစားပစ်လိုက်သည်။

ရှင်းမှု။ မြန်မြန်ရှင်းမှ။

ခဏနေတော့ စိုးဦး ထွက်သွားသည်။

ညိုသူလည်း မီးဖိုဘက် ပြန်ဝင်သွား၏။

ညိုသူကို သေသေချာချာ မေးရမည်။

သူတို့အိမ်နှင့် မီးဖိုမှာ ခြားထား၏။

အိမ်ထဲမှာ မီးဖိုမထား။

အိမ်နောက်ဖေးမှာ လေလုံအောင် သွပ်ပြားအဟောင်းနှင့် ကာချပ်လောက်ကာပြီး မီးဖိုလုပ်ထား၏။

တနည်းအားဖြင့် မီးဘေးကာကွယ်ခြင်း ဖြစ်သည်။

ညိုသူ မီးဖိုထဲကနေ အိမ်ထဲကို ပြန်ဝင်အလာကို ကိုအုန်းစိန် စောင့်ကြည့်လိုက်၏။

မေးရမည်။

အပြတ်ရှင်းရမည်။

ဒီစိုးဦးဆိုတဲ့ကောင်နဲ့ ဒီလောက် အချိန်ကလေးအတွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



သမီးရည်းစား ဖြစ်သွားတယ်ဆိုယင်တော့ ကောင်မလေး ကျိုးပြီမှတ်။

အပြင်ထွက်ပြီး မေးလို့မကောင်း၍သာ အိမ်ထဲက စောင့် ရသည်။

မေးချင်တာကတော့ ပါးစပ်ဖျားနေပြီ။

ဘယ့်နှယ်....ဒီကောင်ဆီ မသွားပါနဲ့လို့ တားတော့ ဒီကော က သူ့ဆီလာတယ်။

စိုးဦးသည် လက်ဖက်ခြောက်၊ နို့စိမ်း၊ သကြားတို့ အမြန်ထုတ်ယူပြီး စာရွက်ကလေး တရွက်မှာ စာတကြော ကောက်ခြစ်၏။

'ချစ်တယ်'

စာက ဒါပါပဲ။

အမြန်ပြန်လာသည်။

ကိုအုန်းစိန်တို့ မနိုးမီ ညိုသူလက်ထဲ ဒီစာရောက်မှ။

စကားအဖြစ် ပြောလိုက်လျှင်လည်း ရတော့အရသား။ ရေ မယ့် စာကြောင်းကလေးကို ညိုသူ ဖတ်စေချင်သည်။

စကားအဖြစ်နှင့်လည်း ပြောမည်။

စာအဖြစ်နှင့်လည်း ရေးပြမည်။

စာရွက်ကလေးကို ညိုသူ သိမ်းထားပြီး အထပ်ထပ် ကောင်း ဖတ်လိမ့်မည်။



ညိုသူ့ကိုအကဲခတ်ရသလောက်တော့ သူ့ကို အာရုံကျလျက် ရှိနေပြီ။

စိုးဦး ပြန်ရောက်တော့....။

ညိုသူ မီးဖိုထဲက ထွက်စ။

ကိုအုန်းစိန် တံခါးနှစ်ချပ်ကြားမှ ချောင်းကြည့်နေသည်။

စိုးဦးက လက်ဖက်ခြောက်ထုပ်နှင့်ကပ်လျက် စာရွက်ကလေး ကို ညိုသူ့လက်ထဲ ထည့်လိုက်သည်။

ညိုသူ အမှတ်တမဲ့ပါပဲ။
သတိမထားလိုက်မိပါ။

စိုးဦးက တိုးတိုး ကပ်ပြောသည်။

'ဒီမှာ စာကလေးတစောင်ပါတယ်'
ညိုသူ မျက်လွှာချထားရာမှ အလန့်တကြား မော့ကြည့်၏။

'ချစ်တယ်'
စိုးဦး ပြုံးစစ ပြော၏။
ညိုသူ ဘာမှ ပြန်မပြောနိုင်မီ စိုးဦး လှည့်ထွက်ခဲ့သည်။

'ဗျို့....ဆရာ နေပါဦး'

ကိုအုန်းစိန်၏ အသံက ခပ်ပြတ်ပြတ် ထွက်လာသည်။

ကိုအုန်းစိန်သည် တံခါးကြားမှ အရိပ်အကဲ ချောင်းကြည့် နေရာမှ မနေနိုင်တော့သဖြင့် ထွက်လာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com



စိုးဦးနှင့်ညိုသူတို့နှစ်ယောက် ပြောဆိုနေပုံမှာ သမီးရည်းစား ခိုးပြီး ချိန်းတွေ့နေကြသည်နှင့် တူ၏။

တယောက်ကလည်း နားနားကပ်ပြီး တိုးတိုးတိုးတိုး ပြောသည်။

ညိုသူကလည်း ထိတ်လန့်တကြားနှင့် အိမ်ဘက် လှမ်းလှမ်း ကြည့်သည်။

သူတို့နှစ်ယောက် ချိတ်မိနေပြီ ထင်ရဲ့။

ဒါဆို အသတ်ပဲ၊ ဟိုလူက ရေရာတာ မဟုတ်ဘူး။

ကျောရရုံ ကြံသွားလျှင် အခက်။

ကိုအုန်းစိန်သည် လုံချည်ကို တိုတိုပြင်၍ စည်းယင်း ထွက်လာသည်။

စိုးဦး ရုတ်တရက် ထိတ်သွား၏။

ပြန်လှည့်ကြည့်တော့....

ကိုအုန်းစိန်က သူ့ကို မျက်နှာထားတင်းတင်းနှင့် ကြည့်နေသည်။

ညိုသူသည် မျက်နှာငယ်လေးနှင့် ရပ်နေ၏။

သူ့လက်ထဲမှာ လက်ဖက်ရည်ဖျော် ပစ္စည်းတွေနှင့် အတူ စာရွက်ခေါက်ကလေးတခု။

ကိုအုန်းစိန်က လေသံကို ထိန်း၍ ခေါ်သည်။

'ကဲ....ဆရာ ခဏလောက်တော့ နေပါဦး'



ညိုသူ့ဘက် လှည့်ကြည့်သည်။

'လာစမ်း ဒီနားကို'

ညိုသူသည် ကြောက် ကြောက် နှင့် ကိုအုန်းစိန်နားသို့ ရောက်လာ၏။

ကိုအုန်းစိန်က မျက်စိလျင်သည်။

လက်ဖက်ခြောက်ထုပ်နှင့် ကပ်လျက်ရှိသော စာရွက်ပြာ အခေါက်ကလေးကို သတိထားမိလိုက်၏။

ကိုအုန်းစိန်သည် ညိုသူ့ လက်ကြားထဲမှ စာရွက်ခေါက်ကလေးကို ဆတ်ကနဲ ဆွဲယူ၏။

ဖြန့်ဖတ်သည်။

'ချစ်တယ်'တဲ့။

'ကိုင်းဆရာ ကြွပါဦး'

စိုးဦးသည် သူခိုးလူမိပုံစံ ခဏ ဖြစ်သွား၏။

သို့သော် ချက်ချင်း ဣန္ဒြေဆောင်ပြီး ပြုံး၍ အနားကပ်လာသည်။

သုံးပွင့်ဆိုင်ရပ်နေကြသည်။

နေက မပြုသေး။

မိုးတော့ လင်းပြီ။

'ကျုပ်နှမပဲ ကျုပ်စပြီး မေးရမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကိုအုန်းစိန်သည် အမှုတခုစစ်ဆေး ဆုံးဖြတ်တော့မည့် တရားသူကြီး ဂိုက်မျိုး ဖမ်းလိုက်သည်။

'ဒါ....ဘာလဲ'

စာရွက်ကိုပြ၍ မေးသည်။

ညိုသူ ခေါင်းခါယင်း....

'ညိုသူ မသိဘူး အစ်ကို၊ သူပေးတာ'

'သူသိပါတယ်၊ ကျွန်တော် ပြောပြီးသားပါ'

စိုးဦးက ချက်ချင်း ဝင်ပြော၏။

သို့မဟုတ်လျှင် သူက ညိုသူ့ကို အတင်း အဓမ္မရည်းစားစကားပြောရာ ကျသွားလိမ့်မည်။

ကိုအုန်းစိန် ရုတ်တရက် ဘာပြောရမှန်း မသိဖြစ်သွား၏။

'ဟုတ်လား'

ညိုသူ့ကို မေးသည်။

'ဟို....'

ညိုသူ စကားဆွံ့နေ၏။

'တယ်....ဝါ....'

လက်ရွယ်လိုက်သည်။

စိုးဦးက လှမ်းဆွဲထား၏။

'ခင်ဗျား မဆွဲနဲ့နော်၊ ကျုပ်လက်သီးက ပါးမရွေးဘူး'



'အင်းပါ.... ကျုပ်မေးရိုးကလဲ လက်သီးမရွေးပါဘူး'

'ဘာဗျ'

'အေးလေဗျာ၊ ခင်ဗျား လက်သီးက ပါးမရွေးဘူးဆိုယင် ကျုပ်မေးရိုးကလဲ လက်သီးရွေးလို့ ဘယ်ရတော့မလဲ'

'ခင်ဗျား ကျုပ်ဆီ လာတည်းပြီး....ခင်ဗျား'

'မဟုတ်ပါဘူး ကိုအုန်းစိန်၊ သိပ်ဒေါသ မကြီးပါနဲ့၊ ကျွန်တော် အေးအေးဆေးဆေး ရှင်းပြပါရစေ'

'ဒါက ရှင်းနေစရာ မလိုပါဘူး၊ ရှင်းပြီးသား ဥစ္စာ'

ကိုအုန်းစိန်သည် စိုးဦးလက်ထဲမှ သူ့လက်မောင်းကို ဆွဲဖြုတ်ယူယင်း ပြော၏။

'ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောကြယင် ကောင်းမယ်ဗျာ၊ မိုးမလင်းသေးခင် ပြဿနာ ဖြစ်လို့ မတော်ပါဘူး'

'ကျုပ်က အချိန်ရွေးနေတတ်တဲ့ကောင် မဟုတ်ဘူး'

'အင်းပါ....ခဏလေး သည်းခံလိုက်ပါ၊ ညိုသူ့မှာ ဘာအပြစ်မှ မရှိပါဘူးဗျာ၊ သူက ရိုးရိုးပါ'

'ဒါဖြင့် ခင်ဗျားက မရိုးတာပေါ့'

စိုးဦးရယ်၍....

'ဟုတ်ပဗျာ၊ ကျွန်တော်က မရိုးတာပါ၊ ပြောရမှာတော့ အားနာပါရဲ့ ဒါပေမယ့် ကျွန်တော့်စာ ခင်ဗျား လက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီဆိုတော့ မရှက်တော့ပါဘူး၊ အဲဒီ စာထဲ ပါတဲ့အတိုင်းပါပဲ'

'ဒါဆို ခင်ဗျားက သူ့ကို စာပေးတာပေါ့'

'ဩော်....ကိုအုန်းစိန်ကြီးနှယ်၊ ကျွန်တော် သူ့ကို ပေးတဲ့စာ ခင်ဗျားလက်ထဲ ရောက်နေပြီ ဥစ္စာ'

'ခင်ဗျား တော်တော် စော်ကားတဲ့ လူပဲ'

'ဒီသဘော မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ဒီမိန်းကလေးကို မေတ္တာ ရှိလို့ပါ'

'ဘာဗျ'

စကားက မဆုံးမီ လက်က စိုးဦး မေးရိုးဆီသို့ ပြေးသွား၏။

တော်သေးတာပေါ့။

ညိုသူက လှမ်းဆွဲ၊ စိုးဦးကလည်း လက်နှင့် အကာလိုက်မို့ မေးရိုးတည့်တည့် မထိတာ။

ဒါတောင် စိုးဦး လက်ဖျံကို ထိုးမိသေး၏။

'ဟဲ့ဟဲ့....အုန်းစိန် တော်မတော့....တော်တော့....'

ဒေါ်ကြီးစိန် အူယားဖားယား ပြေးထွက်လာသည်။

တခြံနှင့် တခြံ အဝေးကြီးမို့ တော်သေးတာပေါ့။

သူတို့ ကိစ္စကို ဘယ်သူမှ မမြင်ကြ၊ မကြားကြရ။

နံနက် အစောကြီးမို့လည်း နည်းနည်းခံသာသည်။



ဒေါ်ကြီးစိန်သည် ကိုအုန်းစိန်နှင့် စိုးဦးတို့အကြား ဝင်ရပ်လိုက်သည်။

'အုန်းစိန် နင်လုပ်လိုက်ယင် အရမ်းချည်းပဲ၊ ရှေ့နောက်ဘယ်တော့မှ မကြည့်ဘူး'

'အမေ ဘာသိလို့လဲ၊ ဒီလူက ညိုသူ့ကိုစာပေးတယ်၊ ဒီမှာ'

'ဟဲ့....ဒါ အော်ကြီးဟစ်ကျယ် ပြောရမယ့် စကားမဟုတ်ဘူး၊ လက်တဆစ်ရှဲ'

ကိုအုန်းစိန်ကို သူ့အမေက ဒေါသဖြစ်သည့်အခါ 'လက်တဆစ်' ဟု ခေါ်လေ့ရှိသည်။

စိုးဦး ပြုံးရုံသာ ပြုံးနေလိုက်ရသည်။ သူလည်း ရှက်တော့ရှက်နေပြီ။

ဒီကိစ္စ ဘယ်လိုဖြေရှင်းရမလဲ မသိ။

ညိုသူ ကတော့ ခေါင်းကိုတွင်တွင်ကြီးငုံ့၍ မျက်ရည်တွေဝိုင်းနေသည်။

'ကျွန်တော့်အပြစ်ပါ ဒေါ်ကြီးရယ်၊ ကျွန်တော်က ညိုသူ့ကို....ဟို'

'အေးပါ၊ အဒေါ် နားလည်ပါတယ်။ ဒီကောင် စိတ်ထိုးတတ်လွန်းလို့ ဖြစ်တာ'

'ဒါ စိတ်မတိုရဘူးလားဗျ၊ ကျုပ်ဆီမှာလဲ လာတည်းသေး၊ ကျုပ်နှမလဲ ရည်းစားစာပေးသေး'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ တိုးတိုးပြောပါလို့ဆိုနေ'

'မတိုးနိုင်ဘူးဗျာ၊ ဒီမှာ ကိုယ့်ဆရာ၊ ခင်ဗျား ဒီနေ့ တခြားနေရာပြောင်းတည်းပါ၊ နို့မို့ လူသတ်မှုဖြစ်သွားလိမ့်မယ်'

စိုးဦးက ဖြုံသွားသကဲ့သို့ ဟန်လုပ်ယင်း....

'ပြောင်းဆိုလဲပြောင်းပါ့မယ်ဗျာ၊ ဒါပေမယ့် ဘယ်ပြောင်းရမှန်း မသိလို့ပါ၊ သတ်တော့မသတ်ပါနဲ့ဗျာ၊ ကျွန်တော် သေမှာကြောက်လို့ မဟုတ်ပါဘူး၊ အသားအနာမခံနိုင်လို့ပါ'

ဒေါ်ကြီးစိန်က ဝင်ပြောရပြန်သည်။

'တော်ပါတော့ အုန်းစိန်ရယ်၊ ဒါမျိုးက ဝုန်းဝုန်းဒိုင်းဒိုင်း လုပ်လို့ မရပါဘူး၊ အေးအေးဆေးဆေး ဖြေရှင်းရမှာ ပြီးတော့ တဘက်သားချည်း အပြစ်တင်လို့လဲ မရဘူး၊ ကိုယ့်နှမ ကိုယ့်တူမလဲ ထိန်းနိုင်သိမ်းနိုင်မှ'

'အေးလေး ဒီဟာမလေးကို ထတယ်၊ အပြင် မထွက်ပါနဲ့ ဆိုတာ ရအောင်ထွက်တယ်'

'မျက်နှာထွက်သစ်တာဥစ္စာ'

ညိုသူ ရှိုက်ယင်း ပြောသည်။

'ဟုတ်ပါတယ်၊ ကျွန်တော်လဲ အိမ်သာတက်တာ'

စိုးဦးလည်း ပြေရာပြေကြောင်းဖြစ်အောင် ဝင်ပြော၏။

'ဘာဆိုင်လို့လဲ၊ အိမ်သာ တက်တာနဲ့ ရည်းစားစာပေးတာနဲ့'

'ဟိုဒင်းလေ၊ ကျွန်တော် မအောင့်နိုင်လို့'



'ဘာဗျ'

ညိုသူ ရယ်ချင်သလိုဖြစ်လာ၏။ ဒေါ်ကြီးစိန်ကတော့ နည်းနည်းပင် ရယ်လိုက်သေး၏။

'ကဲ ကဲ....လာ၊ အိမ်ထဲမှာ ထိုင်ပြောကြရအောင် အပြင်မှာ ကောင်းပါဘူး၊ လာဟဲ့ အုန်းစိန်'

ကိုအုန်းစိန်ကို သူ့အမေက ဆွဲခေါ်၏။

ညိုသူ ရပ်လျက်ကြောင်နေသည်။

စိုးဦးက ညိုသူ့ကို မျက်စကလေးခိုးပစ်ပြသည်။

ညိုသူက မျက်စောင်းကလေး ခိုးထိုးသည်။

သူတို့နှစ်ယောက် နားလည်မှု ရသွားကြပြီ။

ညိုသူသည် ဒေါ်ကြီးစိန်တို့နောက် ကပ်လျက် လိုက်သွား၏။

စိုးဦး ခဏ ရပ်နေမိသေးသည်။

ခုမှတော့ မ ထူး ပြီ၊ အိမ်ထဲထိ လိုက်သွားပြီး အကျိုးအကြောင်းရှင်းရတော့မည်။ အဲ အကျိုးအကြောင်းဆိုလို့ ဘာများ ထွေထွေထူးထူး ရှင်းပြစရာရှိလို့လဲ'

သူက ကြိုက်လို့ ညိုသူ့ကို ရည်းစားစာပေးသည်။

ညိုသူ့အနေနဲ့ ဆုံးဖြတ်ရုံပေါ့'

မကြိုက်ပါဘူးလို့များ နှုတ်သီးကောင်းကလေးနဲ့ လူကြီးတွေရှေ့ ပြောလိုက်လေမလား။

ဒါဆိုလဲ....ပြီးရောပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဟာ မပြီးနိုင်သေးပါဘူး၊ ညိုသူ့ကို သူက တကယ် စွဲလန်းမိတာပဲ ဥစ္စာ။

မလှမ်းမကမ်းမှ လိုက်ဝင်ခဲ့သည်။

အိမ်ကလေးကသေးပေမယ့် သပ်ရပ်သည်။

နောက်ဘက်မှာ အခန်းနှစ်ခန်း ရှိသည်။ တခန်းက ကိုအုန်းစိန်၏အခန်းဖြစ်သည်။ နောက်တခန်းက ညိုသူနှင့် ဒေါ်ကြီးစိန်တို့ နေကြလိမ့်မည်။

အပြင်ဘက်မှာ ဧည့်ခန်းလို့ ခေါ်လို့ရနိုင်မည့် အခန်းရှည်ကြီး လျှာထိုးပျဉ်များတိုက်ထားသည်မှာ ချောမွေ့နက်ကျောနေသည်။

ဒေါ်ကြီးစိန်သည် ဖျာတချပ်ယူ၍ ခင်း၏။

'ကဲ....ထိုင်ပါဦးကွယ်'

စိုးဦးသည် အူကြောင်ကြောင်နှင့် ဝင်ထိုင်လိုက်ရ၏။

ညိုသူ ကတော့ သူ့အခန်းကလေးထဲ ဝင်နေခဲ့ပြီ။

ကိုအုန်းစိန်က ဆေးပေါ့လိပ် တ လိပ် မီး ကောက် ညှိပြီး ဒေါသမပြေ့တရပြ ဖြစ်နေသည်။ ဆေးလိပ်ကို မီးခိုးထောင်းထောင်းထအောင် ဖွာနေ၏။

ဒေါ်ကြီးစိန်သည် ရေနွေးကရား ယူ၍ လက်ဖက်ခြောက် နည်းနည်းခပ်ပြီး....

'မိညိုရေ၊ ရေနွေးဆူယင် ထည့်ခဲ့စမ်းပါ'



ဒေါ်ကြီးစိန်သည် ပြဿနာကို အေးအေးဆေးဆေးပြီးရန် အချိန်ဆွဲနေခြင်း ဖြစ်သည်။

ကိုအုန်းစိန် ကတော့ တဘက်လှည့်ပြီး ဆေးပေါ့လိပ်သာ တွင်တွင်ဖွာနေသည်။

စိုးဦး မနေတတ်မထိုင်တတ် ဖြစ်လာသည်။

'ကျွန်တော် တောင်းပန်ပါတယ် ကိုအုန်းစိန်ရယ်၊ ကျေနပ်ပါ၊ တကယ်တော့ ကျွန်တော် သူ့ကို....အဲ'

ကိုအုန်းစိန် ဘာမှပြန်မပြော။

'အင်း....'

စိုးဦး စကားဆက်မည်ကြံ၏။ ဘယ်လိုစကားဆက်ရမည်ကို ရုတ်တရက် စဉ်းစား၍မရ။

'ဒီလိုပါဗျာ၊ ကျွန်တော့်အကြောင်းလေး အရင် ပြောပါရစေ'

ညိုသူသည် အခန်းထဲမှ နားစွင့်မိသည်။ ငိုတော့ငိုနေပြီ။

ဒေါ်ကြီးစိန်က....

'ငိုမနေနဲ့ ငါမေးတာ မြန်မြန်ဖြေစမ်း၊ အဲဒီကောင်လေးနဲ့ မင်းနဲ့ ရည်းစားဖြစ်ကြပလား'

ညိုသူ ငိုယင်း ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဘာမှအရေးမကြီးဘူး၊ ဒီလိုပဲ ရည်းစားစာ အ... ခံရတာ ဘာရှက်စရာရှိလဲ၊ နင့်ကို ရည်းစားစာ အပေးမခံရ... ဘူးလား'

'ခုဟာက အစ်ကိုအုန်းရွှေ့မှာကြီး'

'အို....ဒီလက်တဆစ်ကို ထည့်မပြောနဲ့ တော်ကြာ သူ့... သာသူပြီးသွားမှာ၊ နင်က အရေးကြီးတယ်၊ သူ့ ကြိုက်မ... ပေါ့၊ အင်း....လူပုံကြည့်ရတာကတော့ လူရည်သန့်ပဲ၊ ဒါ... မယ့် ဘာမှမသိရသေးပဲ ဘာမှပြန်မပြောနဲ့ ကြားလား၊ သူ... ရေနွေးထည့်ချည်'

'ဟို....သူက လက်ဖက်ရည် ဖျော်ပေးပါတဲ့'

'မေးပြီးမှဖျော်၊ ခု လက်ဖက်ရည်ကြမ်း ထည့်ခဲ့၊ မြန်မြ...'

ဒေါ်ကြီးစိန် အပြင်ပြန်ထွက်ခဲ့သည်။

စိုးဦး လေသံမှန်ဖြင့် ပြောနေသည်။

'ကျွန်တော့်အလုပ်က ကိုယ်စားလှယ်အလုပ်ပါဗျာ၊ ခင်ဗျား... သိပါတယ်၊ ကျွန်တော့်လိပ်စာ ကတ်ပြား ခင်ဗျားဆီရှိသ... ပြီးတော့ မှတ်ပုံတင်လဲ ခင်ဗျားယူထားတာဥစ္စာ'

'ခု ပြန်လိုချင် ပြန်ယူသွားဗျာ'

'မလိုချင်ပါဘူး၊ ကျွန်တော့်ကိစ္စကလေး ပြောမလို့ပါ'

'ဒါပေမယ့်ကွယ် လူကြီးသူမ အုပ်ထိန်းခြင်း မကင်းသေ... မိန်းကလေးကို အချိန်မတော်ကြီးမှ....'



'မိုးလင်းနေပါပြီ အဒေါ်ကြီးရယ်'

'မိုးလင်းလင်းချုပ်ချုပ် ခင်ဗျား အဲဒီလိုလုပ်ဖို့ မသင့်ဘူး'

ကိုအုန်းစိန်က ဖြတ်ပြောသည်။

'ဟဲ့....နေစမ်းပါဦး နင်က'

'အမေတို့ဟာက ရှည်အောင်ဗျာ၊ ကောင်မလေး ခေါ်မေး ...က်၊ ကြိုက်ယင်လိုက်သွား၊ တခါတည်းသွား၊ ပြီးရော'

'ဒီလိုရမလားဟဲ့၊ ဟင်းရွက် ကန်စွန်းရွက်မှ မဟုတ်တာ'

'ကောင်မလေးကလဲ ထကိုထတယ်'

'ဟဲ့....ကိုယ့်နှမကိုယ် ဒီလိုမပြောရဘူး'

'ထလို့ထတယ် ပြောတာဗျ၊ ကြည့်လို့ကိုမရဘူး၊ ရန်ကုန်မှာ ...နေကြာတာနဲ့ ထနေတာထင်ပါ့'

'ညီသူက ရန်ကုန်မှာ မွေးတာဥစ္စာ'

'အေး....'

ဒေါ်ကြီးစိန်က ချောင်းတချက် ဟန့်လိုက်ပြီး ဆက်ပြော...သည်။

'ဒီလိုရှိတယ်ကွယ်၊ တို့တူမလေးက ဆင်းရဲပါတယ်၊ တို့လဲ ...းရဲသားထဲကပါပဲ၊ မောင်ရင်တို့လိုတော့ မချမ်းသာဘူး

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လဲ သဌေးမဟုတ်ပါဘူးခင်ဗျာ၊ ဒီလိုပဲ လုပ်ကိုင်စားသောက်နေတာပါ၊ အလုပ်ကတော့ နည်းနည်း တာဝန်ကြီးတာပေါ့'

'အဲဒါက မောင်ရင့်ကိစ္စပါကွယ်၊ ဒေါ်ကြီး ပြောချင်တာက မောင်ရင်တို့လို ချမ်းသာတဲ့လူ ထားပါတော့လေ၊ ဒေါ်ကြီးထက် ချမ်းသာတဲ့ တယောက်အနေနဲ့ မိညိုလို ကလေးကို သဘောကျတယ်ဆိုတာ'

'ကျွန်တော် တကယ် သဘောကျတာပါ ဒေါ်ကြီး'

ကိုအုန်းစိန်သည် အကြားပြင်းကပ်သောဟန်နှင့် လှည့်ကြည့်ပြီး မတ်တတ်ထ၏။

'ဟဲ့....ဘယ်လဲ'

'ကျုပ် မျက်နှာသွားသစ်လိုက်ဦးမယ်၊ အမေပဲ ဆက်ပြောတော့'

ထွက်သွား၏။

'ဒီလိုပဲကွယ် ဒေါ်ကြီးသားက စိတ်မြန်လက်မြန်တယ်၊လူတော့ လူကောင်းပါ'

'ကျွန်တော်သိပါတယ် ဒေါ်ကြီး၊ ကိုအုန်းစိန်က လူဖြောင့် စိတ်တိုဆိုတာ'

'အေး....အေး အဲသလိုမျိုးပေါ့'

ညိုသူသည် ရေနွေးကြမ်းကရားနှင့် ဗန်းကို ယူလာချပေး၏။



ငိုထားကြောင်း စိုးဦးသိလိုက်သည်။

စိတ်ထဲမကောင်း ဖြစ်သွားသည်။

သနားစရာ။

'ကျွန်တော် ဒေါ်ကြီးတို့ မိသားစုအားလုံးကို တောင်းပန်ပါတယ်၊ တကယ်လို့ မညိုက သူ စိတ်ဆိုးမယ် ဆိုယင်လဲ ကျွန်တော် ဘယ်လိုနည်းနဲ့ တောင်းပန်ရမလဲ ဆိုတာသာ ပြောပါ'

ညိုသူ့ကို ရည်မှန်း၍ ပြောလိုက်သည်။

ညိုသူ ဘာမှ ပြန်မပြောပဲ လှည့်၍မျှမကြည့်ပဲ အိမ်ထဲ ပြန်ဝင်ခဲ့သည်။

သူ့စိတ်တွေ သိပ်လှုပ်ရှားနေပြီ။

ဘာပြဿနာတွေ ဆက်ဖြစ်ဦးမလဲ။ တကယ်လို့ သူ့သဘောထားကို ချက်ချင်းကြီးမေးယင် ဘယ်လိုပြောမလဲ။

ခေါင်းခါရုံအပြင် မတတ်နိုင်။

နောက်နောင်ကျတော့ ခေါင်းခါမိတာ မှားလေခြင်းလို့ နောင်တတွေ ရနေဦးမှာလား။

အို....ဒီကိစ္စမျိုးကို ဒီလောက် မြန်မြန်ကြီး ဆုံးဖြတ်ကြလို့မှ ည်ာ မဟုတ်ပါဘူး။

ပြီးတော့....

www.burmeseclassic.com

www.burmeseclassic.com



ညိုသူက စတဲ့ ပြဿနာမှ မဟုတ်တာ။

အိမ်ရှေ့မှ အသံသဲ့သဲ့ ကြားရပြန်သည်။

'နားနဲ့မနာ ဖဝါးနဲ့သာ နာပါတော့ ဒေါ်ကြီးရယ်၊ မညိုသူကို ကျွန်တော် တွေ့တွေ့ချင်းပဲ သဘောကျမိပါတယ်၊ ဒါကြောင့် ကြိုးစားမိတာပါ'

'ဒါတော့ မဆန်းဘူးပေါ့ကွယ်၊ ဒါပေမယ့် အဒေါ်ကြီးနဲ့ တူမလေးက ဆင်းရဲရှာပါတယ်'

'အဲဒါ အရေးကြီးတဲ့ကိစ္စ မဟုတ်ပါဘူး ဒေါ်ကြီး'

'မောင်ရင် တို့ အတွက် အရေးမကြီးပေမယ့် ဒေါ်ကြီးတို့ အတွက်တော့ အရေးကြီးပါတယ်ကွယ်'

'ကျွန်တော် သဘောပေါက်ပါတယ် ဒေါ်ကြီး၊ကျွန်တော် မညိုသူကို အပျင်းပြေ ရည်းစားစာပေးပြီး၊ နောက်ကျ ဒီလိုပဲ အဲ....ဘယ်လို....ပြောရမလဲ မသိဘူး'

'ဒေါ်ကြီး နားလည်ပါတယ်'

'ကျွန်တော် အဲသလို မဟုတ်ပါဘူး ဒေါ်ကြီး၊ တကယ်တို့ များ မညိုသူက ကျွန်တော့်ကို လက်ခံမယ်ဆိုယင် ကျကျနန လက်ထပ်ပါရစေ၊ အဲ....မထူးတော့ပါဘူးခင်ဗျား၊ ပြဿနာလာ ပေါ်နေပြီ ဥစ္စာ၊ ကျွန်တော့်သဘောထားကိုတော့ ရှေ့မျက်နှာ



နောက်ထားပြီး ပြောရတော့မှာပါပဲ၊ ကျွန်တော် ကျွန်တော် မညိုသူကို ချစ်....တကယ်ချစ်မိတာပါ'

ဘယ်လိုကဘယ်လို ထိုစကားတွေ ပြောဖြစ်သွားသည် မသိလိုက်။ ပြီးတော့ အဲဒီလို ပြောစဉ်ခဏမှာ ရင်တွေပန်းတွေ တုန်နေသည်။ အသံတွေလည်း တုန်လို့။

ညိုသူသည် စိုးဦး၏ စကားများကို တိုးတိုးလေး ကြားနေရ၏။

တခါတရံ အသံက တိမ်ဝင်သွားသဖြင့် မကြား လိုက်ရ။ တကယ်ချစ် ဆို သော တုန်တုန်ယင်ယင် အသံကလေးကိုတော့ ကြားဖြစ်အောင် ကြားလိုက်ရသည်။ အာရုံက ဒီလိုနေရာမျိုး ကျတော့ စူးရှထက်မြက်နေလိုက်တာ။

'အင်း၊ ခက်တော့ ခက်သားကလားကွယ်၊ ဒီလိုကိစ္စက ချက်ချင်းကြီး ပြောလို့ဆိုလို့ မရပါဘူး'

'ကျွန်တော်ကလည်း ချက်ချင်းဆုံးဖြတ်ဖို့ ပြောတာ မဟုတ်ပါဘူး ခင် ဗျာ၊ အချိန်ယူပြီးတော့ပေါ့။ ကျွန်တော့် မိဘ ဆွေမျိုးတွေအကြောင်းလည်း ဒေါ်ကြီးတို့သိရအောင် စီစဉ်ချင်ပါသေးတယ်။ ဖြစ်နိုင်မယ်ဆိုယင် ကျွန်တော်နဲ့အတူတူ အဲဒီ ရန်ကုန်ကို အလည်လာခဲ့ပါဦး'

ဒေါ်ကြီးစိန်က ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရန်ကုန် အလည်လာဖို့က တို့အတွက် မလွယ်ပါဘူးကွယ်၊ အင်း၊ ညိုသူကတော့ ရန်ကုန်မှာနေတာပဲ၊ သူ့ မိဘ များ လဲ ရန်ကုန်မှာပါ၊ အဲ၊ သူ့အမေတော့ မရှိရှာတော့ဘူး၊ အဖေပဲ ရှိတယ်'

'ဒါဆို'

စိုးဦး သဘောကျသွားသည်။

ညိုသူက ရန်ကုန်မှာနေသတဲ့။

ဘယ်တော့ပြန်မလဲ။ ဘယ်လိုတွေ့ရမလဲ။ သိချင်လှသည်။

'ဒါဆို ဒီလို သဘောထားပါလား ဒေါ်ကြီး၊ ခုကိစ္စကို ကျွန်တော်က မိသားဖသားပီပီ စကား ကြောင်း လမ်း တာလို့ သဘောပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်က ညိုသူ့ကို ဟိုဒင်း၊ စာပေးမိတာကိုး'

'အေးလေ၊ သိလိုက်လို့ပေါ့'

'ခုမသိလဲ နောင်သိရမှာပါပဲ ခင်ဗျာ'

'အေးလေ၊ ခုဟာက ဟိုလက်တဆစ် စိတ် မြန် လက် မြန် လုပ်လိုက်တာကိုး၊ အသာကလေးကြည့်နေပြီး နောက်မှ ကိုယ့် နှမကိုယ် ကျိတ်မေးကျိတ်ဆုံးမယင် ရသားနဲ့'

'အဲဒါလဲ တနည်းအားဖြင့် ကောင်းသွားတာပေါ့ ခင်ဗျာ၊ ပွင့်ပွင့်လင်းလင်း သိရတာပေါ့'



ပြောမည့်သာ ပြောနေရသည်။ စိုးဦးမျက်နှာတော့ ထူပိန်း နေပြီ။

'အေးလေ၊ မင်းတို့ လူငယ်တွေကိစ္စ တို့ကဝင်မပါချင်ဘူး၊ ညိုသူ့သဘောအတိုင်းပေါ့၊ တခုတော့ရှိတယ်ကွယ်၊ တို့ကဆင်းရဲ တော့ အနိုင်အထက်ပြုခံရမှာ စိုးတယ်ကွဲ့'

'ကျွန်တော် ကတိပေးနိုင်ပါတယ် ဒေါ်ကြီး၊ ညိုသူ့ကို ကျွန်တော် ဘယ်တော့မှ အနိုင်အထက် မပြုပါဘူး၊ သူကသာ ကျွန်တော်ကို နိုင်ချင်နိုင်မှာ'

'အောင်မာ'

ဟု အခန်းထဲမှ ညိုသူ ရေရွတ်၏။

'ကျွန်တော့်ကို ခွင့်ပြုပါဦးနော်၊ မညိုသူကိုသာ မေးကြည့် ပါတော့ ကျွန်တော့်သဘောထား ကိုတော့ ပြော ပြီး ပါ ပြီ နော်'

'အေး၊ အေး၊ ဩော်၊ လက်ဖက်ရည် သောက်မလို့ဆို'

'ဩော်....အင်း၊ ရနိုင်ယင်တော့'

'ညိုသူ ဖျော်ပေးနေထင်ရဲ့၊ ဘာပဲဖြစ်ဖြစ်၊ တို့ဝတ္တရားတော့ မပျက်စေရပါဘူး၊ မိညိုရေ လက်ဖက်ရည်ရပလား'

မေးသံ ကြားမှ သတိရသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုထဲမှာ ရေနွေး ဆူနေပြီ။ လက် ဖက် ခြောက် ထုပ် တို့နို့စိမ်းဗူးတို့က အိမ်ရှေ့မှာ။ ကိုအုန်းစိန်ယူသွားပြီး ထောင့်တထောင့်မှာ ဆောင့်ကြီးအောင့်ကြီး ချထားခဲ့တာ။

ညိုသူ အပြင်သို့ အားတင်းထွက်ခဲ့၏။ စိုးဦးတို့ဘက် မကြည့်မိအောင် သတိထားပြီး လက်ဖက်ရည်ဖျော်ရန် ပစ္စည်းများကို သွားယူလိုက်သည်။

*　　　*　　　*

'နင် အဲဒီကောင်ကို ကြိုက်သလား'

ကိုအုန်းစိန်သည် တဲ့တိုးကြီးမေး၏။

မိန်းကလေးတယောက် အနေနဲ့ သူ့နှမ တယောက်အနေနဲ့ ဘယ်နှယ်လုပ် ဖြေရမလဲ။

ညိုသူ ကြောက်ကြောက်နှင့် ခေါင်းခါလိုက်သည်။

'ဒါဖြင့် ပြီးရော၊ သူနဲ့နင်နဲ့ သမီးရည်းစား မဖြစ်သေးတာ သေချာတယ်နော်'

'မဖြစ်သေးပါဘူး'

'ဖြစ်ချင်သေးလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း၊ မဖြစ်ချင်ပါဘူး'

'ကောင်းပြီ၊ ငါ သွားရှင်းလိုက်တော့မယ်'

စိုးဦး လက်ဖက်ရည်သောက်ပြီး ပြန်၍မှမကြာမီ ကိုအုန်းစိန်က မေးခြင်းပြောခြင်းဖြစ်သည်။

ကိုအုန်းစိန် သွားရှင်းမည် ဆိုသည်က ဘယ်ပုံ ဘယ် နည်း ရှင်းမည်မှန်းမသိ၊ တုတ်တပြက်ဓားတပြက်ဆို ဒုက္ခ'

ညိုသူ လှမ်းဆွဲထားလိုက်သည်။

'စောနေပါဦး အစ်ကိုအုန်းရယ်၊ ဒါ အစ်ကိုအုန်းရှင်းရမယ့် ကိစ္စ မဟုတ်ပါဘူး၊ ညိုသူ့ဘာသာရှင်းပါ့မယ်၊ ရှင့်ကို မကြိုက်ပါဘူးလို့ ပြောလိုက်ယင် ပြီးတာပဲ'

'ဘာ၊ နင်က သွားတွေ့ဦးမလို့လား ဇက် ပြုတ် သွားချင်သလား'

'မဟုတ်ပါဘူး၊ အဲဒီသဘော ဒေါ်ကြီးစိန်ကိုပြောခိုင်းလိုက်ပါ့မယ်။ တောင်းပန်ပါတယ် အစ်ကိုအုန်းရယ်၊ အစ်ကိုအုန်း မသွားပါနဲ့'

ဒေါ်ကြီးစိန်က....

'ဟဲ့ အုန်းစိန်၊ နင့်မလဲ ပြောရကျပ်လိုက်တာ၊ ငါ ခုန မေးမြန်းကြည့်ပြီးပါပြီ၊ ဒီကိစ္စ ငါ့တာဝန်ထား၊ ငါသွားပြော



ပေးမယ်၊ သူ့ကိုလဲ နေရာမရွေ့နဲ့၊ သူ့ကိစ္စ ငါပဲ လုပ် ကိုင်ပေးမယ်'

'အမေနဲ့မဖြစ်ပါဘူး၊ဟိုကောင်ကလူလည်၊ အမေ့ကိုနှစ်ပတ်သုံးပတ် လှည့်သွားမှာ၊ ဒီကောင်မျိုးက ပြတ်မှရတယ်'

'အေးပါ၊ ပြတ်စေရပါ့မယ်'

ဒေါ်ကြီးစိန်က ကိုအုန်းစိန်ကျေနပ်စေရန် ကတိပေးလိုက်၏။

ကိုအုန်းစိန်သည် မနက်ပိုင်း အလုပ်ကိစ္စ တခုအတွက် အမြင် တက်သွားသည်။ သူ့အလုပ် ထူးထူးထွေထွေတော့ မရှိပါ။ သို့သော် အိမ်မှာကြာကြာနေလျှင် စိုးဦးနှင့် ထပ်မျက်နှာချင်း ဆိုင်ရမည် စိုးသဖြင့် ထွက်ခဲ့ခြင်း ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

စိုးဦးသည် သူ့အခန်းသူ ရောက်မှ တယောက်တည်း ရှက်နေမိသည်။

သူ့အသက် သုံးဆယ်ပြည့်ခဲ့ပြီ၊ ခုလို ကိစ္စမျိုး တခါမှ မကြုံစဖူး။

ငယ်ငယ်တုန်းက သမီးရည်းစား ထားတယ်ဆိုတာလည်း သိပ်ပြီး ပြဿနာမဖြစ်ခဲ့။

ရည်းစားစာတွေ ဘာတွေ ပေးတာကလည်း သူတို့အဖို့ အပျော်သဘောလို ဖြစ်ခဲ့သည်။



ကောင်မလေးတွေကလည်း သိပ် အလေးအနက်ကြီးတွေ ထားတတ်တော့။

ရည်းစားစာပေး....ယူလိုက်။

ဒါမှမဟုတ် ငြင်းလိုက်။

ကြောင်တွေ ဆိုလျှင်တော့ ခင်တတ်ပါတယ် ဆိုသော ကားမျိုးနှင့် လိမ့်ထား။

စိုးဦးတို့လို လူငယ်တွေကတော့ စာပေးခြင်း စကားပြောခြင်းကို နောက်သလို ပြောင်သလိုလောက်ပဲ သဘောထားခဲ့သည်။

နည်းနည်းလှတဲ့ ကောင်မလေးမှန်သမျှ ရိသဲ့သဲ့ကလေး ကားပြောကြည့်တာပဲ။

ကောင်မလေးတွေကလည်း ဂရုနှိုက်ကြီးတွေ သိပ်မဆောင်တော့။

ကြိုက်....ကြိုက်တယ်၊ မကြိုက်....မကြိုက်ဘူး။

ရှင်းရှင်းမြန်မြန်ပင် ပြောတတ်သည်။

သည်တော့ ပြဿနာကြီးကြီးမားမား ဘာတခုမှ မဖြစ်ခဲ့။

ခု...ညိုသူ့ ကိစ္စကျတော့ အူကြောင်ကြောင်ကြီး။

သူက စာပေး၊ အုပ်ထိန်းသူတွေက မိသွား။

ဒါကိုပဲ ပြဿနာကြီးတခုလို ဖြေရှင်းရ။

တကယ်တော့ သူ့ဂုဏ်သိက္ခာနှင့် ဤလို ပြဿနာမျိုးကို းရသည်မှာ ရှက်စရာတော့ကောင်းသည်။

www.burmeseclassic.com



သူက စိုးအောင်-ပိုင်ရှင် ဦးစိုးဦး မဟုတ်လား။

ဒီလိုပြဿနာမျိုးဖြစ်လို့ ဒေါ်ကြီးစိန်တို့ရှေ့မှာ ရှင်းလင်းခဲ့ရသည်။

ကိုအုန်းစိန်က ထိုးသည့်စသည်တို့ကို သူ့ရုံးခန်းက လူများသို့မဟုတ် သူ့မိတ်ဆွေ သင်္ဂဟများကြားကြလျှင် ဘယ်လောက်ရယ်လိုက်ကြမလဲ။

အသက်ကြီးမှ ဝက်သက်ပေါက်တယ်ဟု အပြောခံရကောင်းခံရလိမ့်မည်။

သူ့ဘာသာသူ တယောက်တည်း တွေးပြီး ပြုံးမိသည်။

ခုမှတော့ ဘာမှ ထပ်ရှည်နေ၍ မရတော့။

ညိုသူက ခေါင်းညိတ်လျှင် ညိုသူ့ကို သူ မိသားဖသားမီးတောင်းရမ်း လက်ထပ်ရမည်။

ညိုသူ့ကို လက်ထပ်ချင်ရဲ့လား ဟု ကိုယ့်ကိုယ်ကို မေးကြည့်သည်။

'ဟုတ်ကဲ့'ဟု အဖြေရ၏။

ဒါဆို ပြီးပြီပေါ့။

မဟုတ်သေး။

ညိုသူက သူ့ကို သဘောမကျပါ။

မကြိုက်ပါဆိုလျှင်ကော။

ဒါဆိုလဲ....ပြီးတာပါပဲ။



ညိုသူက ချစ်စရာကောင်းတာတော့ အမှန်ပါပဲ။

ညိုသူက ချက်ချင်းကြီး သူ့ကို ကြိုက်ပါတယ်လို့ ပြောမှာတော့ မဟုတ်ဘူး။

အမြင့်ဆုံးအဆင့် စဉ်းစားမည်ဆိုတာလောက်ပဲ လူကြီးတွေကို ပြောရဲမှာ။

ဟုတ်သားလေ။

ညိုသူက ခုမြင် ခုကြိုက် ခုလိုက်ပါမယ်လို့ သူ့ ဒေါ်ကြီးစိန်နှင့် အစ်ကိုကို ဘယ်လိုလုပ် ပြောရဲပါ့မလဲ။

ပစ်ပစ်ခါခါကြီး လုံးဝ မကြိုက်ပါဆိုသည့် စကားကိုတော့ ပြောလိမ့်မည် မထင်။

* * *

www.burmeseclassic.com

www.burmeseclassic.com

‘ကဲ....မိညိုသူ၊ ဟိုသူငယ်ကို မကြိုက်ဘူးဆိုတာ တကယ်ပဲလား’

ဒေါ်ကြီးစိန်က မေးသည်။

ညိုသူ တွေသွားသည်။

သူ့စိတ်ထဲမှာ လုံးဝ မကြိုက်တော့ မဟုတ်။

သို့သော် ဘယ်လိုလုပ်ပြီး သည်မေးခွန်းကို ဖြေရမလဲ။

‘ညိုသူ ဘာမှ မစဉ်းစားရသေးဘူး ဒေါ်ကြီးရယ်၊ ဘယ်လိုလုပ် ပြောရမလဲ၊ သူကလဲ ခုမနက်မှ အဲဒီအကြောင်းပြောဘာ’

ဒေါ်ကြီးစိန်က ရယ်၏။



ငယ်ရာက ကြီးလာတာပါအေဟူသော သဘောကို ဆောင်သည်။

‘ညည်းက ဒီထက်စောစော ပြောစေချင်တယ်ပေါ့လေ၊ အပြောတောင် နောက်ကျနေသေးတယ်လို့ ဆိုချင်လို့လား’

‘မဟုတ်ပါဘူး ဒေါ်ကြီးရဲ့၊ တကယ်လဲ ဒီမနက်မှ ပြောတာပါ’

‘အေးလေ....အရေးကြီးတာက ညည်းပဲ မိညို၊ ညည်းက ခေါင်းညိတ်ယင်လဲ တို့က ဘာမှ မတတ်နိုင်ပါဘူး၊ တို့က ဒီမှာ ညည်းနေတုန်းပဲ ထိန်းသိမ်းစောင့်ရှောက်လို့ ရမှာ၊ ရန်ကုန် ပြန်သွားယင် တို့မျက်ကွယ်မှာ ညည်းသဘောအတိုင်း လုပ်မှာပဲ၊ တခုတော့ ရှိရဲ့ ညည်းအဖေဆီ စာလှမ်းရေးထားရမှာပဲ’

‘အဖေ့တော့ စာမရေးပါနဲ့ ဒေါ်ကြီးရယ်၊ ဒီမှာတင် ရှင်းလိုက်ပါ၊ အဖေက လက်ပါတတ်လွန်းလို့’

‘မဟုက်ပါဘူး၊ ငါက ညည်း ရည်းစားထားတယ်လို့ ရေးမှာ မဟုတ်ပါဘူး၊ ကိုယ့်သမီးကို ကြည့်ရှုဂရုစိုက်ထားဖို့ပါ’

‘အဖေ့ဆီက သူ့အလုပ်နဲ့ သူ ယားလို့တောင် မကုတ်အားပါဘူး ဒေါ်ကြီးရယ်’

‘အေး....ပြောမယ့်သာ ပြောရတာ ညည်းအဖေကလဲ အိမ်ကို သိပ်လှည့်ကြည့်တာ မဟုတ်ဘူး၊ အဲ....ညည်း စဉ်းစားဖို့ကိစ္စက အဲဒါတွေလဲ ပါတယ်၊ ခုန သူငယ်က တို့ထက်ချမ်းသာ

www.burmeseclassic.com



တာတော့ အမှန်ပဲ၊ ဘယ်လောက် ချမ်းသာသလဲသာ မသိတာ၊ တသက်လုံး ညည်းက အဲ့ဒီသူငယ်ကို သဘောကျဦးတော့ ဆင်းရဲချမ်းသာ ကိစ္စဆိုတာ ထည့်စဉ်းစားရမယ်၊ ကိုယ့်ဘက်က ဆင်းရဲတော့ အစစအရာရာ အောက်ကျ နောက်ကျနိုင်မှာ ချည်းပဲ၊ အေရယ်....လူ ချမ်းသာ တွေနဲ့ မပတ်သက်တာ အကောင်းဆုံးပါပဲ၊မတတ်သာလို့ ဆက်ဆံရယင်လဲ စိတ်ပေါင်းကိုယ်ခွာပေါ့၊ ချမ်းသာလေလေ ပေါင်းရသင်းရ ခက်လေလေပါပဲကွယ်'

ဒေါ်ကြီးစိန်၏ စကားက ညိုသူ့ကို အဆုံးအဖြတ် ပေးခိုင်းခြင်းနှင့် အတူတူပင်၊ ဆုံးဖြတ်ရမည်က ရှင်းရှင်းကလေး ငြင်းလိုက်ရုံသာ။

ညိုသူ ဘယ်လို ပြောရပါ့။

ဘယ်စကားလုံး သုံးရပါ့။

'ဟုတ်ပါတယ် ဒေါ်ကြီးရယ်၊ သူ့ကိုလဲ ဘယ်သူဘယ်ဝါ မှန်းတော့ မယုံရဲပါဘူး'

'ဒါကတော့ စုံစမ်းကြည့်ယင် ရပါတယ်၊ ညည်း စိတ်ထဲ ကွဲပြားဖို့ပဲ လိုတာ'

'ခုထိတော့ သူ့ကို ကြိုက်လို့ မရသေးပါဘူး ဒေါ်ကြီးရယ်'

'တော်ကြာနေယင်တော့ ကြိုက်ချင်ကြိုက်မယ်ပေါ့ ဟုတ်လား၊ ခွေးမလေး'



ဒေါ်ကြီးစိန်က ကျီစယ်ယင်း ထိပ်ခေါက်သည်။

'မထင်ပါဘူး'

'သေချာတယ်နော်'

'အင်းပါ'

လေသံက တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

ဒေါ်ကြီးစိန် သဘောပေါက်ပါသည်။

သည်လို ချမ်းချမ်းသာသာ ရုပ်ချောချော ကောင်လေး တယောက်ကို ညိုသူ့လို မိန်းကလေးအနေနှင့် ကြိုက်မိမှာပေါ့။ သို့သော် ငွေချမ်းသာသည့် လူငယ်ဖြစ်လို့၊ ရုပ်ချင်ပွေ ချင်ရုပ်ပွေ နေလိမ့်မည်။

ဘာပဲ ဖြစ်ဖြစ်လေ၊ သူတို့နှစ်ယောက် သမီးရည်းစား မဖြစ်သေးဘူးဆိုယင်တော့ စောစောစီးစီးက ဖြတ်ဘာကောင်းပါရဲ့။

နောက်ကျမှ ခြေလှန်လက်လှန်တွေ ဖြစ်ကုန်ယင် အထုပ်ဖြေမရတဲ့ အရှုပ်တွေ ဖြစ်ကုန်တော့မည်။

* *

www.burmeseclassic.com

www.burmeseclassic.com

'အားတော့ နာပါရဲ့ကွယ်'

ဟု ဒေါ်ကြီးစိန်က စကားစကတည်းက စိုးဦးသိလိုက်ပြီ။

'ကျွန်တော်လဲ ဒေါ်ကြီးတို့ကို အားနာ နေမိတာပါ။ ကျွန်တော့်အပြုအမူက ရိုင်းသွားသလား မသိဘူး'

'လူငယ်တွေဆိုတာ ဒီလိုပါပဲကွယ်၊ ဒါက သိပ် အရေးမကြီး လှပါဘူး၊ ဒေါ်ကြီးရဲ့ သားကလဲ စိတ် လက်တဆစ်ဆိုတော့ ဖြော် ဒါနဲ့ ငါ့တူ ထိမိခိုက်မိများ သွားသေးလား'

'ဘာဖြစ်လို့လဲ ဒေါ်ကြီး'

'ဖြော်....မောင်အုန်းစိန် လက်ပါသွားတဲ့ ကိစ္စ'



'ဟာ....မထိပါဘူး၊ ညိုသူလဲ ဆွဲထားတာပဲ၊ ကျွန်တော်လဲ ကာလိုက်တာပဲ'

ခုမှ သတိရသည်။ သူ့လက်ဖျံနည်းနည်း နာနေသည်။ ကိုအုန်းစိန်လက်သီးက အပြင်းသား။

'အေး....အဲဒါလဲ တောင်းပန်ပါတယ်ကွယ်'

'ကိစ္စမရှိပါဘူး ဒေါ်ကြီး၊ အဲ....ညိုသူကတော့ ကျွန်တော့်ကို စိတ်ဆိုးနေတုန်းနဲ့ တူတယ်'

'စိတ်ဆိုးတယ်ရယ်တော့ မဟုတ်ပါဘူးကွယ်၊ ဒါပေမယ့်....'

စကားမဆက်သဖြင့် စောင့်နေရသည်။

ဒေါ်ကြီးစိန်ကလည်း စကားလုံး ရွေးနေရသည်။

'မိညိုက သူ ကြောက်သတဲ့ကွယ်'

'ဘာကိုလဲဒေါ်ကြီး၊ ကျွန်တော် လူရမ်းကား မဟုတ်ပါဘူး'

'အဲဒါပြောတာ မဟုတ်ပါဘူး၊ ဟို....မောင်ရင်တို့က ချမ်းသာတယ် မဟုတ်လား'

'ကျွန်တော်လဲ ငွေများများသာကိုင်ပြီး လှည့်ပတ် သုံးနေရတာ၊ ကိုယ်ပိုင်ငွေက မများလှပါဘူး ဒေါ်ကြီးရယ်၊ အလုပ်ကသာ ငွေများများနဲ့ လုပ်ရတာပါ'

'ဘာပဲဖြစ်ဖြစ် တို့ထက်တော့ ချမ်းသာတယ် မဟုတ်လား၊ အဲဒါကို သူ စိုးရိမ်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဩော် ကျွန်တော်က သူ့ကိုနိုင်ထက်စီးနင်းဆက်ဆံမှာစိုးလို့လား၊ စိတ်ချပါ ဒေါ်ကြီးရယ်၊ သူ့ကို ကျွန်တော် အဲ... ကျွန်တော် ပြောပြီးပါပြီ'

'ဒါပေမယ့် သူက ငါတူကို မေတ္တာထားလို့ မရနိုင်သေးပါဘူးတဲ့ကွယ်'

'တချိန်ချိန်ကျယင်တော့ ကျွန်တော့်အပေါ် မေတ္တာထားနိုင်မယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား'

'ဒီလိုလဲ မဟုတ်ဘူးတဲ့'

'ဒါဖြင့် သူ ကျွန်တော့်ကို ငြင်းလိုက်သလား'

'ဆိုပါတော့ကွယ်'

ကောမျှ စကားမပြောဖြစ်ကြပဲ ငြိမ်နေကြသည်။

ဒေါ်ကြီးစိန်သည် ဘာဆက်ပြောရမှန်း မသိတော့သဖြင့်....

'သွားဦးမယ်ကွယ်'ဟု ပြောပြီး ထွက်သွားသည်။

* * *

ဒီစကားဟာ ညိုသူ့စကားအစစ် ဖြစ်လိမ့်မည်ဟု စိုးဦးယုံနိုင်။

ကိစ္စမရှိပါ။

အကွက်တကွက်တော့ ကျန်ပါသေးသည်။

သည်တရက်အတွင်း ရန်ကုန်က ခေတ်ပုံမျှား ရောက်လာလိမ့်မည်။

ကိုအုန်းစိန် အပြင်သွားခိုက်ကို သူတို့အိမ်သွားပြီး ခေတ်ပုံသူးယင်း နှုတ်ဆက်မည်။

သူပြန်တော့မည့်အကြောင်း ပြောမည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒေါ်ကြီးစိန်ထံမှာပဲ ခွင့်တောင်းပြီး နှစ်ယောက်တည်း စကားပြောကြည့်မည်။

လေဆိပ်ကို စောစောထွက်လာခဲ့သည်။

မဇင်လေဆိပ်မှာက လေယာဉ်မဆိုက်သောအချိန်များသည် ပျင်းစရာအတိ ပြီး၏။

ပေလီ သံတွဲထွက် လက်မှုပစ္စည်းကလေးများ ရောင်းသည့် ဆိုင်တန်းကလေးသာ ရှိသည်။

လေဆိပ်ကိုစောပြီး ရောက်နေသဖြင့် စိုးဦးအူကြောင်ကြောင်နှင့် ဟိုလျှောက် သည်လျှောက် လုပ်နေ၏။

မနက်ကစားထားသော ရခိုင်မုန့်တီသည်လည်း ဝမ်းထဲမှာ ရှိတော့မည် မထင်။

ဆာလောင်လာသည်။

စားသောက်စရာလည်း ထူးထူးထွေထွေ မရှိ။

လေယာဉ် ဘယ်တော့လောက် ရောက်မလဲဟု လေဆိပ်တာဝန်ရှိသူကို သွားမေးသည်။

'သိပ်မကြာတော့ပါဘူး' ဟုသာ အဖြေရ၏။

တကယ်ကတော့ လေယာဉ်လာပြီဆိုလျှင် အဝေးကြီးကပင် မြင်နေနိုင်ပါသည်။

လေဆိပ်အပြင်ဘက်မှာ ကားတချို့ ရပ်ထားသည်။



ထိုကားဆိပ်ကလေးကို ဖြတ်ပြီး အနောက်ဘက် လျှောက်ခဲ့သည်။

အိမ်စုကလေးတစုကို မြင်ရ၏။

'ဟာ' ဟု အာမေဍိတ် ပြုမိသည်။

ညိုသူပါကလား။

အဝေးကြီးကပေမယ့် ညိုသူ့ဟန်ပန်ကို သူသိနေသည်။ မှတ်မိနေသည်။

ညိုသူသည် ထိုအိမ်စုကလေးဆီသို့ လှမ်းသွားနေ၏။

လက်ထဲမှာ အိတ်ကလေးတလုံး ဆွဲလျက်။

ညိုသူ ခရုပုတီးလေးတွေသီ၊ အရုပ်ကလေးတွေလုပ်ပြီး အဲဒီအိမ်စုကို သွားပို့တာ ဖြစ်လိမ့်မည်။

မပြေးရုံတမည် ညိုသူ့ထံ သွားသည်။

ညိုသူသည် ခြေသံ တဖျပ်ဖျပ်ကြား၍ လှည့်ကြည့်သည်။

'ဟောတော့' ဟု ယောင်ပြီး အော်မိသည်။

စိုးဦး အပြေးကလေးသွားသည်။

'ညိုသူရယ်'

မောသံနှင့် ပြော၏။

ညိုသူ ဘာမှ ပြန်မပြောဖြစ်ပဲ ခေါင်းငုံ့လျက် ရပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညိုသူ ဘာလို့ ပိန်နေတာလဲဟင်'

'ကျွန်မ မပိန်ပါဘူး၊ အိမ်ထဲမှာပဲ နေရတာ၊ သောင်ပြင်တောင် မထွက်ရဘူး'

'ခုတော့....'

'ခုဟာက ပုတီးတွေ သွားပို့မလို့၊ အဲဒါတောင် အဖော်နဲ့ လွှတ်လိုက်တာ'

'အဖော်ကော'

'နောက်မှာ ဗူးသီးဝင်ဝယ်နေတယ်'

'ဒါဆို အတော်ပဲ၊ ဒီနေ့ လေယာဉ်ပျံနဲ့ ညိုသူ့ဓာတ်ပုံတွေ ပါလာမယ်၊ အဲဒါ လာစောင့်နေတာ၊ ဒါက အရေးမကြီးပါဘူး၊ ခုလို နှစ်ယောက်တည်း တွေ့ဖို့က အရေးကြီးတာ'

'ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ခုလိုတွေ့တာကို အစ်ကိုအုန်း သိသွားယင် ဒုက္ခတွေ များကုန်လိမ့်မယ်'

'သူက ကိုယ်နဲ့ ညိုသူ့ကို သဘောမတူဘူးလား'

'သူက ညိုသူ့သဘောပဲလို့ ပြောပါတယ်'

'ညိုသူ့သဘောက ဘယ်လိုလဲဟင်၊ ဒေါ်ကြီးစိန် ပြောတဲ့ အတိုင်းတော့ မဟုတ်ပါဘူးနော်'

'ဒေါ်ကြီးက ဘာပြောလို့လဲ'

'သိပ်မုန်းတယ်လို့ ပြောလိုက်ပါလို့၊ ညိုသူက ပြောတယ်ဆို'

'အို...မဟုတ်ပါဘူး'



'ဟာ ဒါဖြင့် ကိုယ်ထင်တဲ့အတိုင်းပဲ လူကြီးတွေ ဖျက်တာ ပေါ့နော်'

'အဲသလိုလဲ မဟုတ်ပါဘူး'

'ဒါဖြင့် ညိုသူက ကိုယ့်ကို မုန်းတော့ မမုန်းဘူးပေါ့'

'အင်း....ဟင့်အင်း'

'ဘယ်လိုကြီးလဲ....အင်း....ဟင့်အင်း ဆိုတော့ ဟုတ်ကဲ့... မဟုတ်ဘူးပေါ့ ဟုတ်ကဲ့ မဟုတ်ယင် မမုန်းဘူးလို့ ယူဆရမှာ ပေါ့'

'ကျွန်မတို့လို မိန်းကလေးမျိုးကို ဦးစိုးဦး နှစ်နှစ်ကာကာ ရှိမှာ မဟုတ်ပါဘူး'

'ဘယ့်နှယ် ပြောလိုက်ပါလိမ့်ဗျာ....ကျွန်တော် မညိုသူကို တကယ် နှစ်နှစ်ကာကာ ချစ်တာပါ....လက်ထပ်ပါ ဆိုယင် အဲလေ....မညိုသူသာ သဘောတူယင် ခု ချက်ချင်း ကျွန်တော့် မိဘတွေ ခေါ်ပြီး ဒီမှာတင် လက်ထပ်လိုက်ချင်ပါရဲ့'

'ကျွန်မက ဈေးဝယ်သလို ဝယ်လို့ ရတဲ့ပစ္စည်းမျိုး မဟုတ်ပါဘူး ရှင်၊ ရော့....ပိုက်ဆံ ပေးပစ္စည်းဆိုတဲ့ သဘောမျိုးက အရောင်းအဝယ် ကိစ္စပါ'

'ကျွန်တော် ပြောတာက ဒီသဘောမှမဟုတ်ပဲ၊ ကျွန်တော့်ကို မယုံယင် ခု ချက်ချင်း သက်သေပြနိုင်တဲ့ အကြောင်း ပြောတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ လူချမ်းသာတွေကို ကြောက်ပါတယ် ရှင်'

'ကျွန်တော် လူချမ်းသာ မဟုတ်ပါဘူးဗျာ....တကယ် ချမ်းသာတဲ့ လူဆိုတာက ဘာမှ မလုပ်မကိုင်ပဲ ငွေကို ရေလို သုံးနေနိုင်တဲ့ လူမျိုးကို ခေါ်တာပါ....ကျွန်တော်က အလုပ် လုပ်ရပါတယ်....သမ္မာအာဇီဝပါဗျာ....'

'ဒါပေမယ့် ဦးစိုးဦး အကြောင်း ကျွန်မတို့ ဘာမှမသိသေးပဲ'

'အားလုံးကို မခြွင်းမချန် ပြောပြပါမယ် မေးချင်တာ မေးပါ'

'ကျွန်မ မမေးတတ်ပါဘူး'

'ဒါဖြင့်လဲ မမေးနဲ့တော့ ယုံလိုက်ပါတော့ဗျာ....ကျွန်တော် ညိုသူကို ချစ်ပါတယ်....ညိုသူက သဘောတူယင် လက်ထပ်ချင်ပါတယ်....ကဲ'

လက်ကို အသာ ဆွဲယူလိုက်သည်။

'အို....'

ဟု မသိသာသော အသံကလေး ထွက်သွားတယ်....ရုန်းတော့ မရုန်းမိ။

ခေါင်းကိုသာ တွင်တွင်ငုံ့ယင်း

'ကျွန်မကို သနားပါ ဦးစိုးဦးရယ်'

တောင်းပန် တိုးလျှိုးသံနှင့် ပြောသည်။



'သနားလို့ပေါ့....သနားရုံ မကဘူး ချစ်လို့ ချစ်လို့ သိလား။

အနားထပ် တိုးကပ်လိုက်သည်။

'ထင်သားပဲ ငါ ထင်တဲ့ အတိုင်းပဲ'

ကိုအုန်းစိန်၏ အသံသည် မိုးကြိုးပစ်သကဲ့သို့ ပေါ်လာလေ၏။

'ကဲ....ဘာပြင်းချင်သေးသလဲ ခွေးညိုမ'

ကိုအုန်းစိန်သည် အမြန် ကပ်လာပြီး လက်ကို တအားလွှဲ၍ ညိုသူကို ရိုက်၏။ သို့သော်....

စိုးဦးက ကြားထဲဝင်လိုက်သည်။

ညိုသူကို မထိပဲ စိုးဦး၏ နားရင်းကို တည့်တည့်ကြီး ထိသွားသည်။

စိုးဦးသည် ကြယ်ပွင့်များကို နံနက်ခင်း အလင်းရောင်တွင် မြင်လိုက်ရ၏။

ငိုက်စိုက်ငိုက်စိုက်နှင့် သုံးလေးလှမ်းလောက် ယိုင်သွားသည်။

ကိုအုန်းစိန် ရုတ်တရက် ကြောင်သွား၏ ရပ်နေသည်။

သူရိုက်တုန်းက ညိုသူကို ထိသွားတော့ စိုးဦး၊ တကယ်တော့ စိုးဦးက ဘယ်လောက် ချိန်းဆိုချိန်းဆို ကိုယ့်နှမက သွားမတွေ့ လိုသည်။

ကိုအုန်းစိန် အထင်မှာ စိုးဦးနှင့် ညိုသူတို့ ငြိနေကြပြီး

www.burmeseclassic.com

www.burmeseclassic.com



တနေရာရာ ချိန်းဆိုပြီး တွေ့လိမ့်မည်။

သည်အတွင်း သူက မိအောင် ဖမ်းမည်။

သည်လို တွက်ထားပြီး အခြေအနေ အကဲခတ်နေခဲ့သည်။

နံနက်တုန်းကတော့ ညိုသူက ပတီးတွေ သွားပို့မည်ပြော၏။

ထို့ကြောင့် အဖော် တယောက်ကို ထည့်ပြီး လွှတ်လိုက်သည်။

သူက နောက်ယောင်ခံလိုက်ခဲ့သည်။

ထိုအချိန်မှာ စိုးဦး ညှော်ဆောင်၌ မရှိကြောင်းလည်း သူသိခဲ့သည်။

ခုတော့ သူ့မှန်းချက်အတိုင်း သည်နေရာမှာ ချိန်းတွေ့နေကြသည်။

ယောကျ်ား ဆိုတာကတော့ သည်လို ကြံမှာပဲ မိန်းကလေးဘက်က ထိန်းထိန်းသိမ်းသိမ်းနေဖို့ လိုသည်။

ဒါကို မိညိုက မထိန်းသိမ်း မစောင့်ရှောက်၊ ဒါကြောင့်ခင်းကို ရိုက်ထည့်လိုက်တာ

ခုတော့ စိုးဦး နားရင်းကို အုပ်မိပြီးသား ဖြစ်နေသည်။
ဘာလုပ်ရမလဲ တောင်းပန်ရမှာလား။
ဘယ်ဖြစ်လိမ့်မတုန်း။
'ဘယ်လို လုပ်လိုက်တာလဲ အစ်ကိုအုန်း'



ညိုသူ လေသံက မပြောစဖူး မာနေသည်။

ညိုသူဘက်က မြင်တော့လည်း နှစ်ယောက်တည်း စကားရပ်ပြောနေရုံနှင့် ဤမျှ အထင်မလွဲသင့် ဒေါသမကြီးသင့် သည်လိုလဲ မလုပ်သင့် ဟု ထင်သည်။

'ဘာ....ခွေးညိုမ နင်က လင် ထိလို့ နေသလား'

ကိုအုန်းစိန်သည် ဒေါသကြောင့် စကားတွေ ကြမ်းကုန်၏။

'ဒီလို မပြောနဲ့ အစ်ကိုအုန်း နည်းနည်းပါးပါး မေးပါဦးပါဦးလား'

'ငါ မေးနေစရာ လိုသလား ပေါလောကြီး ပေါ်နေပြီပဲဟာ'

စိုးဦးသည် နားရင်း ပါးရင်း ပူထူနေရာမှကိုယ့်ဟန်ချက်ကိုထိန်းယင်း ပြန်ကပ်လာသည်။

'ဟုတ်ပါတယ်ဗျာ ကျွန်တော် တို့နှစ်ယောက် မေတ္တာမျှနေပါတယ်။ အဲဒါလဲ ကျွန်တော်ကစတာပါ။ ပြီးတော့ ကျွန်တော် တနေ့က ပြောသလိုပါပဲ၊ အပျော် သဘော ထား တာ မဟုတ်ပါဘူးဗျာ အတည်ပါ။ ကျွန်တော် သူ့ကို လက်ထပ်မှာပါ။ ဒီကအပြန် ကျွန်တော့် မိဘများနဲ့ သူ့ကို မိသားဘသားပြီ တောင်းရမ်းပြီး ယူမှာပါ'

'မဟုတ်ဘူး....မဟုတ်ဘူး ဟိုဒင်း'

ညိုသူ ကမန်းကတန်း ဝင်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



စိုးဦးသည် ညိုသူ့ စကားအဝင်မခံ ရသမျှ အကွက်ကိုဝင် ယူပစ်လိုက်၏။

'ညိုသူက ကိုအုန်းစိန်တို့ကို ကြောက်လို့ မပြောတာပါဗျာ— ကျွန်တော်နဲ့သူနဲ့က မေတ္တာမျှနေကြပါပြီ'

'အေးလေ ကျုပ်ကလဲ ဒါပဲ သိချင်တာ ကြိုက် ကြိုက်တယ် ပေါ့ ကျုပ်က ရှေးရိုးသမား မဟုတ်ပါဘူး....ပွင့်ပွင့် လင်းလင်း ပဲ ကြိုက်တယ်၊ သူက ကြိုက်လို့ ယူမယ်ဆို ကျုပ် အနေသာကြီး ကျုပ်က နှမလင်ခြေ မောင်ဖင်ကျိန်း အစားထဲက မဟုတ်ပါဘူး ဒါပေမယ့် ကျုပ်တို့ဆီမှာ နေတုန်းတော့ တတ်နိုင်သလောက် စောင့်ရှောက်ရမှာပဲ၊ ခု သူ့ကြောင့် ကျုပ်အလုပ် ဘယ်လောက် ပျက်တယ် မှတ်သလဲ'

'ဟုတ်ပါပြီဗျာ ကျွန်တော် တောင်းပန်ပါတယ်....ကဲ ... တော့ ကိစ္စက ရှင်းသွားပြီ မဟုတ်လား'

'ရှင်းနေတာပဲ၊ ကျုပ်မကျေနပ်တာက ဒီခွေးညိုမ၊ ကြိုက် ယင် စောစောစီးစီး မပြောဘူး မကြိုက်ဘူးလေး ဘာလေးနဲ့ တကယ်' လက်ရွယ်ပြန်၏။

သည်တခါတော့ စိုးဦးက လက်တဘက်သာ လှမ်းတား၏ ကိုယ်နှင့် ခေါင်းကိုတော့ နောက်ကို ယိုင်ထားသည်။ နားရင်းနှစ်ချက် အတီးခံရယင် မလွယ်။

'ငေ ာ်ပါတော့ဗျာ၊ ကျွန်တော့်နားရင်းလဲ ပူနေပါပြီ'



သည်တော့မှ ကိုအုန်းစိန် သတိရသည် သူ တနေ့က တခါ ခုတခါ စိုးဦးကို တွယ်မိပြီးပါပကော၊ ကဲ....ပြီးတော့ စိုးဦးက သူ့ညှော်သည်။

'ဆောရီးဗျာ၊ ကျုပ် လုပ်လိုက်တုန်းကတော့ ဒီခွေး ညိုမကို ရိုက်တာပဲ'

'ဟုတ်ပါတယ်၊ နောက်တခါ ထပ်တွယ်ယင် ကျွန်တော့် ထိမှာစိုးလို့ပါ'

'သိပ်ရှက်စရာကောင်းတာပဲ'

ညိုသူ ငိုယင်း ပြော၏။

'မငိုပါနဲ့ ညိုသူရယ်၊ ကိစ္စတွေ ရှင်းပြီဥစ္စာ နော်'

စိုးဦးသည် ကိုယ့်ရည်းစားကိုယ်ချော့သလို အမူအရာလေသံ နှင့် လုပ်နေ၏။

'နင်ကမျှား ရှက်နေသေးတယ်၊ ငါရှက်ဖို့ထားပါဦး၊ ငါက နင့်အစ်ကို'

'အဲဒါကြောင့် ပြောတာပေါ့၊ အစ်ကိုအုန်း မမေးမမြန်းနဲ့ လုပ်တော့ မဟုတ်တာတွေ ဖြစ်တာပေါ့'

'ဘာမဟုတ်တာလဲ'

'သူ ပြောတာ'

ငိုယင်း ရှိုက်ယင်းပြောနေသည်။

'ထားလိုက်ပါတော့ ညိုသူရယ်၊ ကိုအုန်းစိန်က ညိုသူ မတော်

www.burmeseclassic.com



တလျှော်လူနဲ့ ဖြစ်မှာစိုးလို့ စောင့်ရှောက်တာပါ၊ ခု ကိုယ်
ကိစ္စက မတော်တလျှော်မှ မဟုတ်ပဲ ကိုယ် က လဲ လူကြီးစုံရာ
ပြောပါ့မယ်လို့ ကတိပေးပြီးပြီ ဦးစွာ’

‘ရှင့်ကို ဘယ်သူက’

‘အို....ဒါတွေ ပြန်မပြောနဲ့တော့ ဟိုမှာ အဖော်လိုက်လာပြီ
ထင်တယ်’

နောက်မှလိုက်လာနေသော မိန်းမကြီးတယောက်ကို လှမ်းမြ
ယင်း ပြောသည်။

‘အင်း....တော်တော် စိတ်ချရတဲ့အဖော် သူ့ကိုယုံပြီး ထည့်
လိုက်ပါမှ....’

ကိုအုန်းစိန် မြည်တွန်တောက်တီးနေသည်။

‘ပြောမနေပါနဲ့တော့ ကိုအုန်းစိန်ကြီးရာ၊ ကျွန်တော့်ပဲအပြစ်
ဖို့လိုက်ပါတော့’

‘မထူးပါဘူးဗျာ၊ အားလုံးအတူတူပါပဲ၊ ကျုပ် က ကျုပ်
မျက်နှာမားနဲ့လို့ပြစ်ချင်သေး’

‘မဟုတ်တာဗျာ’

ထိုစဉ်မှာပင် လေယာဉ်သံ ကြားရ၏။

‘လေယာဉ်ပျံလာပြီ၊ လာ....ညိုသူ ခုတ်ပုံတွေ သွား ယူ
အောင်....’

‘ရှင်နဲ့မလိုက်နိုင်ပါဘူး’



‘ငါနဲ့လဲ ပြန်မလိုက်ခဲ့နဲ့ လိုက်ခဲ့ယင် လမ်းမှာတင် နင့်အသက်
ထွက်သွားလိမ့်မယ်’

ကိုအုန်းစိန်က ဒေါသမပြေသေးပဲပြော၏။

‘မလိုက်ပါဘူး၊ ညိုသူ့ဘာသာပြန်မယ်’

အဖော် မိန်းမကြီးသည် ပါး စပ် အဟောင်းသားနှင့် ရပ်
နေ၏။

စိုးဦးက ရှုတ်တရက် အကြံရသည်။

‘ကဲ....အစ်မကြီးနဲ့ ညိုသူ ကျွန်တော်နဲ့ လိုက်ခဲ့ပေါ့’

‘ကျုပ်က ဘာလို့လိုက်ရမှာလဲ ပတ်တီးသွားပို့မလို့ဟာ’

‘အပြန်မှ ဝင်ပို့ပါ၊ ခုတ်ပုံတွေ သွားယူမလို့ပါ၊ ကဲ....
ကိုအုန်းစိန်ကြီး ပြန်နှင့်ပေါ့ဗျာ၊ ကျွန်တော်တို့ ခဏလောက်နေ
ပြန်လာပါမယ်၊ ဒီကအစ်မကြီးလဲ ပါသားပဲ စိတ်ချပါ’

‘ကျုပ်ကတော့ ဒင်းထိုက်နဲ့ဒင်းကံပဲ ထားလိုက်ပြီ၊ ဆုံးမလို့မှ
မရတာ’

‘အစ်ကိုအုန်း ဆုံးမတာကလဲ လူလယ်ကောင် ရိုက် လို ရိုက်
နှက်လို့နှက်’

‘အောင်မာ၊ ထပ်နာချင်ပြန်ပြီလား’

‘ကျွန်တော့်နားရင်းကလေးကို အားနာပါဦးဗျာ’

ကိုအုန်းစိန်သည် ရယ်ချင်ချင် ဖြစ်သွား၏။ မျက်နှာပိုးကို
သတ်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ကဲ....ကြွကြွကြွကြွ၊ ကျုပ်ပြန်နှင့်မယ်'

ပြောပြောထွက်ထွက်ပင် ထွက်သွားတော့၏။

'ကဲ....လာ'

စိုးဦးက ခေါ်သည်။

'မလိုက်ပါဘူး'

'လေဆိပ်မလိုက်ယင် ကိုယ်က ညိုသူ့နောက် လိုက်ခဲ့မှာပဲ'

'ညိုသူ့နောက် မလိုက်ရပါဘူး'

အဖော်မိန်းမကြီးသည် ကြောင်တက်တက်ရပ်နေရာက

'ဘယ်လိုတွေဖြစ်ကြတာလဲ ညိုသူရယ်'

ဟု မေးသည်။

'ကျွန်တော် လမ်းမှာ ရှင်းပြပါမယ်ဗျာ၊ လာ.... သွားစို့'

စိုးဦးက ညိုသူအား ခေါ်ပြန်သည်။

'ဟို....အဲဒီလဲ မသွားချင်တော့ဘူး'

'ဒါဖြင့် ဒီမှာပဲ ရပ်နေမှာလား'

'ဘယ်လိုတွေ ဖြစ်ကြတာလဲ'

'ဟိုပင်လယ်ထဲ ဆင်းသေပစ်လိုက်ချင်တယ်'

'ကိုယ်ပါလိုက်ခဲ့မယ်၊ သွား စို့၊ လာ....သေအတူ ရှင်မကွာပေါ့'

'ရှင်နော်'

'အော်....ဒီလိုကိုး'



အဖော်မိန်းမကြီးက သဘောတမျိုးပေါက်သွားတယ်။

'ဟုတ်ကဲ့....အဲသလိုကြီးပဲဗျ'

'တော်ပါတော့တော်၊ ကျုပ် က ကြား ချောင် မားစခံ မဖြစ်ပါရစေနဲ့၊ ပင်လယ်ထဲ ဆင်းသေချင်သပဆိုလဲ တော်တို့နှစ်ယောက်ပဲ သွားပါတော့'

'အို....အဒေါ်ကလဲ ဘာတွေ လျှောက်ပြောနေတာလဲ'

'လေယာဉ်ပျံဆိုက်တော့မယ်၊ ဟိုမှာဆင်းနေပြီ....လာ'

ညိုသူ့လက်ကို ဆွဲခေါ်၏။

အဖော်မိန်းမကြီးလက်ထဲသို့ ညိုသူ့လက်ထဲမှအိတ်ကို လှမ်းပေးပြီး....

'အဲဒါ သွားပေးပေးလိုက်ပါဗျာ နော်၊ ကုသိုလ်ရပါတယ်'

ညိုသူသည် နှစ်လှမ်းသုံးလှမ်းလောက် တ ရွတ် ဆွဲ ပါသွားသည်။

သတိရမှ—

'မလိုက်ဘူးနော်'

ပြောမည့်သာ ပြော သည် နှစ် ယောက် သား ယှဉ် လျက် လျှောက်မိနေပြီး လက်တွဲက မဖြုတ်ဖြစ်သေး။

ကားဆိပ်ကလူတွေကို လှမ်းမြင်ရသည်။

ရှန်းလားကန်လား လုပ်နေလျှင် ပြဿနာထပ်ပေါ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်....

'လက်ကိုလွှတ်ပါ၊ လေဆိပ်လိုက်ဆိုလိုက်ခဲ့ပါမယ်'

'လေဆိပ်တင်မရဘူး၊ သံသရာတလျှောက်လုံး လိုက်ခဲ့ရမှာ'

'သွား....အပိုတွေ'

ဟော....စကားထဲက ဇာတိပြလိုက်မိပြီ။

*　　*　　*

(　　)

စိုးဦးသည် သူ့ကတိအတိုင်း လူကြီးမိဘစုံလင်စွာနှင့် ညိုသူ့ကို တောင်းရမ်းလက်ထပ်ခဲ့ပါသည်။

ကိုအုန်းစိန်တို့ထံ ဖိတ်စာပို့၏။

လက်ထပ်ပွဲပြီးပြီးချင်း ပေလီကို စုံတွဲ လာခဲ့ကြမည်ဟုလည်း စာရေး လိုက်သည်။

ကိုအုန်းစိန်တို့ မင်္ဂလာပွဲကို မတက်နိုင်ခဲ့ပါ။

'မျှော်နေမည်'ဟု စာပြန်လိုက်ပါသည်။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com

(          )

ညက နှစ်ယောက်စလုံး အိပ်မပျော်ပါ။

မေးကနဲ ပျော်လိုက် လန့်နိုးလိုက်နှင့်ပင်။

အတွေးတွေကလည်း ဟို ဒီ ပြေးသွားနှင့် ယောက်ယက်ခတ်နေသည်။

ညိုသူသည် စိုးဦးကို အထင်ကြီး ထားသမျှမှားပြီဟု နောင်တရနေခဲ့သည်။

သူတို့၏ ချစ်သူဘဝသည် ပျော်စရာ ကောင်းခဲ့ပါသည်။

ပေလီမှာ တွေ့ပြီးနောက် ရန်ကုန်သို့အတူတူ ပြောင်းလာကြသည်။



ဒေါ်ကြီးစိန်ကိုပါ ခဏ ခေါ်ခဲ့သည်။

နောက်မိဘများကို ပြောပြကြသည်။

နှစ်ဘက်မိဘများကလည်း သဘောတူကြသည်။

စိုးဦး မိဘများကတော့ စိုးဦး၏ပညာအရည်အချင်း အလုပ်အကိုင်ကို သဘောကျပြီး ဖြစ်၍ သားက ချစ်လျှင် သူတို့သမီးပင်ဟု သဘောထားကြ၏။

ညိုသူ ဖခင် စိုးရိမ်စကားပြော၏။

သူတို့၏ မပြည့်စုံမှုကြောင့် သမီးကလေးကို နိုင့်ထက် ကလူမပြုရန် တောင်းပန်၏ အကယ်၍ သမီး မလိမ္မာလျှင်ဆုံးမရန်နှင့် သဘောထားချင်းမတိုက်ဆိုင်၍ မဖြစ်နိုင်ဟု ထင်လျှင် စောစောစီးစီး လမ်းခွဲရန်ပင် ပြောသေး၏။

စိုးဦးက အစစ တာဝန် ယူကြောင်း ညိုသူ့ကို တကယ်မေတ္တာရှိကြောင်း ပြောပြပြီး လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။

ခုမင်္ဂလာဦးညကျပါမှ

နှင်းသီတာလွင်နှင့်ပတ်သက်ခဲ့သော ကိစ္စကပေါ်လာသည်။

စိုးဦး အစက ဖွင့်ပြောမလို့ ကြံပါသေးသည်။

သို့သော် ပြောလိုက်လျှင် ညိုသူ နောက်တွန့်သွားမည်ကို စိုးရိမ်အားကြီးသဖြင့် ဘာမျှမပြောဖြစ်ခဲ့။

တခုတော့ ခံသာသည်။

သူနှင့် နှင်းသီတာလွင်တို့ တရားဝင် လက်မထပ်ခဲ့ကြမှု။

နှင်းသီတာလွင်တွင် တရားဝင် လက်ထပ် စာချုပ်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် တတွဲတွဲ နေခဲ့ခြင်းကို သိသူတွေတော့ ရှိသည်ပေါ့။

တွဲသည်မှာ ရန်ကုန်မြို့ ဆင်ခြေဖုံး ရပ်ကွက်တခုမှာ တိုက်ခန်းလေး တခန်း ငှား၍ပင် နေခဲ့ကြသည်။

သူတို့ အသိုင်းအဝိုင်း မိတ်ဆွေတွေ ကြားထဲမှာတော့ ဒါ မဆန်း။

ဒီလိုပဲ အတူနေ၊ နောက် အဆင်မပြေလျှင် သူ့လမ်း သူသွား၊ ကိုယ့်လမ်းကိုယ်သွား။

နှင်းသီတာလွင်နှင့် အဖြစ်အပျက်က မြန်ဆန်သည်။

တနေ့သ၌ နှင်းသီတာလွင်က စိုးဦးကို အရေးတကြီး ကိစ္စ တိုင်ပင်ချင်သည်ဟု ပြော၏။

သူတို့နှစ်ယောက် တနေရာတွင် ဆုံသည်။

နှင်းသီတာလွင်က ဦးခင်မောင်ကျော်သည် အနုနည်းနှင့် မရ၍ အကြမ်းနည်းနှင့် သူ့ကို ယူတော့မည်ဟု မျက်ရည် ခံလျက် ပြော၏။

စိုးဦးက ဘယ်လိုနည်းနှင့် ရှောင်နိုင်မလဲ ဟု မေးသည်။

နှင်းသီတာလွင်က စိုးဦးနှင့်လက်ထပ်လိုက်လျှင် ရှင်းနိုင်မည် ဟု ပြော၏။

စိုးဦးက ဒီအတွက် ပါးနပ်စွာ ရှောင်လိုက်သည်။

သူ့မိတ်ဆွေများ ရှေ့မှာ အကျဉ်းရုံး၍ အမြန် စီစဉ်မည်။

နောက်မှ ခမ်းနားစွာ လက်ထပ်မည်ဟု ပြော၏။

နှင်းသီတာလွင်ကလည်း စဉ်းစားသည်။



ဘာပဲဖြစ်ဖြစ် စိုးဦးဆီက ချူ၍ ရသလောက် ချူယူပစ်လိုက်မည်။

ဦးခင်မောင်ကျော်ကို ပေးဆပ်စရာငွေများကို စိုးဦးထံမှအရယူမည်။

ဒီအတွင်း စိုးဦးကို လိုက်လျောမည်။

စိုးဦးကလည်း ချောမောလှပသော မိန်းမတယောက်ကို ခဏ ယူမည်။

အစဉ်သဖြင့် ဖြစ်နိုင်သွားလျှင်တော့ အပိုင်ယူလိုက်မည်။

မဖြစ်နိုင်လျှင် ပါးနပ်စွာ ရှောင်မည်။

ဒါတွေက လွယ်လွယ်လေးတွေပါဟု စိုးဦး တွက်မိသည်။

တကယ်ပဲ လွယ်ပါသည်။

နှင်းသီတာလွင်နှင့် စိုးဦးသည် သူတို့၏ မိတ်ဆွေ သုံး လေး ငါးယောက် ရှေ့မှာ ကျွန်တော်တို့ မကြာမီ လက်ထပ်ကြတော့မှာမို့ အကြိုအနေနှင့် ဧည့်ခံတာပါဟု စကားပလ္လင်ခံပြီး ညစာစားပွဲတခု ကျင်းပလိုက်သည်။

ပြီးတော့....

* * *

www.burmeseclassic.com

www.burmeseclassic.com

လမ်းခွဲတော့လည်း အဲဒီ မိတ်ဆွေ လေးငါးယောက်ကိုပဲ နံနက်စာနှင့် ညွှေ့ခံပြီး ကျွန်တော်တို့ သဘောထားချင်း မတိုက် ဆိုင်ကြတော့၍ လူကြီးမင်းများကို အားနာစွာနှင့် အသိပေးပါ တယ်ဟု ပြောလိုက်သည်။

အဲဒီ တလလောက်အတွင်း စိုးဦး ငွေသုံးသောင်းလောက် ထွက်သွားသည်။

ဒါက ငွေချည်းပဲ၊ လက်ဝတ် လက်စားတွေ မပါသေး၊ အားလုံး တွက်ကြည့်လျှင် မိန်းမတယောက်ကို ငွေငါးသောင်း နှင့် တလ ယူသော ငမိုက်၊ တုံး ဟု ပြောလို့ ရတော့သည်။



လူလေးငါးယောက် သက်သေထားပြီး လက်ထပ်၊ လူလေး ငါးယောက်ရှေ့မှာ ပြန်ကွာရှင်း၊ ဒါပါပဲ။

ဒီအဖြစ်က သူ့ကို ခြောက်လှန့်နေသည်။

ပြီးတာတွေ မေ့ပစ်ဆိုပေမယ့် မရ။

ခု.... ညိုသူ့ကို လက်ထပ်တဲ့နေ့မှာပဲ ပြဿနာဟောင်းက ပေါ်လာသည်။

ညိုသူ အခန်းတံခါးကို အသာကလေး ဖွင့်၊ အသာကလေး ဟ ၏။

ချောင်းကြည့်သည်။

အပြင်ဘက်မှာ စိုးဦး တွေနေသည်။

ကုလားထိုင်ပေါ်မှာ မဟုတ်။

ကြမ်းပြင်မှာ အောက်က ကော်ဇောခင်းထားပေမယ့် အေး မှာတော့ အမှန်ပါပဲ။

စိုးဦး ဘေးမှာ ပုလင်းတလုံး လဲနေသည်။

ညက စိုးဦး ထပ်သောက်သည်ဟု ယုံကြည်ရသည်။

တကယ်တော့ စိုးဦး အတိတ်က အဖြစ်အပျက်တွေကို တွေး လိုက်၊ နာကျည်းလိုက်၊ သောက်လိုက်နှင့် မိုးစင်စင်လင်းခါနီးမှ မူးပြီး အိပ်သွားခြင်း ဖြစ်သည်။

ညိုသူ တံခါးကြားမှ ချောင်းကြည့်တော့ စိုးဦး အိပ်ပျော် စပဲ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်က တတွတ်တွတ် ယောင်နေသည်။

ဘာမျှားပါလိမ့်ဟု ညိုသူ စူးစိုက် နားထောင်သည်။

"နှင်းသီတာ ကပ်ခွာမစုန်းမ၊ ငါ့ကို ပတ်သွားတယ်၊ ခုထိ ငါ့ကို နှိပ်စက်တုန်း၊ ခွေးမ၊ တိရစ္ဆာန်မ"

ပြန်ငြိမ်သွားပြန်သည်။

ညိုသူ စဉ်းစား၏။

စိုးဦး လူလည်ကျပြီး သီတာ ဆိုသော အမျိုးသမီး ကို ကြိမ်ဆဲပြနေသလား မသိ၊ ညိုသူ ကြားအောင် သူ့ မယား ဟောင်းကို ကြိမ်ဆဲနေသည် ထင်ရဲ့။

ငြိမ်ငြိမ်ကလေး နေလိုက်သည်။

စိုးဦး ညည်းသည်။

"ညိုသူရယ်....တကယ် ချစ်တာပါကွာ"တဲ့။

ညိုသူ မဲ့ပစ်လိုက်၏။

အါလောက်ကလေး ဟန်ဆောင် ကောင်းရုံနဲ့တော့ ညိုသူကို လှည့်ဖြား၍ မရ၊ စဉ်းစားကြည့်လေ၊ သူရိုးသားတယ် ဆိုယင် အခု နှင်းသီတာ အကြောင်းကို ကြိုကြို တင်တင် ပြောထားရမှာပေါ့။

အခုတော့ ကြည့်ပါဦး။

လက်ထပ်တဲ့နေ့အထိ ဘာတခွန်းမှ မဟ။

တော်သေးတာပေါ့။



ဒီအတောအတွင်း ညိုသူက သူ့ကိုယ်သူ စောင့်ထိန်းခဲ့လို့ ခုတော့ လက်ထပ်လိုက်ခြင်းသာ ရှိသည်။

သူ အပျိုပါပဲ။

ဒါပေမယ့် နာတော့သွားပြီ။

ဘယ်သူက ယုံမတဲ့လဲ။

လူသိရှင်ကြား လက်ထပ်မင်္ဂလာပွဲ လုပ်ပြီးပါမှ သူ့ကို ဘယ်သူက အပျိုပါပဲလို့ ယုံတော့မှာလဲ။

နောက် သုံးလလဲ နေရဦးမတဲ့။

အဲသလိုဆို့ ပိုဆိုးမှာပေါ့။

ဘာပဲဖြစ်ဖြစ်လေ၊ ဒီလူနဲ့ ကြာရှည်သဖြင့် မပေါင်းရတာပဲ ကံကောင်းတယ်လို့ ဆိုရတော့မှာပေါ့။

ဒီသုံးလအတွင်း ဘယ်လိုနေရမလဲ။

သတ်သတ်စီပေါ့၊ ဒင်း ကို အနားကပ် မခံနိုင်ပါဘူး၊ မုန်းတယ်၊ သူနဲ့ ဝေးဝေးနေချင်တယ်။

နက်ဖြန် ပေလီကိုသွားဖို့ လက်မှတ်ဝယ်ထားတယ်၊ ကောင်းတယ်၊ ပေလီကို သွားမယ်။ ဟိုမှာ အကြာကြီးနေမယ်။ သူ မလိုက်ခဲ့နဲ့ပေါ့။ တယောက်တည်းသွားမယ်။

ပေလီမှာ ပျင်းတဲ့အခါကျတော့ တခြား တနေရာရာသွားမယ်။ ရန်ကုန်မှာ မနေချင်ဘူး။ ခဏတဖြုတ် နေရယင်လည်း အဖေတို့ဆီ နေ့တိုင်းအလည်သွားမယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီကြားထဲ အလုပ်တခုခု ရှာထားဦးမှ။

သူနဲ့လမ်းခွဲပြီးယင် ကိုယ့်ဝမ်း ကိုယ်ကျောင်းဖို့ လိုလာပြီး မဟုတ်လား။

သူ့ဆီက ပိုက်ဆံကို တပြားသားမှ မယူချင်ဘူး၊ ဒီ သုံးလ အတွင်းမှာလဲ မယူဘူး။

တံခါးကို ပြန်ပိတ်မည်အပြုတွင် ညည်းသံကြားရသည်။

ကြည့်လိုက်တော့ စိုးဦးလုံချည်ကို ဆွဲခြုံနေသည်။

ချမ်းနေထင့်။

ချမ်းပေါ့၊ ချမ်းလို့ သေသေ၊

တံခါးကို ပိတ်ပစ်လိုက်၏။

ရေချိုးခန်း ဝင်သည်။

အမွှေးအကြိုင်တွေ စုံလင်စွာနှင့် ခမ်းနားသော ရေချိုးခန်း ပါပဲ။

ဒါပေမယ့် ဒီခမ်းနားမှုတွေက စက်ဆုပ်စရာချည်းပါ ဟု ညိုသူ တွေးမိသည်။

အဝတ်လဲလို့ ပြီးတော့ အခန်းတံခါး ပြန်ဖွင့်သည်။

အပြင်ကို ကြည့်သည်။

စိုးဦး တခိုက်ခိုက်တုန်နေသည်။

ဒါလောက်လဲ ချမ်းတာ မဟုတ်ပဲနဲ့၊ ဟန်က များတယ် ဟု စိတ်ထဲမှာ ပြော၏။



သို့သော် စိုးဦး ညည်းသံက ချမ်း၍ ညည်းသံမဟုတ်၊ စိတ်ပူသွားသည်။

ဖျားနေရော့သလား။

ခြေဖျားထောက်၍ အနားကပ်သည်။

စိုးဦး ဖျားနေပြီ။

ကိုယ်ကို စမ်းကြည့်မည် ပြု၏။

တော်ကြာ ဟန်ဆောင်ပန်ဆောင်လုပ်ထားပြီး သူ့ အနား ကပ်တော့မှ ဆွဲယူပွေ့ဖက်လိုက်လျှင်....

နဖူးစမ်းပြီး လက်က တွန့်ဆုတ်သွားသည်။

သို့သော် စိုးဦး ကိုယ်ငွေ့ကို အာရုံက သိလိုက်သည်။

မထိတထိ ကလေး စမ်းလိုက်သည်။

ကိုယ်တွေ ပူနေပြီ။

ညိုသူ ဘာလုပ်ရမှန်း မသိ ဖြစ်သွားသည်။

အောက်က သံမံတလင်းက အေးသကိုး။

ဖျားတော့မပေါ့။

ပြီးတော့ အကျႌပါးကလေးနှင့် အိပ်နေတာ။

အိမ်သူအိမ်သားများ လှမ်းခေါ်မည် ကြံ၏။

မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အရှင်သခင် စိုးဦးကို သိမ်မံတလင်းပေါ် ခွေလျက် အိပ်နေသည်ကို တညလုံး ပစ်ထားရကောင်းလားဆိုပြီး ညိုသူ့ကို အပြစ်ဖို့ နေကြဦးမည်။

ကိုင်း....

စိုးဦး ချိုင်းက ပွေ့ပြီ၊ လေးလှ၏။

ဒရွတ်တိုက်ဆွဲ၍ အခန်းထဲ သွင်းသည်။

'ခွေးမ၊ တိရစ္ဆာန်မ၊ ငါ့ လာမခေါ်နဲ့၊ နှင်းသီတာ ငါ တောင်းပန်ပါတယ်၊ ငါ့ကို ထပ်မနှိပ်စက်ပါနဲ့၊ နင်လိုချင်ယင် အကုန်ယူသွား၊ ရှိတာတွေ အကုန်ယူသွား၊ ငါ့ကိုမခေါ်နဲ့'

ပထမတော့ ညိုသူ နည်းနည်း ကြောင်နေမိသေး၏။

နောက်မှ စိုးဦး အဖျားတက်ပြီး ကယောင်ကတမ်း တွေ ပြောမှန်း သိလိုက်၏။

မြေ့ရာပေါ် ကိုယ်တပိုင်း ရောက်အောင်ဆွဲယူ။

'ဟင်....ဟင်....ဘာဖြစ်လို့လဲ'

စိုးဦး သတိမရတချက်၊ ရတချက် မေးသည်။

'အိပ်ရာပေါ်တက်နေပါ၊ ရှင် ဖျားနေတယ်'

စိုးဦးသည် သတိကို အတန်တန် ထိန်းပြီး အိပ်ရာပေါ်တက်၏။

သူ မဟန်နိုင်တော့ပဲ လဲသွားသည်။



'ညိုသူရယ် တောင်းပန်ပါတယ်ကွယ်' ဟု ညည်းညည်းညူညူ ပြောသည်။

'ဟိုဟာမကြောင့်....ဖြစ်တာ'

'တောက်....'

ညိုသူသည် အပြင်ကို အမြန်ထွက်၏။

အိမ်သူအိမ်သားတို့ နိုးလောက်ပြီဟု သူ မှန်းသည်။

နောက်ဖေးမီးဖိုဘက် ထွက်ခဲ့သည်။

စိုးဦး၏ အဒေါ်ကို တွေ့သည်။

'ကိုစိုးဦး ဖျားနေပြီ၊ ဘယ်လို လုပ်ရမလဲ ဒေါ်ဒေါ်'

အဒေါ်က ရယ်နေသည်။

'ဟုတ်လား....ဖျားသွားပြီလား၊ ဟန်လုပ်တာနဲ့တူပါတယ်။ ကိုဦးက ဒီလိုပဲ၊ အချော့ကြိုက်၊ ချော့လိုက် တူမ၊ ချော့လိုက်ခဏနေ ပျောက်သွားမှာ'

'မဟုတ်ဘူး ဒေါ်ဒေါ်ရဲ့၊ ကိုယ်တွေ တအား ပူတာ အအေးပတ်တယ်နဲ့တူတယ်။ ညက အင်္ကျီပါးလေးနဲ့ အိပ်တယ် စောင်လဲ.... အဲ....စောင်လဲမခြုံဘူး'

'ဖြစ်မှဖြစ်ရလေတယ်၊ ညိုသူကကော ဘာဖြစ်လို့ စောင်ခြုံမပေးတာလဲ'

'မသိလိုက်ဘူး ဒေါ်ဒေါ်ရဲ့'

'အင်း....လောကကြီး မေ့သွားတယ်ဆိုတာ ဒါမျိုးပေါ့ရဲ့၊ ကဲပါ....သိပ်စိတ်ပူမနေနဲ့၊ နည်းနည်းပါးပါး အအေးပတ်

www.burmeseclassic.com

www.burmeseclassic.com



တာလောက် ဖြစ်မှာပါ၊ သူ့သူငယ်ချင်း ဆရာဝန်ဆီဖုန်းဆက်လိုက်ပေါ့'

'ကျွန်မနဲ့ ဖုန်းနံပါတ် မသိဘူး'

'ဖုန်းဘေးနားက စာအုပ်ထဲမှာ ရှိပါတယ်ကွယ်၊ ဒေါက်တာကျော်စိုးလို့ ရေးထားတယ်'

ညိုသူ သက်ပြင်းချပြီး ပြန်ထွက်လာခဲ့သည်။

* * *

ဒေါက်တာကျော်စိုးက စမ်းသပ်သည်။

စိုးဦး သတိရနေပြီ။

'ကိုယ့် လူ များ သွားသလား၊ ညက....အရက်....ပြောတာဟား....ဟား....ဟား....'

စိုးဦး မချိ ပြုံး ပြုံးပြသည်။

'အေးကွာ၊ ကော့တေး ဖြစ်သွားတယ်၊ ပြီးတော့ ဆေးတွေ ဘာတွေ မခြုံမိဘူး ထင်ပါရဲ့'

'အဲ....ကောန် ဖွိုင့်ထားသေးသလား'

ညိုသူ့ကို လှည့်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'မဖွင့်ပါဘူး ဆရာ၊ ကျွန်မ အလုံပိတ်ထားတာပါ'

'တံခါးလား'

'ဟို....ဟုတ်ကဲ့'

'ဟာဟား....ဒါပေါ့ဗျ....ပိတ်ထားရမှာပေါ့'

'အဲ....ကောန် ဖွင့်မျှား ထားမိသလားလို့'

'ဟုတ်ကဲ့....ဟို....မဟုတ်ဘူး၊ လေအေးစက်လဲ ဖွင့်မထားမိဘူး'

ဒေါက်တာကျော်စိုးက ရယ်သည်။

'ကိုယ့်လူကတော့ ပြောစမှတ်မြစ်အောင်လုပ်နေတာပဲ၊ကိုယ်တော့ ရှောက်ပြောဦးမယ်၊ စိုးဦးတယောက် မိန်းမယူဘာဖျားသွားတယ်လို့၊ တုံးလုံးကို လဲအောင် ဖျားတော့တာပဲ၊ ဟား....ဟား....ဟုတ်ပေ့ဆိုတဲ့ ဝေတီပဲ'

ညိုသူ မျက်နှာမထားတတ်။

'မညိုသူ....သိပ်မစိုးရိမ်ပါနဲ့ဗျာ၊ ရိုးရိုးအအေးပတ်တာပါ၊ ညနေဆို ကောင်းသွားမယ်၊ ကျွန်တော် ဆေးတလုံးထိုးပေးခဲ့တယ်'

* * *

ဆရာဝန် ပြန်သွားတော့ ညိုသူက စိုးဦးကို သောက်ရမည့်ဆေးပြွားကို ပြပြီး....

'ဒါက ခုသောက်ရမှာ၊ နောက် ဟိုကတ်ပြားလေးထဲက ဆေးတောင့်တွေက ခြောက်နာရီခြား၊ အဖြူပြားကြီးတွေနဲ့ တွဲသောက်ရမှာ၊ ဟို ဆေးသေးသေးလေးက ညမှ သောက်ရမှာ၊ အရက်မသောက်ရဘူးတဲ့'

'ဟို....ဒီ.... ခုတင်ပေါ် ဘယ်လို ရောက်လာမှန်း မသိဘူး ညိုသူ၊ မူးမူးနဲ့ ဝင်လာမိတာလား၊ မဟုတ်ပါဘူးနော်'

'မဟုတ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အင်းပါ....ကိုယ်ဒါလောက် မရမ်းကားပါဘူး၊ ကိုယ့်ကို အခန်းထဲ ဆွဲခေါ်တာ ညိုသူလား'

'ဒါပေါ့....ဘယ်သူရှိလို့လဲ'

'ညိုသူက ဒီအခန်းထဲ ခေါ်လာတာနော်၊ ကိုယ်က အတင်းဝင်တာ မဟုတ်ဘူး'

'ဟုတ်ပါတယ်၊ အပြင်မှာ ကြည့်မကောင်းလို့ ဆွဲမခဲ့တာ၊ ဒီနေ့ညတော့ ရှင်ပဲ အခန်းထဲမှာ အိပ်လိုက်ပါ၊ ကျွန်မ အပြင်မှာ အိပ်ပါ့မယ်'

'စိတ်ချပါ ညိုသူရယ်၊ ကိုယ် လူရမ်းကား မဟုတ်ပါဘူး'

'ကျွန်မ....ရှင့်ကို မယုံဘူး'

'အင်းလေ....သဘောပါပဲ၊ ညိုသူ့ လက်ထဲမှာ ကွာရှင်းစာချုပ် ရောက်နေပြီးပါပြီ၊ ဘယ်နည်းနဲ့မှ ရမ်းကားလို့ မရပါဘူး၊ အဲဒီလို စိတ်ကူးလဲ မရှိပါဘူး ညိုသူ၊ စိတ်ချမ်းသာသလို သာ နေပါ'

တဘက်သို့ လှည့်သွားသည်။

'သူသောက်ရမယ့်ဆေး ဒီမှာထားခဲ့မယ်'

ညိုသူသည် အိပ်ရာဘေးက ခုတင်နှင့် တွဲလျက် မီးတင်ခုံကလေးပေါ်တွင် ဆေးပြား ဆေးတောင့်ကလေးများနှင့် ရေတခွက် ချထားပေးလိုက်သည်။

ပြီးတော့ အခန်းပြင်ထွက်ခဲ့၏။



အိပ်ခန်းအပြင်ဘက်မှာက စိုးဦး၏ အလုပ်စားပွဲကလေးတလုံးနှင့် စာအုပ်စာတမ်း၊ ဖိုင်တွဲများထားသည်။ ဗီရိုတလုံးရှိသည်။ အညောင်းပြေထိုင်ဖို့ နိုင်လွန် ပက်လက်ကုလားထိုင်တလုံးရှိသည်။ အခြားခုံတလုံးလည်း ရှိသည်။

ခုံဘလုံးမှာ ဝင်ထိုင်သည်။

စားပွဲပေါ်က ဂျာနယ်တစောင်ကို ယူကြည့်သည်။

ဖတ်ဖို့ စိတ်က မပါ။

ဒီနေ့အဖို့ သူ့အဖေအိမ်သွားရန် မသင့်တော်။

စိုးဦး ဖျားနေသည်ကို ပစ်ထားခဲ့ပြီး အဖေတို့ဆီ သွားနေလျှင် အပြစ်ပြောခံရဦးမည်။

မှန်းကျပ်လှပါကလား။

တခုတော့ ထွက်ပေါက်တွေ့ပြီ။

နက်ဖြန်နံနက် ပေလီသွားဖို့ လေယာဉ်လက်မှတ် အဆင်သင့်လုပ်ပြီးပြီ၊ ကိုစိုးဦး ဖျားနေလျှင်လည်း နေခဲ့ပေါ့။

ဟင်း....ဒီလိုလဲ မဖြစ်ပြန်။

မှိုင်တွေတွေနှင့် လက်ကလေးထောက်ပြီး ငိုင်နေမိသည်။

လျှပ်လက်လိုက်သလို ဖြတ်ကနဲ မီးပွင့်သွားသည်။

လှည့်ကြည့်တော့ စိုးဦး။

အခန်းဝမှာ စောင်ကြီး ခြုံလျက် လက်ထဲမှာ ကင်မရာနှင့်။

ကင်မရာက ဖလက်ရှ်ဂန်း ပွင့်သွားခြင်း ဖြစ်သည်။

စိုးဦး ပြုံးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုး စတွေ့တုန်းကတော့ ပြုံးနေတဲ့ ပုံလှလှလေးရတယ်၊ ခုတော့ မှိုင်နေတဲ့ ပုံကလေးရတယ်၊ ဒါဆို လုံလောက်ပါပြီ ညိုသူရယ်၊ ကိုယ့်ဘဝမှာ ညိုသူ့ ဓာတ်ပုံကလေး နှစ်ပုံနဲ့ပဲ ကျေနပ်နေလိုက်ပါတော့မယ်'

ပြောပြီးပြီးချင်း ပြန်လှည့်ဝင်သွား၏။

ခက်လှပါသော်ကောဟု ညိုသူ ညည်းမိသည်။

*　　　*　　　*

ပေလီကို နှစ်ယောက်အတူတူ လာဖြစ်ကြပါသည်။

လေယာဉ်ပေါ်မှာ စိုးဦးက ညိုသူ့ကို နှင်းသီတာလွင်နှင့် ပတ်သက်ခဲ့သော ကိစ္စများကို ပြောပြ၏။

'ညိုသူ့ လက်ဖျားကလေးတော့ ကိုင်ထားပါရစေ' ဟု ခွင့်တောင်းပြီး လမ်းတလျှောက်လုံး လက်ဖျားကလေးကို နွေးထွေးစွာ ဆုပ်ထားခဲ့၏။

'ဟန်မပျက်ပဲ ခဏနေကြတာပေါ့ ညိုသူရယ်၊ ဒီအလေတာ အတွင်းမှာ ညိုသူ့စိတ်တိုင်းကျ နေပါ၊ ဧည့်ဆောင်မှာပဲ ကိုယ်တို့ တည်းကြမယ်၊ အပြင်ခန်းက လေသိပ်တိုက်တယ်လို့ ပြောပြီး

www.burmeseclassic.com

www.burmeseclassic.com



ထရံကလေး တချပ်လောက် ကာခိုင်းတာပေါ့၊ ကိုအုန်းစိန်ကြီးက ဒါလောက်တော့ ကူညီလိမ့်မယ် ထင်ပါရဲ့’

‘ကျွန်မ ပေလီမှာ နေခဲ့ချင်တာ’

‘သဘောပါ၊ ကိုယ်က သူ့ကို မပိုင်ပါဘူး၊ ညိုသူကသာ ကိုယ့်ကို ပိုင်တာပါ’

ညိုသူ ဘာမျှ ပြန်မပြော။

သူနှင့် စကားတွေ အများကြီး မပြောချင်။

*　　*　　*

လေယာဉ်သည် ပင်လယ်ပြာကြီးထဲသို့ ထိုးဆင်းနေသည်ဟု ထင်ရ၏။

မဇင်လေဆိပ်က ပင်လယ်အစပ်မှာ မဟုတ်လား၊ ရှုတ်တရက်အောက်ကို ကြည့်လျှင် လေယာဉ်ကြီး ပင်လယ်ထဲ ထိုးကျသွားမှာပဲဟုပင် တွေးရှိ ထိတ်စရာ ကောင်း၏။ လေယာဉ်မှူးထို့အနေနှင့်ကတော့ ရိုးရိုးကွင်းတွေ ဆင်းတာနှင့် ဘာမျှမခြားနားပင်လယ်ကမ်းစပ်ကွင်းဆိုတော့ မိုးလေ အနှောင့်အယှက် ကင်းလျှင် အခြားကွင်းများကို ဆင်းရသည်ထက်ပင် ရှင်းရှင်းလင်းလင်း ရှိသေး၏။

www.burmeseclassic.com

www.burmeseclassic.com



မဇင်လေဆိပ်မှာ ကိုအုန်းစိန်ကြီးနှင့်တကွ ဒေါ်ကြီးစိန်တို့ ပါလာကြိုနေ၏။ လေယာဉ်ပေါ်က ဆင်းခါနီးတော့ ညိုသူသည် စိုးဦးလက်ထဲမှ သူ့လက်ဖျားကလေးကို မသိမသာ ရုတ်၏။

စိုးဦးက လက်ကိုတချက် ဖျစ်ညှစ်သည်။ ပြီးတော့ သက်ပြင်းချသည်။

'ကိုယ် ဘယ်လောက်ထိ ဒဏ်ခတ်ခံရဦးမလဲ မသိဘူးနော်'

ညိုသူ ဘာမျှ ပြန်မပြောသော်လည်း ရင်ထဲ နည်းနည်းတော့ လှိုက်မိသည်။

ဟော.... လေယာဉ်ကွင်းကို ဆင်းမိပြီ ကိုအုန်းစိန်ကို တွေ့သည်။

စိုးဦးက သူ့နားရင်းကို သူပြန်စမ်းယင်း 'နားရင်းပူတုန်းရှိသေးတယ် ကိုအုန်းစိန်ကြီးရေ' ဟု နှုတ်ဆက်သည်။

ညိုသူ....ဟိုးနားက ကွင်းဘက်သို့ ကြည့်နေသည်။ အိမ်ကလေးကို တွေ့သည်။ ကိုအုန်းစိန်ကြီးက သူ့ကို လှမ်းအရိုက်မှာ စိုးဦးက ကြားဝင်ခံ၍ နားရင်းထိ သွားသည်ကို ပြန်လည်မြင်ယောင်၏။

သူ့လက်ကိုဆွဲ၍ လေဆိပ်သို့ လာကြသည်ကို မှတ်မိ၏။

ခုလိုပဲ လေယာဉ်ဆိုက်မှာ ရေးသည့်တယောက်က 'ဦးစိုးဦးလား ဒီမှာ လူကြုံပါးလိုက်တာတွေ' ဟု ပြောယင်း ဓာတ်ပုံတွေ ထုတ်ပေးလိုက်သည်ကို အမှတ်ရသည်။



ဓာတ်ပုံတွေ ကြည့်ကြတော့..

ညိုသူ့ အလှတွေ ရောင်စုံလက်နေသည်။ နှစ်ယောက်သား လမ်းပြေးဘတ်စ်ကားနှင့် လိုက်ခဲ့ခြင်းကို သတိရသည်။

* * *

ညှော်ဆောင်မှာ သီးခြား စီစဉ်ထား၏။ ကိုအုန်းစိန်ကြီးသည် ဝရန်တာကိုပင် သဘောဆေး ပန်းရောင်ကလေး သုတ်ပေးထား၏။ တကယ့်ကို နေချင်စဖွယ်ပါ။ 'ကျွန်တော်က ဖျားပြီးစမို့ အစ်ကိုအုန်းရယ်၊ ရွှေ့ခန်းမှာ ထရံ နှစ်ချပ်လောက် ဝယ်ပြီး ကာပေးပါလား၊ လေအတိုက် သိပ်မခံနိုင်သေးလို့'

ညှော်ဆောင်ကို ရောက်လျှင် ရောက်ချင်းပင် စိုးဦးက ပိုက်ဆံထုတ်ပေးပြီး ကိုအုန်းစိန်ကို အကူအညီတောင်း၏။

* * *

မိတ်ဆွေဟောင်းများကို ဟန်ဆောင်ပန်ဆောင်နှင့် နှုတ်ဆက်ရသည်မှာ မောစွ။

အားလုံးကတော့ ကောင်းချည်းပေးနေကြသည်။

နေနဲ့လ ရွှေနဲ့ မြပေ၊ မိုးမှန်ခအောင် ပြောနေကြသည်။

စိုးဦးသည် မကြာခဏ တွေတွေ သွားတတ်သည်။

ညကျတော့ ကာလသားများ စုပြီး ထမင်းချက်စားကြသည်။ ကိုအုန်းစိန်က ခေါင်းဆောင်။ နောက်ကြ ပြောကြသည်။

www.burmeseclassic.com



ယောက်ဖမတော်ရခင် ကတည်းက နားရင်းအုပ်ထားတာ ငါကွဟု ကိုအုန်းစိန် မူးမူးနှင့် အပျော်သဘော ပြော၏။

နားရင်းတချက် အုပ်မိတာနဲ့ နှမပေးလိုက်ရတာ နာသကွာ' ဟု သူ့သူငယ်ချင်းများက နောက်ကြသည်။

သူတို့ အားလုံး ပျော်နေကြသည်။

စိုးဦးက နေကောင်းခါစမို့ နားပါရစေဟု တောင်းပန်သောအခါ....

'ဟားဟား.... ကိုယ့်ဆရာ မိန်းမရမယ်မှ မကြံသေးဘူး ဖျားပြီလား' ဟု စကြပြန်သည်။

သူတို့ ပျော်ကြပေမယ့် စိတ်ကျပ်တည်းနေသည်ကတော့ စိုးဦးတို့ နှစ်ယောက်။

ညဥ့်မနက်မီ ညော့်ဆောင်ပေါ် တက်ခဲ့ကြ၏။

မှန်အိမ်မီးလေးက လဲ့လဲ့ကလေး တောက်နေသည်။

ပင်လယ်လေက ဝ.ဖြူးဖြူး....

အိပ်ခန်းထဲကို စိုးဦးဝင်၏။ စောင်နှင့် ခေါင်းအုံးယူပြီး ချက်ချင်း ပြန်ထွက်လာသည်။ ညိုသူ ဝရန်တာမှာ ရပ်နေဆဲ။

'အခန်းထဲ ဝင်အိပ်ချေတော့ ညိုသူ၊ မနက်ဖြန် မနက်ကျ ကိုယ်ပြန်မှာပါ၊ လက်မှတ်လုပ်ပြီးပါပြီ'

'ညိုသူ ဒီမှာ ပျော်သလောက်နေပေါ့'

'အပြန်ကျယင်တော့ ဒေါ်ကြီးစိန်ကိုပါ အဖော် ခေါ်ခဲ့ပေါ့'

စိုးဦးသည် အပြင်ဘက်မှ ကုလားထိုင်ကလေးတွေ အရှုံ့ကြမ်းများက လေတွေတိုးနေသည်။



စောင်တထည်ကို ခင်း၏။ ခေါင်းအုံးကို ချ၏။ သူ့လက်ဆွဲအိတ် အမည်းပြားကို ဖွင့်၏။

ငွေစက္ကူထုပ်တထပ်ကို ယူသည်။

ညိုသူ လက်ပွေ့အိတ်ထဲ ထည့်ပေး၏။

'ကျွန်မအတွက် ငွေတွေ အများကြီး မလိုပါဘူး၊ အပြန်စရိတ်လောက် ရယင် တော်ပါပြီ၊ ဒါတောင် ကျွန်မတို့မှာ မရှိလို့ပါ'

စိုးဦးသည် ညိုသူ၏ စိမ်းကားသော စကားကြောင့် ရင်နင့်မိသည်။

'ငွေဟာ တခါတလေမှ တန်ဖိုးရှိတယ်ဆိုတာ ကိုယ်သိပြီးပါပြီ ညိုသူရယ်၊ ဒါက ညိုသူ လိုရမယ်ရ သုံးဖို့ ထားခဲ့တာပါ၊ မသုံးချင်လဲ....အေးလေ.... ညိုသူ သုံးချင်သလောက်ပဲ သုံးပေါ့၊ ကိုအုန်းစိန်ကြီးတို့ သားအမိကိုတော့ အသင့်အတင့် ပေးခဲ့ပါဦး၊ ဒါမှ မဟုတ် ကိုယ်ပေးခဲ့ပါ့မယ်'

'အစ်ကိုအုန်းတို့ကို ပိုက်ဆံမပေးပါနဲ့၊ သူတို့က ပိုက်ဆံလိုချင်လို့ ကျွန်မကို ကိုစိုးဦးလက်ထဲ ထည့်ခဲ့တာမှ မဟုတ်ပဲ'

'အဲဒီ ငွေနဲ့ ပတ်သက်တဲ့ စကားတွေကို ရပ်ပစ်လိုက်ဖို့ အချိန်တန်ပါပြီ ညိုသူ'

ပင်လယ်ဘက်ကို မျှော်ကြည့်သည်။

'ငွေနောက်ကို တကောက်ကောက် လိုက်မိတဲ့ လူဟာ ပင်လယ်ရေကို သောက်မိသလိုပါပဲ၊ သောက်လေငတ်လေပြေပေါ့၊ ကိုယ်အရင် တခါကငွေကိုကစားဖို့အတွက် ငွေနောက်လိုက်ယင်း

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သိက္ခာရော ငွေရော ရှုံးခဲ့ပါတယ်၊ အဲဒီထက် ဆိုးတဲ့ အမည်းကွက်တခုလဲ စွန်းခဲ့ပြီးပါပြီ’

‘နှင်းသီတာလွင်ကို ကိုယ်တပ်မက်စိတ်နဲ့ ယူခဲ့တာဟာ အမည်းကွက်ကြီးပါပဲ၊ တခုတော့ ရှိပါတယ် ညိုသူ၊ နှင်းသီတာနဲ့ ကိုယ်နဲ့ဟာ ငွေအရ အလဲအလှယ် လုပ်ခဲ့ကြတယ်ဆိုယင် မမှားပါဘူး၊ သူလိုချင်တဲ့ငွေ သူရသွားတယ်၊ ကိုယ်လိုချင်တဲ့ တပ်မက်မှုကို ကိုယ်ခဏ ရလိုက်တယ်၊ ဒါပေမယ့် အဲဒီ အရင်းအနှီးဟာ ကြီးလွန်းပါတယ်၊ ငွေအရ ပြောတာ မဟုတ်ပါဘူး ညိုသူ၊ ကိုယ်တကယ်ချစ်တဲ့ ညိုသူ့ကိုကျတော့ ကိုယ်မရတော့ဘူး၊ အဲဒီ ဆုံးရှုံးမှုက ကြီးပါတယ်၊ ညိုသူ့ကို ကိုယ် ကိုယ်ကျင့်တရားနဲ့ သက်သေပြပါရစေတော့၊ ညိုသူ ကိုယ့်အပေါ်မှာ စိတ်ဆိုးမပြေသမျှ ကာလပတ်လုံး ညိုသူ့ အနားမှာ ကိုယ်မနေပါဘူး၊ အဝေးက ချစ်ပါ့မယ်၊ ခေတ်ပုံက လေးတွေကိုပဲ ကိုယ်ယူထားပါ့မယ်၊ တချိန်ချိန်မှာပေါ့ ညိုသူ ကိုယ့်ကို ချစ်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ချစ်တာနဲ့ တပ်မက်စွဲလမ်းတာနဲ့ တခြားစီဆိုတာကို ကိုယ်သဘောပေါက်ခဲ့ပါပြီ၊ အခန်းထဲဝင်ကွယ်၊ အပြင်မှာ အေးပါတယ်’

ညိုသူ ငိုင်ကြည့်နေမိသည်။

စိုးဦးသည် အနွေးထည် ဟထပ်ထပ် ဝတ်လိုက်၏။ ခေါင်ကို ကိုယ်မှာ ပတ်၏။

ညိုသူ့ကို ကြည့်သည်။ ကြည်လင်စွာ ပြုံးပြ၏။

‘အိပ်တော့လေ ညီမလေး’



ညိုသူ အခန်းထဲကိုဝင်၏။ ကြမ်းကြားမှ တိုးနေသော လေကို ဂရုစိုက်မိသည်။

နေမကောင်းဖြစ်ပြီးစ ဒီလေနဲ့ တညလုံး အိပ်လို့ ဖြစ်ပါ့မလား။

တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

‘အထဲက ကန့်လန့်ချထားပေါ့ကွယ်’

‘မဟုတ်ဘူး၊ အပြင်မှာ သိပ်အေးမယ်’

လွတ်ကနဲ စိတ်ထဲရှိတာ ပြောပစ်လိုက်သည်။

‘ဒါလောက် မဟုတ်ပါဘူး ညိုသူရယ်၊ ကိုယ်နေကောင်းနေပါပြီ’

စောင်ခြုံလိုက်သည်။ ကြမ်းပေါ်မှ အောက်က အခင်းစောင်သည် ဖြတ်ကနဲ ခါ၏။ လေက တချက်ဆောင့်ဆိုးလိုက်သကိုး။ ညိုသူ စိုးဦး အနားသို့ လာထိုင်သည်။

‘မနက်ကျမှ အေးပြီး တောင့်နေမယ်၊ ကျွန်မအပြစ် ဖြစ်နေပါဦးမယ်’

‘ဒါဖြင့် အခန်းထဲ ဝင်အိပ်ရမှာလား’

‘အစ်ကိုစိုးဦး အထဲမှာ အိပ်ပါ၊ ကျွန်မ အပြင်မှာ အိပ်ပါ့မယ်’

‘နှစ်ယောက်စလုံး အပြင်မှာ အိပ်ယင်ကော’

စိုးဦးက ညိုသူ့ လက်ကလေးကို ဆွဲယင်း ပြောသည်။

‘အိုး....မတော်တာ’

‘ညိုသူ ကိုယ့်အတွက် စိုးရိမ်သလား’

ညိုသူ သက်ပြင်း ခိုးရှိုက်လိုက်သည်။ စိုးဦးက...

www.burmeseclassic.com



ညိုသူ့ ကိုယ်ကလေးကို အသာဆွဲယူ၏။

ခေါင်မိုးပေါ် ခဲသေးသေး နှစ်လုံးကျလာ၏။

'ခဲဖိုးဟေ့'

အစ်ကိုအုန်းစိန်ကြီး၏ အသံ။

သူ မူးနေပြီ။ ပျော်လွန်းနေသည် ထင်၏။

'သူတို့က တို့ကို လင်မယားအစစ်လို့ ထင်နေကြပြီနော်'

စိုးဦး တိုးတိုး ပြောသည်။ ပြီးမှ....

'ရပါမယ်ဗျာ၊ ချက်ချင်း လာခဲ့ပါမယ်'

'ဒီလိုမှပေါ့ ယောက်ဖရ၊ ခဲဖိုးမရယင် နားရင်းထပ်ရိုက်မယ်ဟေ့၊ ဟား....ဟား....ဟား'

စောင်ခြုံကြီးနှင့် စိုးဦး ဆင်းသွားသည်။

'ပျော်လို့ပါဗျ၊ ဘာမှ ထပ်မလိုပါဘူး၊ ကဲ....ပြန်အိပ်တော့၊ နောက်ထပ် ခဲနဲ့ ထုမယ့်လူ မရှိတော့ဘူး၊ နောက်တခါ ထုယင် အဲဒီကောင်ကို ကျုပ် ထွက်တွယ်လိုက်မယ်၊ အိပ်ပေတော့ ယောက်ဖရေ'

စိုးဦး ပြန်တက်လာတော့ ပင်လယ်လေက ပြင်းပြင်းကလေး တချက် ဝှေ့လိုက်၏။

မီးအိမ်ကလေး ငြိမ်းသွားသည်။

'အို့'ဟု အသံကြားရ၏။

ပြီး၏။

မောင်ဝဏ္ဏ

www.burmeseclassic.com